ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက် ၊ သောကြာနေ့ ၊ (6-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၉၀)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ ၅၆၀ ရှိသည့်အနက် စာမျက်နှာ ၈ ကော်လံ ၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာ၊ လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းသမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုစဉ်။

နေပြည်တော် နိုဝင်ဘာ ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နိုင်ငံရေးဌာနအကြီးအကဲ Major General Phanseng Bounphan နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတဝမ်းဖွဲ့ဖြင့် စာမျက်နှာ ၁၇ ကော်လံ ၁

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၆၈/၂၀၂၆)
၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်)

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၈၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၂၇ ခုနှစ် ဧပြီ ၄ ရက်)တနင်္ဂနွေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည် -

စာမျက်နှာ ၁၈ ကော်လံ ၁

ရတနာပုံ ယနေ့ဗတ်စရာ

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ စာမျက်နှာ - ၁၈

၂၀၂၆ ခုနှစ် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည် စာမျက်နှာ - ၂၆

ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ် ၁၂ မျိုး မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် စတင်ဝင်ရောက်ကျက်စား

ရန်ကုန် နိုဝင်ဘာ ၅

ငှက်မျိုးစိတ်ကြွယ်ဝသည့် မြန်မာနိုင်ငံတွင် ယခုဆောင်းဦးရာသီ၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ် ၁၂ မျိုး မိုးယွန်းကြီးအင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတွင် ဆောင်းခိုငှက်များအဖြစ် စတင်ဝင်ရောက်ကျက်စားနေပြီဖြစ်ကြောင်း သိရသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆောင်းရာသီတွင် ရေဝပ်ဒေသများနှင့် ဘေးမဲ့တောများရှိရာသို့ ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားမှုအခြေအနေပြောင်းလဲနိုင်မှုကို စောင့်ကြည့်နေကြပြီး စာမျက်နှာ ၂၅ ကော်လံ ၁

ဆောင်းခိုငှက်ကြိုးကြာငှက်ကို တွေ့ရစဉ်။



ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချ

နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုကို နောင့်ယှက်ဖျက်ဆီးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်တွင် အကြမ်းဖက်လုပ်ရပ်များလည်း ပါဝင်ပေသည်။ ထိုကဲ့သို့သော လုပ်ရပ်များကို မည်သည့်လူဘောင်အဖွဲ့အစည်းကမျှ လက်ခံကြမည်မဟုတ်ပေ။ ထို့ကြောင့် အကြမ်းဖက်လုပ်ရပ်ဟူသမျှကို ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပေသည်။

မြန်မာ့တပ်မတော်အနေဖြင့် ထိုင်းနိုင်ငံနှင့် ကာလရှည်ကြာသော မိတ်ဆွေဖက်ချစ်ကြည်ရင်းနှီးမှုရှိပြီး တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုများမြင့်တင်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မလိုလားသော KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နယ်စပ်ဒေသများတွင် နှစ်နိုင်ငံပြည်သူများ ထိခိုက်စေရန် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့အပြင် ပြည်သူများအထင်အမြင်လွဲမှားမှုများဖြစ်ပေါ်စေရန် နည်းလမ်းမျိုးစုံဖြင့် အွန်လိုင်းမီဒီယာများတွင် ကောလာဟလသတင်းများပျံ့နှံ့အောင်လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုပျက်ပြားစေရန်ရည်ရွယ်၍ နှစ်နိုင်ငံနယ်စပ်တွင် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ၁၂ ဒသမ ၇ မမ စက်သေနတ်ကြီးဖြင့် ပစ်ခတ်ခံရမှုကြောင့် ထိုင်းပြည်သူတစ်ဦးထိခိုက်ဒဏ်ရာရခဲ့သည်ဟုသိရပြီး မြန်မာ့တပ်မတော်၌ အဆိုပါလက်နက်အသုံးပြုမှုမရှိသည်ကို ထိုင်းတပ်မတော်တာဝန်ရှိသူများထံ အသိပေးပြီးဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများက နှစ်နိုင်ငံချစ်ကြည်ရေးကိုပျက်ပြားစေရန် ထိုင်းနိုင်ငံနယ်နိမိတ်အတွင်းသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပေရာ အကြမ်းဖက်သမားတို့၏ ဆန်ကောလောက်မှဇောက်မနက်ယုတ်မာရိုင်းစိုင်းသောလုပ်ရပ်မျိုးကို ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်သည်။

အလားတူ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသောပြည်သူများ ထိခိုက်ဒဏ်ရာရှိစေရန်နှင့် အကြောက်တရားများလွှမ်းမိုးစေရန်ရည်ရွယ်၍ ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူသွားလာအသုံးပြုနေသည့်လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထို့အတူ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများဆုံးရှုံးပြီး ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကိုခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့လုပ်ဆောင်လျက်ရှိပေသည်။

အကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သောပစ်မှတ်မဟုတ်ဘဲ အပြစ်မဲ့အရပ်သားပြည်သူများအေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခတ်ခြင်း၊ အများပြည်သူသွားလာလှုပ်ရှားနေသည့်နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်ခဲ့မှုများအပြင် မြန်မာ-ထိုင်းနှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခဲ့မှုအဖျက်လုပ်ရပ်များအပေါ် ကန့်ကွက်ရှုတ်ချပါကြောင်း ရေးသားလိုက်ရပေသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



ချောင်းဦး နိုဝင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၀၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲခင်းများကို ယခုနှစ် သြဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၄ ဒသမ ၃၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲ ၅၀၅၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းတဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်း၊ တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပို့ကျွံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

ညောင်တုန်းမြို့နယ်တွင် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေ



ညောင်တုန်း နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညီညီက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အာလူးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါအာလူးများ တစ်ရက်လျှင် ပိသာချိန် ၁၅၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဒီဘက်ကထွက်ရှိတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်။ အခုလို အာလူးတွေ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းလာတော့ အာလူးစိုက်သူတွေ၊ အာလူးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ၊ လုပ်သားတွေနဲ့ ကုန်တင်ယာဉ်အငှားလိုက်သူတွေပါ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ညောင်တုန်းမြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညီညီက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် အရောင်းအဝယ်ကောင်းနေသည့် အာလူး တစ်ပိသာလျှင် ငွေကျပ် ၄၀၀၀ မှ ၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝမ်းတွင်းမြို့နယ် သနပ်ခါးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနပ်ခါးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့်တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၃၉ ဒသမ ၄၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သနပ်ခါးတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ် ၃၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၄ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၉ ဒသမ ၄၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၉၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၈၅၊ ဖြန့်ချိရေး-၀၂-၄၀၃၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

ရမည်းသင်းမြို့နယ် ဆည်တွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

ရမည်းသင်း နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်တွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆည်တွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆည်တွင်းကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၁ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ပိုးသခင်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဧရိယာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့ ဒီပဲရင်းကွဲရွာနေ ဦးစန်းမောင် မိသားစုက တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဧရိယာဒါနသံဃာ့ဆေးရုံကြီး၏ဆေးရုံအုပ် ဒေါက်တာဦးမြတ်ကျော်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးယုတင်နှင့် ရုံးအဖွဲ့မှူး ဦးထွန်းအောင်ကျော်တို့က လက်ခံရယူစဉ်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စွန်တာနီပဲ ၁၀၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဝက်လက် နိုဝင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စွန်တာနီပဲ ၁၀၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စွန်တာနီပဲဧက ၃၁၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စွန်တာနီပဲဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ စွန်တာနီပဲဧက ၃၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စွန်တာနီပဲကို အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် စွန်တာနီပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စွန်တာနီပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စွန်တာနီပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

သာစည်မြို့နယ် အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အင်းကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၁ သိန်း ၃ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၀ သိန်း ထုတ်ချေးငှားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧရာပဒေသာစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကန်ကြီးထောင့် နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧရာပဒေသာစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဧရာပဒေသာစပါးတင်းရေ ၃၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဧရာပဒေသာစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အောက်တိုဘာလအတွင်း ဧရာပဒေသာစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန်ကြီးထောင့်မြို့နယ်ကနေ ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဧရာပဒေသာစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ အဲဒီဧရာပဒေသာစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်လာတာဖြစ်ပါတယ်။ ဧရာပဒေသာစပါးတွေ တင်ပို့အားကောင်းနေတော့ တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧရာပဒေသာစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ တင်ပို့ရောင်းချအားကောင်းလာသည့် အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



လက်တွေ့မပါတဲ့ သဘောတရား

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

စာရေးသူ ရွှေသမင်စာပေတိုက်တွင် ၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်ထိ စာပြင်ဆရာလုပ်ခဲ့သလို ရွှေသမင်မဂ္ဂဇင်းတွင် အယ်ဒီတာလုပ်ခဲ့ဖူးသည်။ တိုက်ပိုင်လုံးချင်းရေးသူ စာရေးဆရာ၊ ဆရာမ ၁၅ ဦးခန့် ရှိခဲ့သည်။ ရတနာပွန်ဘာသာရေးမဂ္ဂဇင်းလည်း ရှိသည်။ ထို့ကြောင့် စာရေးဆရာ၊ ဆရာမမျိုးစုံနှင့် လည်း တွေ့ဆုံရင်းနှီး ကျွမ်းဝင်ခဲ့ရသည်။

စာရေးဆရာ၊ ဆရာမမျိုးစုံထဲတွင် လုံးချင်းရေးကြသူများ၊ မဂ္ဂဇင်းတွင် ရေးသားကြသူများစုံလင်လှသည်။ ပန်းချီဆရာများနှင့် ကာတွန်းဆရာများလည်း ပါဝင်သည်။ ရွှေသမင်မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ကို ဆရာလယ်တွင်းသားစောချစ်က တာဝန်ယူပြီး ကဗျာကဏ္ဍတွင် မောင်စိန်ဝင်း(ပုတီးကုန်း)၊ တာဝန်ခံအယ်ဒီတာ ဦးစိုးမြင့်(ပဝစိုး)နှင့် အမှုဆောင်အယ်ဒီတာက စာရေးသူဖြစ်သည်။

ရွှေသမင်မဂ္ဂဇင်းတွင် ထိုအချိန်က စာမူခတစ်ပုဒ် ငွေကျပ် ၆၀၀ အမြင့်ဆုံးချီးမြှင့်ခံရသူမှာ ဆရာသော်တာဆွေဖြစ်သည်။ ဆရာသော်တာဆွေက ရှမ်းမဂ္ဂဇင်းရပ်နားသွားသောကြောင့် ဆရာ၏ဘဝဇာတ်လမ်းစုံကို ရွှေသမင်မဂ္ဂဇင်းတွင် ဆက်လက်ရေးသားပေးနေခြင်းဖြစ်ပါသည်။

ရွှေသမင်မဂ္ဂဇင်း၏ထူးခြားသောမူမှာ စာပေအနုပညာသက်သက်ကိုပဲ ဖော်ပြပေးပြီး ရုပ်ရှင်၊ ဂီတ၊ သဘင်ကဏ္ဍများကို ဖော်ပြပေးခြင်းမရှိခဲ့ပါ။ ထို့ကြောင့် စာရေးဆရာအများစု၏ စုရုပ်ဖြစ်လာသည်။ စာပေအမျိုးအစားမျိုးစုံ ရေးသားနေကြသူများ ရောက်ရှိလာကြသလို နယ်မြေဒေသအသီးသီးမှ စာရေးဆရာကြီးငယ်များလည်း ရောက်ရှိလာခဲ့ကြသည်။

တစ်နေ့တွင် နယ်ကောလိပ်မှ နည်းပြဆရာ မဂ္ဂဇင်းတိုက်သို့ ရောက်လာခဲ့ရာ စာရေးသူတို့ အယ်ဒီတာအဖွဲ့က သူ့ထံမှ စာမူတစ်ပုဒ်တောင်းခဲ့သည်။ သူက အတည်အတံ့၊ စာခဲ့ပေခဲ့တွေကိုရေးသားနေသလို သရော်စာတွေကိုလည်း ကလောင်နာမည်တစ်မျိုးနှင့် ရေးသားနေသူဖြစ်သောကြောင့် သရော်စာတစ်ပုဒ် ရေးသားပေးရန် တောင်းခဲ့ပါသည်။ တောင်းစာမူဖြစ်သောကြောင့် စာမူခအမြင့်ဆုံး ၆၀၀/-ကျပ်ကို ဆရာသော်တာဆွေနည်းတူ ချီးမြှင့်ပေးခဲ့သည်။

သူကလည်း အားရဝမ်းသာဖြစ်ကာ ရက်အနည်းငယ်အတွင်းမှာပင် သရော်စာတစ်ပုဒ်ကို ရေးသားပြီး နယ်မှအမြန်ပေးပို့ခဲ့ရာ ကျွန်တော်တို့အယ်ဒီတာအဖွဲ့လည်း တောင်းစာမူဖြစ်သဖြင့် ဖော်ပြပေးခဲ့သည်။ စာရေးသူက အယ်ဒီတာလည်းဖြစ်၊ စာပြင်ဆရာလည်းဖြစ်တော့ စာမူအဖြစ် တစ်ခါဖတ်တည်းဖြတ်ပေး၊ ခဲစာလုံးခေတ်ဖြစ်သဖြင့် ဂယ်ရီပရုဖ်၊ ဖောင်ပရုဖ် အကြိမ်ကြိမ်ဖတ်ရှုပြီး စာစီအမှားများကို ပြင်ဆင်ပေးခဲ့ရသောကြောင့် အားလုံးထက် ပို၍မှတ်မိနေခြင်းဖြစ်သည်။

စာရေးသူမှတ်မိသမျှကို ပြန်လည်မျှဝေပေးလိုသည်။ ထိုအချိန်က မဂ္ဂဇင်းများတွင် ရသစာပေများ ရှားပါးလာပြီး စီးပွားရေးဆောင်းပါးများ ခေတ်စားလာခဲ့သည်။ ဝတ္ထုရေးသူက ကြက်ဘဲမွေးမြူရေး၊ စိုက်ပျိုးရေးတွေ ရေးလာသည်။ ကဗျာရေးသူက ကာရန်ရှာမနေတော့ဘဲ ချဉ်ဖတ်ထည့်နည်းရေးလာသည်။ ထုတ်ဝေသူနှင့် အယ်ဒီတာတွေကလည်း စိတ်ကူးယဉ်တွေ မရေးပါနဲ့။ စီးပွားရေးပဲ ရေးပေးပါဟု တောင်းဆိုလာကြသည်။ ကိုယ်မကျွမ်းကျင်ဘဲ လုပ်စားနေကြသူများကို သရော်စာရေးသူ စာရေးဆရာက ဘဝတူစာရေးဆရာ ဆရာမတွေရော ထုတ်ဝေသူနှင့်အယ်ဒီတာများကိုပါ သရော်လိုက်သည့် သရော်စာကို ရွှေသမင်မဂ္ဂဇင်းတိုက်သို့ ရေးသားပေးပို့လိုက်ခြင်းဖြစ်သည်။ ခေါင်းစဉ်က "စီးပွားရေးနှင့် ကြီးပွားရေး"တဲ့။

ခေတ်ပညာတတ် ကောလိပ်မှနည်းပြဆရာ (စာရေးဆရာ)ကို မိတ်ဆွေအချို့က အကူအညီ တောင်းခံသည်။ လူတိုင်း စီးပွားရေးလုပ်နေကြသော်လည်း သူတို့မှာ အရင်းအနှီးမရှိသဖြင့် အထင်တကြီး အကူအညီ တောင်းခံခြင်းဖြစ်သည်။

❖ သရော်ထားသော သရော်စာဝတ္ထုတိုကလေးက ထိုခေတ်ထိုကာလက အခြေအနေအရပ်ရပ်ကို လွှမ်းခြုံသရော်ထားခြင်းဖြစ်သည်။ သဘောတရားနှင့်လက်တွေ့မကိုက်ညီဘဲ ကွဲလွဲမှုရှိနေပါက မတိုးတက်ဘဲ ဆုတ်ယုတ်ကြောင်း သရော်ထားခြင်းဖြစ်သည်။ လက်တွေ့မပါသော သဘောတရားသည် ခွေးကျိုးနှင့်ယုန်လိုက်သည်နှင့်တူကြောင်း၊ နှုတ်အပြောနှင့်အလုပ်သဘောမညီခြင်းသည် အကျိုးမရှိကြောင်း မီးမောင်းထိုးပြခြင်းဖြစ်သည်။ ❖

သည်တော့ စာရေးဆရာက အကြံပေးသည်-

"အရင်းအနှီးဆိုတာ ရှာတတ်ရင် ရပါတယ်ဗျာ။ ခင်ဗျားတို့အိမ်မှာ မိုးထားတဲ့ အိမ်မိုးသွပ်တွေဟာ အရင်းအနှီးတွေပဲပေါ့"

"အဲဒီ အမိုးသွပ်တွေကို ဘာလုပ်ရမှာလဲ ဆရာ"

"ဒါကြောင့် ခင်ဗျားတို့ ဆင်းရဲနေတာ။ ကြီးပွားတိုးတက်ချင်ရင် ကြံရည်ဖန်ရည် ရှိရတယ်ဗျ။ ဒီမြို့မှာ ရောကန်ကြီးတွေရှိနေပေမယ့် မြို့ကလူတွေ၊ ရေသယ် ယူရေးမှာ ဒုက္ခတွေ့နေကြရတယ်။ ဒီတော့ ကိုယ့်အိမ်က သွပ်တွေကို ခွာချ။ သံဖြူဆရာဆီမှာ ရေစည်ပိုင်းတွေ လုပ်ရောင်း၊ ခင်ဗျားတို့ကြီးပွားလာမှာသေချာတယ်"

"ဖြစ်ပါ့မလား ဆရာရယ်"

"ရဲရဲကြီး လုပ်စမ်းပါ။ ဖြစ်ကိုဖြစ်ရစေ့မယ်"

ထို့ကြောင့် လမ်းထဲမှလူအချို့က အိမ်မိုးသွပ်တွေကို ခွာချ၊ သံဖြူဆရာနှင့်ညှိနှိုင်းတိုင်ပင်ပြီး ရေစည်လုပ်ကာ ရောင်းချခဲ့သည်။ ရေစည်များရောင်းချခါစတွင် အရောင်းသွက်သောကြောင့် ရောင်းကောင်းသူများက ကျေးဇူးအထူးတင်နေကြသည်။

သို့သော် လပိုင်းအတွင်းမှာပင် စီးပွားရေးစားကျက်ကျွမ်းကျင်သူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ရေစည်တွေတွန်းပြီး တစ်အိမ်ချင်း ရေထည့်နေခြင်းထက် လွယ်ကူလျင်မြန်သွက်လက်အကျိုးရှိစေသော ရေဘောက်ဆာကားများနှင့် အစားထိုးဝင်ရောက်နေရာလုလာခဲ့သည်။ လူ့သဘောသဘာဝအရလည်း လွယ်ကူသက်သာ လျင်မြန်မှုကို နှစ်သက်အားပေးလေ့ရှိကြရာ ရေစည်များ အရောင်းထိုင်းကုန်ကြပါတော့သည်။

သည်တော့ ရေစည်သမားများက စိတ်ဓာတ်ကျသွားပြီး စာရေးဆရာထံ အကြံဉာဏ်တောင်းခံပြန်ရာ သူကလည်း အကြံဉာဏ်ပေးပြန်ပါသည်။

"ရေဘောက်ဆာကားတွေ ဘယ်လောက်များများ အိမ်ထဲကိုရေထည့်တဲ့နေရာမှာ ရေဆွဲပုံးမရှိရင် မဖြစ်ဘူး။ ဒီတော့ကာ ရေစည်တွေကိုဖျက်ပြီး ရေဆွဲပုံးတွေလုပ်ရောင်းပါ။ အဆင်ပြေရစေမယ်"

မည်သူမျှ စောဒကမတက်တော့ဘဲ ရေစည်တွေကိုဖျက်ပြီး ရေဆွဲပုံးတွေလုပ် ရောင်းချခဲ့ရာ ရေစည်တွေတုန်းကလိုပင် အရောင်းသွက်လှသောကြောင့် ဝင်ငွေကောင်း အဆင်ပြေနေခဲ့ကြသည်။ စာရေးဆရာကို ကျေးဇူးတင်မဆုံး တပြုံးပြုံးနှင့် ကောင်းချီးပေးနေခဲ့ကြသည်။

သို့သော် နှစ်လသုံးလကြာလာသောအခါ ရေစည်ဘောက်ဆာသမားတွေက ရေဆွဲပုံးတွေအစား ရေဘောက်ဆာမှတစ်ဆင့် ရေပိုက်များဖြင့် ရေထည့်ပေးခြင်းစနစ်ကို ကျင့်သုံးခဲ့ကြရာ ရေဆွဲပုံးများကို မသုံးကြတော့ပေ။ အချိန်ကုန် လူသက်သာသော ရေပိုက်များကို အသုံးပြုလာကြသောကြောင့် ရေဆွဲပုံးများ အရောင်းထိုင်းကုန်ကြသည်။ လမ်းသူလမ်းသားတွေ ပို၍စိတ်ဓာတ်ကျလာသည်။

သည်တော့ မထူးဇာတ်ခင်းပြီး စာရေးဆရာကို ထပ်မံ၍ အကူအညီတောင်းခံပြန်သည်။ သူကလည်း အားမလျှော့သေးဘဲ ထပ်မံ၍ အကြံပေးပြန်သည်။

"စိတ်ဓာတ်မကျပါနဲ့ဗျာ။ စီးပွားရေးလောကမှာ ဒါတွေကဖြစ်တတ်ပါတယ်။ အခုမြို့နယ်တိုင်းမှာ လျှပ်စစ်မီးမရှိင်လို့ လူအများစုဟာ ရေနံဆီမီးခွက်တွေကိုပဲ သုံးစွဲနေကြရတာပါ။ ဒီတော့ ခင်ဗျားရဲ့ရေဆွဲပုံးတွေကို ရေနံဆီမီးခွက်တွေလုပ်ရောင်း၊ တန်ဖိုးနည်းနည်းနဲ့ အရောင်းသွက်လိမ့်မယ်။ မြန်မြန်သာလုပ်ပါ"

အိမ်မိုးသွပ်ကိုခွာပြီး စီးပွားရေးအရင်းအနှီးလုပ်စားနေကြသူများသည် စာရေးဆရာကို ယုံစားအားထားနေကြသူများဖြစ်ရာ အတွန့်မတက်ဘဲ အကြံပေးသည့်အတိုင်း ရေဆွဲပုံးတွေကိုဖျက်၊ ရေနံဆီမီးခွက်တွေလုပ် ရောင်းချခဲ့ရာ ဝင်ငွေကောင်းခဲ့ပြန်သည်။ ထို့ကြောင့် စာရေးဆရာကို ပို၍ပို၍ အထင်ကြီးလာသလို ပို၍ပို၍ အားကိုးလာခဲ့ကြသည်။

စာရေးဆရာကလည်း သူပေးသည့်အကြံဉာဏ်တွေ စီးပွားရေးသဘောတရားတွေအတွက် ဂုဏ်ယူမဆုံး တပြုံးပြုံး။

သို့သော် သူ့အပြုံးသည် ခေတ္တခဏမျှသာခံပါသည်။ ရေနံဆီမီးခွက်မှောက်ကျသဖြင့် ထိုမြို့တစ်မြို့လုံး မီးလောင်ဆုံးရှုံးသွားခဲ့ရာ ရေနံဆီမီးခွက်များကို မသုံးကြတော့ဘဲ ဖယောင်းတိုင်များကိုသာပြောင်းလဲသုံးစွဲကုန်ကြသည်။

စီးပွားရေးလုပ်လိုသူများ ဗျာများရလေပြီ။ အိမ်မိုးသွပ်တပြောင်ပြောင်အမြင့်ဘဝမှ အရောင်မွဲသော ဓနိမိုးအနိမ့်ဘဝသို့ ကျရောက်ခဲ့ရသည်။

သွပ်တွေကို ခွာချ။ ရေစည်လုပ်ရောင်းစကအဆင်ပြေသဖြင့် အားတက်နေခဲ့သည်။ ရေဘောက်ဆာကားတွေပေါ်လာသဖြင့် ရေစည်တွေကိုဖျက်ပြီး ရေဆွဲပုံးလုပ်ရောင်းတော့လည်း အဆင်ပြေသေး၏။ သို့သော် ရရစားစားဘဝပင်။

သို့သော် ရေပိုက်တွေပေါ်လာပြန်ရာ ရေဆွဲပုံးတွေကိုဖျက်ပြီး ရေနံဆီမီးခွက်တွေလုပ်ရောင်းသည်။ အဆင်ပြေသေး၏။ ကံဆိုးချင်တော့ ရေနံဆီမီးခွက်ကြောင့် တစ်မြို့လုံးမီးလောင်သွားရာ ရေနံဆီမီးခွက်ကို လုံးဝမသုံးကြတော့ပေ။

အရင်းပြုတ်သွားကြသော လမ်းသူလမ်းသားများက စီးပွားရေးသဘောတရား ဆရာကြီး စာရေးဆရာထံသို့ သွားရောက်အကြံဉာဏ်မတောင်းတော့ဘဲ လက်မှိုင်ချနေစဉ် စာရေးဆရာကရောက်လာပြီး စီးပွားရေး သဘောတရားကို ပိုင်နိုင်ကျွမ်းကျင်သူကြီးစတိုင်လ်ဖြင့် အကြံဉာဏ်ထပ်မံပေးပြန်လေသည်။

"ရေနံဆီမီးခွက်တွေကို ဖျက်ပြီး နားဖာကလော်နဲ့ မွေးညှပ်တွေလုပ်ရောင်း"တဲ့လေ။

သရော်ထားသော သရော်စာဝတ္ထုတိုကလေးက ထိုခေတ်ထိုကာလက အခြေအနေအရပ်ရပ်ကို လွှမ်းခြုံသရော်ထားခြင်းဖြစ်သည်။ သဘောတရားနှင့်လက်တွေ့မကိုက်ညီဘဲ ကွဲလွဲမှုရှိနေပါက မတိုးတက်ဘဲ ဆုတ်ယုတ်ကြောင်း သရော်ထားခြင်းဖြစ်သည်။ လက်တွေ့မပါသော သဘောတရားသည် ခွေးကျိုးနှင့်ယုန်လိုက်သည်နှင့် တူကြောင်း၊ နှုတ်အပြောနှင့်အလုပ်သဘောမညီခြင်းသည် အကျိုးမရှိကြောင်း မီးမောင်းထိုးပြခြင်းဖြစ်သည်။

ထိုသရော်စာရေးသားသော စာရေးဆရာနှင့် စာရေးသူတို့ပူးတွဲပြီး စာပေဟောပြောပွဲများ ဟောပြောခဲ့ဖူးသည်။ သူက စာရေးသူကို ဆရာငြိမ်းဟုခေါ်သလို၊ အစ်ကိုငြိမ်းဟုလည်းခေါ်သည်။ တက်ကြွပြီး အဟောအပြောကောင်းသူလည်းဖြစ်သည်။

စာရေးသူဆိုလိုချင်သည်က ထိုစာရေးဆရာရေးသားခဲ့သော သရော်စာဝတ္ထုတိုသည် ယနေ့အချိန်ကာလတွင်လည်း ခေတ်၏ကြေးမုံဖြစ်နေသောကြောင့်ပင်တည်း။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က သရော်ခဲ့သော ဝတ္ထုတိုကလေးသည် ယခုအချိန်ထိ ပုံရိပ်ထင်သက်ဝင်နေသည်ကိုကား မျက်ဝါးထင်ထင်တွေ့မြင်သိရှိခံစားနေကြရသည်။ အပြောလွယ်သလောက် အလုပ်ခက်သည်ကို ပုံရိပ်ဖော်ပြလိုက်ခြင်းဖြစ်သည်။ အချို့စာပေလောက၊ အချို့စီးပွားရေးလောကနှင့် အခြားကဏ္ဍများတွင် အံဝင်ခွင်ကျမဖြစ်ကြဘဲ ဟန်ရေးပြများ၊ ကြွားဝါမှုများ၊ အတုအယောင်နှင့် ဟန်ဆောင်မှုများရှိနေကြသည်။

ရိုးသားသန့်စင်သော သရော်စာများ၊ ဝေဖန်စာများနှင့် ရှေးပညာရှင်များ၏ စကားပုံများသည် ခေတ်၏ကြေးမုံများဖြစ်ကြောင်း သတိရဖွယ်၊ သံဝေဂရဖွယ်၊ ဆင်ခြင်ဖွယ်ဖြစ်စေရန်ရည်သန်၍ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

vr;av0mujci;jzi tjri tm½Munvivmapeion



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကိုတိုးတက်ကောင်းမွန်စေတယ်လို့ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၂၂၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြ နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၂၂၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၂၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလ တတိယပတ်တွင်စတင် စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ အစေ့ထုတ်ပြောင်း လျာထား ၁၂၂၆ ဧက စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးသွားမဲ့အစေ့ထုတ်ပြောင်းတွေကို အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းတဲ့ ပြောင်းအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ တောင်သူများသည် အစေ့ထုတ်ပြောင်းကို ဆောင်းကာလနှင့် နွေကာလတို့တွင် အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ် စိုက်ပျိုးသွားမည့် အစေ့ထုတ်ပြောင်းများ ပိုးမွှားရောဂါမကျရောက်စေရေးအထွက်နှုန်းကောင်းမွန်စေရေးနှင့် အရည်အသွေး ကောင်းမွန်စေရေးတို့အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

အောင်လံမြို့နယ် စမ်းကလေး(ရေတွင်းစု) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

အောင်လံ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် စမ်းကလေး(ရေတွင်းစု) ကျေးရွာ၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ စမ်းကလေး(ရေတွင်းစု) ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်လမ်းရေရှည် အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းများကို စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စမ်းကလေး(ရေတွင်းစု)ကျေးရွာ၌ လမ်းအရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၆ သန်း၊ စုစုပေါင်းငွေကျပ် ၅၁ သန်းဖြင့် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၈ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၄၀ မှ လူ ၈၁၆ ဦးအတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ပြောပြ၍ သိရသည်။ **အထွေး**

နက်မှောင်ကေသာ မျိုးမြန်မာ

- သူတို့ကမ္ဘာ အနောက်ရွာဝယ်
လူလာ၍ဖြစ် မျိုးမစစ်ထင့်
ညီညွတ်နီကြောင် ဆံပင်ရောင်က
နေလောင်ကောက်ကွေး ပြောင်းဖူးမွေးသို့
အဝေးကကြည့် မြင်နိုင်၏ဟု
တွေးမိထင်ထင် ကိုယ့်အမြင်။

- မြန်မာပီသည့်
သာကီဆိုရိုး တို့လူမျိုးကား
ဘိုးဘေးဆက်စဉ် တွေးကြည့်မြင်က
ဆံပင်မကြောင် ပိတုန်းရောင်သို့
နက်မှောင်ညီတူ ဆေးမကူရ
လူဟူ၍ဖြစ် အမျိုးစစ်၏
တိုးချဲ့စိတ်တွင် မှတ်ထင်ထင်။

- အို...မြန်မာတို့
သေချာစစ်ဆေး ဤအတွေးကို
အသေးဖွဲမျှ မယူဆနှင့်
မြန်မာ့အနှစ် အမျိုးစစ်သည့်
အချစ်မသွေ ကျက်သရေနှင့်
ကေသာနက်မှောင် ပိတုန်းရောင်ကို
နီကြောင်ရောထွေး ပြောင်းဖူးမွေးသို့
ကောက်ကွေးမဖြောင့် မျိုးမစောင့်ဘဲ
ဘာကြောင့်ဆေးဆိုး ချင်သနည်း
ရှက်တတ်ပါက ရှက်စေသတည်း။ ။

ချစ်စုအောင်

ပဲခူးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်

ပဲခူး နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဆန်းမင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက သင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းသို့ ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာက စာတွေ့လက်တွေ့ဖြင့် နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

အမေရိကန်သမ္မတ၏ဇနီး မယ်လာနီးယားထရမ့်
ရုရှား၊ ယူကရိန်းတာဝန်ရှိသူများနှင့် တွေ့ဆုံမည်



ဝါရှင်တန် နိုဝင်ဘာ ၅

အမေရိကန်သမ္မတ၏ ဇနီး မယ်လာနီးယားထရမ့်သည် ရုရှားနှင့် ယူကရိန်းတာဝန်ရှိသူများကို ယနေ့တွင် အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံမည်ဖြစ်ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ယူကရိန်း စစ်ရေးပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် အမေရိကန်၊ ရုရှား၊ ယူကရိန်းကိုယ်စားလှယ်တို့သည် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ မကျင်းပမီ ရုရှားနှင့် ယူကရိန်း တာဝန်ရှိသူများနှင့် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးရန် အမေရိကန်သမ္မတ၏ဇနီး မယ်လာနီးယား ထရမ့်က ပြောကြားခဲ့သည်။

ရုရှားအစိုးရစီးပွားရေးအကြံပေးကိရီးလ်ဒီမိထရစ်ဗ်နှင့် လူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးမှူး ယာနာလန်ထရာတိုဗာတို့သည် ယနေ့တွင်သမ္မတ၏ဇနီး မယ်လာနီးယား ထရမ့်နှင့် အိမ်ဖြူတော်၌တွေ့ဆုံမည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့အတူ ယူကရိန်းလူ့အခွင့်အရေးကိုယ်စားလှယ် ဒီမိထရိုလူဘီနက်သည်လည်း သမ္မတ၏ဇနီး မယ်လာနီးယားထရမ့်နှင့် အိမ်ဖြူတော်၌ တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ရုရှား ထိန်းချုပ်မှုအောက်ရှိ အိုလက်ရှ်ကီမြို့၌ ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူနိုင်ရန် ကြားဝင်ညှိနှိုင်းပေးခဲ့သည့်အတွက် သမ္မတ၏ဇနီး မယ်လာနီးယားထရမ့်ကို ယူကရိန်းသမ္မတ ဇီလန်စကီးက ယူကရိန်းအရပ်ဘက် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ဖြစ်သည့် မင်းသမီး အော်လ်ဂါဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့သည်။

အမေရိကန်၊ ရုရှား၊ ယူကရိန်း တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်ထိ ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ သုံးပွင့်ဆိုင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

ပင်လယ်ခားပြတိုက်ဖျက်ရေး ရေတပ်ဖွဲ့၏စစ်ဆင်ရေးကို
ဟော်မုဇ်ရေလက်ကြားအနီးထိတိုးချဲ့ရန် တောင်ကိုရီးယား စီစဉ်



ဆိုးလ် နိုဝင်ဘာ ၅

ပင်လယ်ခားပြ တိုက်ဖျက်ရေးရေတပ်ဖွဲ့၏ စစ်ဆင်ရေးကို ဟော်မုဇ်ရေလက်ကြား အနီးထိတိုးချဲ့ရန် စီစဉ်ထားကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အီရန် စစ်ရေးပဋိပက္ခအတွက် အကူအညီပေးရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဖိအားပေးခဲ့ပြီးနောက် ချောင်ဟေး ပင်လယ်ခားပြ တိုက်ဖျက်ရေး မစ်ရှင်တိုးချဲ့ရန် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်ထားခြင်းဖြစ်သည်။

ချောင်ဟေး ပင်လယ်ခားပြ တိုက်ဖျက်ရေးမစ်ရှင် ဖြန့်ကြက်မှ အရှေ့အလယ်ပိုင်း ဒေသသို့ ချဲ့ထွင်ရေး အဆိုပြုချက်ကို လွှတ်တော်သို့ တင်သွင်းရန် တောင်ကိုရီးယား ပြောရေးဆိုခွင့် ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ချောင်ဟေး ပင်လယ်ခားပြ တိုက်ဖျက်ရေး ရေတပ်အုပ်စု၏ မစ်ရှင်သည် ၂၀၂၆ ခုနှစ် နှစ်ကုန်တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ချောင်ဟေးပင်လယ်ခားပြတိုက်ဖျက်ရေး တပ်ဖွဲ့သည် ကုန်တင်သင်္ဘောများ ဘေးကင်းလုံခြုံရေးအတွက် ၂၀၁၉ ခုနှစ်မှစ၍ အေဒင်ပင်လယ်ကွေ့၌ အခြေစိုက်ခဲ့သည်။

အဆိုပါတပ်ဖွဲ့ကို တန်ချိန် ၄၄၀၀ ဖျက်သင်္ဘောတစ်စီး၊ ရေကြောင်းစစ်ဆင်ရေး ရဟတ်ယာဉ်တစ်စင်း၊ လေဖြည့်အမြန် ရေယာဉ်ငယ် သုံးစီး၊ တပ်ဖွဲ့ဝင် အင်အား ဦးရေ ၃၀၀ ခန့်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အနောက်ဆာဟာရ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို
ဆက်လက်လိုက်နာစောင့်ထိန်းမည်ဟု မော်ရိုကို ပြောကြား

ရာဘတ် နိုဝင်ဘာ ၅

ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင် အဆုံးသတ်ခဲ့သည့်တိုင် အနောက်ဆာဟာရ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို မော်ရိုကိုနိုင်ငံက ဆက်လက်စောင့်ထိန်း လိုက်နာမည်ဖြစ်ကြောင်း မော်ရိုကို ဘုရင့်နန်းတော်က နိုဝင်ဘာ ၄ ရက်တွင် သတင်း ထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သက်တမ်း ၃၅ နှစ်ရှိပြီဖြစ်သော ကုလသမဂ္ဂ အနောက်ဆာဟာရ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်သည် လုံခြုံရေးကောင်စီက သက်တမ်းထပ်တိုးပေးမှု မရှိခဲ့ခြင်းကြောင့် အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂကပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကြေညာထားသည်။

ကုလသမဂ္ဂ အနောက်ဆာဟာရ ငြိမ်းချမ်းမှုထိန်းသိမ်းရေး မစ်ရှင်သည် မော်ရိုကိုနိုင်ငံနှင့် အယ်လ်ဂျီးရီးယား ကျောထောက်နောက်ခံပြု ပိုလစ်ဆာရီယိုအဖွဲ့တို့ကြား ၁၉၉၁ ခုနှစ်တွင် ရယူထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို စောင့်ကြည့်ပေးခဲ့သည့် မစ်ရှင်ဖြစ်သည်။

မော်ရိုကိုနှင့် ပိုလစ်ဆာရီယိုအဖွဲ့တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ကုလသမဂ္ဂ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ၁၉၉၁ ခုနှစ် မေ ၂၄ ရက်တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကြောင့် မော်ရိုကိုနှင့် ပိုလစ်ဆာရီယိုအဖွဲ့တို့ကြား ၁၉၇၅ ခုနှစ်တွင် စတင်ခဲ့သည့် စစ်ရေးပဋိပက္ခလည်းအဆုံးသတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဂျကာတာမြို့၌ တပ်ဖွဲ့ဝင်ဦးရေ ၂၀၀၀၀ ကျော်
ဖြန့်ကြက်ရန် အင်ဒိုနီးရှားတပ်မတော်စီစဉ်ထား

ဂျကာတာ နိုဝင်ဘာ ၅

အင်ဒိုနီးရှား တပ်မတော်သည် ဂျကာတာမြို့၌ တပ်ဖွဲ့ဝင်ဦးရေ ၂၀၀၀၀ ကျော် ဖြန့်ကြက်ထားမည် ဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရ တာဝန်ရှိသူများက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတ ပရာဘိုဝိဆူဘီယန်တို၏ဖုန်းခေါ်ဆိုမှု ကြားဖြတ်နားထောင်ခံခဲ့ရမှုအတွက် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေချိန်တွင် ဂျကာတာမြို့၌ တပ်ဖွဲ့ဝင်ဦးရေ ၂၀၀၀၀ ကျော် ဖြန့်ကြက်ထားရန် အင်ဒိုနီးရှား တပ်မတော်က စီစဉ်ထားခြင်း ဖြစ်သည်။

သမ္မတ ပရာဘိုဝိဆူဘီယန်တို၏ဖုန်းခေါ်ဆိုမှု ကြားဖြတ်နားထောင်ခံခဲ့ရမှုနှင့် ပတ်သက်၍ အင်ဒိုနီးရှား အာဏာပိုင်များက ရဲတပ်ဖွဲ့ထိပ်တန်း အရာရှိနှစ်ဦးနှင့် အမျိုးသားရဲတပ်ဖွဲ့ အကြီးအကဲဟောင်း လစ်ယိုဆီဂျစ်ပရာဘိုဝိုတို့ကို ဖမ်းဆီးထိန်းသိမ်းထားသည်။

အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲဟောင်း လစ်ယိုဆီဂျစ်ပရာဘိုဝိုသည် ပြီးခဲ့သောလက သမ္မတရုံးရုံးအဖွဲ့အကြီးအကဲအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်ပြီး ဖုန်းကြားဖြတ်နားထောင်မှု ပေါ်ထွက်လာခဲ့ပြီးနောက် နိုဝင်ဘာ ၄ ရက်တွင် ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

သို့ရာတွင် ဂျကာတာမြို့၌ တပ်ဖွဲ့ဝင်ဦးရေ ၂၀၀၀၀ ကျော်ဖြန့်ကြက်ရန် အင်ဒိုနီးရှားတပ်မတော် စီစဉ်ထားမှုနှင့် ဖုန်းခေါ်ဆိုမှု ကြားဖြတ် နားထောင်ခံခဲ့ရမှုတို့ကြား ဆက်စပ်မှု ရှိ၊ မရှိကို အင်ဒိုနီးရှား တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဥရောပနိုင်ငံများမှ စူပါမားကတ်များနည်းတူ
ပြင်သစ်သွေးလှူဘာဏ်များလည်း ဆိုက်ဘာတိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရ



ပဲရစ် နိုဝင်ဘာ ၅

ဥရောပနိုင်ငံများမှ စူပါမားကတ်များရှိ ရေခဲသေတ္တာစနစ်များ ဆိုက်ဘာတိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရချိန်တွင် ပြင်သစ်နိုင်ငံအတွင်းရှိ သွေးလှူဘဏ်သုံးခုတို့၏ ရေခဲသေတ္တာစနစ်များလည်း တိုက်ခိုက်ခံခဲ့ရကြောင်း ပြင်သစ်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဆွီဒင်နှင့် ဘယ်လ်ဂျီယံအပါအဝင် ဥရောပနိုင်ငံ ရှစ်နိုင်ငံတို့ရှိ စူပါမားကတ် ရေခဲသေတ္တာစနစ်များသည် နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်ကြားကာလများတွင် ဆိုက်ဘာတိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။


အဆိုပါ ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် စူပါမားကတ်ရေခဲသေတ္တာစနစ်များ၏ အပူချိန်မှာ ၅၀ ဒီဂရီ ဆဲလ်စီးယပ်စ်ထိ မြင့်တက်လာခဲ့ရာ ထည့်သွင်းထားသည့် အစားအစာထုတ်ကုန်များ ပျက်စီးခဲ့ရသည်။

ထို့ပြင် ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် သွေးသိုလှောင်ခန်းအအေးပေး စောင့်ကြည့်ရေးနှင့် ထိန်းချုပ်ရေးစနစ်များ ထိခိုက်ခဲ့ရကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် သိုလှောင်ထားသည့် သွေးများကို အခြားရေခဲသေတ္တာများထဲ အချိန်မီနေရာပြောင်းထည့်ပေးနိုင်မှုကြောင့် သွေးဖြည့်ဆည်းပေးမှုလုပ်ငန်း ထိခိုက်မှု မရှိခဲ့ဟု ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဆီဝါဟာ အမည်ရှိ ကြယ်ငယ်တစ်စင်းက ဘီးတဲလ်ဂျူစ်ကြယ်နီကြီးကို အလွန်နီးကပ်သည့် ပတ်လမ်းနေရာမှတစ်ဆင့် လှည့်ပတ်နေ



ဝါရှင်တန် နိုဝင်ဘာ ၅

ဆီဝါဟာအမည်ရှိ ကြယ်ငယ်တစ်စင်းသည် ဘီးတဲလ်ဂျူစ်ကြယ်နီကြီးကို အလွန်နီးကပ်သည့် ပတ်လမ်းနေရာမှတစ်ဆင့် လှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗွီအယ်လ်တီ ရေဒီယိုတယ်လီစကုပ်နှင့် အယ်လ်မာရေဒီယိုတယ်လီစကုပ်တို့မှ ရရှိသော သတင်းအချက်အလက်များအရ ဆီဝါဟာကြယ်၏ ပတ်လမ်းမှာ ဘီးတဲလ်ဂျူစ်ကြယ်၏ လေထုလွှာအတွင်းရောက်ရှိနေသည်ကို တွေ့ရကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ဘီးတဲလ်ဂျူစ်ကြယ်နှင့် အဝေးဆုံးသို့ ဆီဝါဟာကြယ်ရောက်ရှိချိန်တွင် ဘီးတဲလ်ဂျူစ်ကြယ်၏ လေထုလွှာမှာ ဘဲဥပုံအဖြစ် ပြန့်ကားလာတတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ဘီးတဲလ်ဂျူစ်ကြယ်၏ ရှေ့ပိုင်းသို့မဟုတ် နောက်ပိုင်းသို့ ဆီဝါဟာကြယ် ရောက်ရှိချိန်တွင် ဘီးတဲလ်ဂျူစ်ကြယ်လေထုလွှာမှာ ပိုင်းစက်လာတတ်ကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ဘီးတဲလ်ဂျူစ်ကြယ်သည် အလင်းအား နှိမ့်တစ်လှည့် မြင့်တစ်လှည့် ဖြစ်နေတတ်မှုကြောင့် သိပ္ပံပညာရှင်များက အထူးစိတ်ဝင်စားသည့် ကြယ်တစ်စင်းဖြစ်ပြီး ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၀၀ အကွာတွင်တည်ရှိကာ ညပိုင်းကောင်းကင်ယံ၏ အလင်းအား အကောင်းဆုံး ကြယ်များထဲတွင် တစ်စင်းအပါအဝင် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

အချိန်ပိုင်းအလုပ်လုပ်သည့် အငြိမ်းစားများ Dementia ရောဂါ ဖြစ်နိုင်ခြေနည်းပါး

နယူးယောက် နိုဝင်ဘာ ၅

အချိန်ပိုင်းအလုပ်လုပ်သည့် သက်ကြီးပိုင်းအငြိမ်းစားများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ဖြစ်ပွားနိုင်ခြေနည်းပါးကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၄ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရက်သတ္တတစ်ပတ်လျှင် နှစ်ရက်မျှ အချိန်ပိုင်း အလုပ်လုပ်သူအငြိမ်းစားများသည် လုံးဝအငြိမ်းစားယူလိုက်သူများနှင့် နှိုင်းယှဉ်ပါက Dementia ရောဂါဖြစ်နိုင်ခြေ ပိုမိုနည်းပါးကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အငြိမ်းစားဦးရေ ၁၄၀၀၀ ခန့်တို့၏ အငြိမ်းစားယူပြီးနောက် ပိုင်း ဘဝနေထိုင်မှုပုံစံများနှင့် ဦးနှောက်ကျန်းမာရေး အခြေအနေတို့ကို လေ့လာစောင့်ကြည့်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အငြိမ်းစားယူပြီးနောက် အချိန်ပိုင်း အလုပ်လုပ်သူများသည် လုပ်ငန်းခွင်မှ လုံးဝအနားယူလိုက်သူများနှင့် နှိုင်းယှဉ်ပါက Dementia ရောဂါဖြစ်နိုင်ခြေ ၃၈ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း ပြောကြားသည်။

အငြိမ်းစားယူပြီးနောက် အချိန်ပိုင်း အလုပ်လုပ်ကိုင်မှုသည် အချိန်ပြည့် အလုပ်လုပ်ကိုင်ခြင်းသို့မဟုတ် အလုပ်မှ လုံးဝအနားယူလိုက်ခြင်းတို့ထက် ဦးနှောက်စွမ်းဆောင်ရည်ကို အထိအခိုက်နည်းပါးစေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today
Trs : KKO

တရုတ်နိုင်ငံက ချိုအန်ဖန်းအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စုကို လီကျိယန်-၂ ဝိုင် ၂ ဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်ခဲ့

ပေကျင်း နိုဝင်ဘာ ၅

တရုတ်နိုင်ငံသည် ချိုအန်ဖန်းအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စုကို လီကျိယန်-၂ ဝိုင်-၂ ဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချိုအန်ဖန်းအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၁၈ စင်းကို သယ်ဆောင်ထားသည့် လီကျိယန်-၂ ဝိုင်-၂ ဒုံးပျံကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်းတုန်ဖန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် နိုဝင်ဘာ ၃ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လီကျိယန်-၂ ဝိုင်-၂ ဒုံးပျံသည် သယ်ဆောင်ထားသည့် ချိုအန်ဖန်း ဂြိုဟ်တု ၁၈ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ လီကျိယန်-၂ ဝိုင် ၂ ဒုံးပျံသည် တရုတ်အခြေစိုက် ပုဂ္ဂလိကအာကာသ နည်းပညာကုမ္ပဏီတစ်ခု ဖြစ်သည့် CAS Space ကုမ္ပဏီက ဆောက်ထားသည့် ဒုံးပျံဖြစ်ကြောင်း သိရသည်။



လီကျိယန်-၂ ဝိုင် ၂ ဒုံးပျံများသည် အလေးချိန်ရှစ်တန်ထိရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက်အမြင့် ကီလိုမီတာ ၅၀၀ အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်သည်။

အလားတူ လီကျိယန်-၂ ဝိုင် ၂ ဒုံးပျံသည် အလေးချိန် ၁၂ တန်ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက်အမြင့်ကီလိုမီတာ ၂၀၀ ရှိသည့် ပတ်လမ်းပေါ်သို့လည်း ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ကဖင်းဓာတ်ပါ အားဖြည့်အချို့ရည်များကြောင့် နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်

နယူးယောက် နိုဝင်ဘာ ၅

ကဖင်းဓာတ်ပါ အားဖြည့်အချို့ရည်များကြောင့် နှလုံးကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကဖင်းဓာတ်ပါဝင်သော အားဖြည့်အချို့ရည်များ သောက်သုံးမှုကြောင့် လူငယ်များ၌ နှလုံးခုန်ရပ်တန့်နိုင်ခြေနှင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

အထူးသဖြင့် အသက် ၁၈ နှစ်နှင့် ၃၄ နှစ်ကြား လူငယ်များတွင် အားဖြည့်အချို့ရည်များ နေ့စဉ်သောက်သုံးမှုသည် အန္တရာယ်များသည့် အလေ့အထဖြစ်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်ကြား ကာလအတွင်း အစားအစာနှင့် ဆေးဝါးလုပ်ငန်းရေးအေဂျင်စီ (FDA)က အစီရင်ခံခဲ့သည့် နှလုံးပြဿနာဖြစ်စဉ် ၂၈၀၀၀ ကျော်တို့ကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ကဖင်းဓာတ်ပါ အားဖြည့်အချို့ရည်များသည် အခြားအစားအစာထုတ်ကုန်များနှင့်နှိုင်းယှဉ်ပါက ဆိုးရွားသည့် နှလုံးကျန်းမာရေးပြဿနာများနှင့် ပိုမိုဆက်စပ်မှုရှိနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

အသားစားဒိုင်နိုဆောတစ်ကောင်၏ လက်ယာဘက်ခြေထောက်အတွင်းရှိ ကျောက်ဖြစ်ရုပ်ကြွင်းသွေးနီဆဲလ်များကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား

ကင်ဘာရာ နိုဝင်ဘာ ၅

အသားစားဒိုင်နိုဆောတစ်ကောင်၏ လက်ယာဘက်ခြေထောက်အတွင်းရှိ ကျောက်ဖြစ်ရုပ်ကြွင်းသွေးနီဆဲလ်များကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၄ ရက်သတင်းများတွင်ရေးသားဖော်ပြထားသည်။

အဆိုပါ သွေးနီဆဲလ်အထောက်အထားများကို Aratasaurus museunacionali အမည်ရှိအသားစားဒိုင်နိုဆောတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသိပ္ပံပညာရှင်များသည် Aratasaurus museunacionali ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းလက်ယာဘက် ခြေထောက်အတွင်းရှိ အသေးစား၆ဝ ဖွဲ့စည်းပုံများကို လေ့လာခဲ့ပြီးနောက် သွေးနီဆဲလ်ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သွေးနီဆဲလ်များနှင့် ဆက်စပ်နေသည့် neme ခေါ် ဇီဝ မော်လီကျူးတစ်မျိုးကိုလည်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

Aratasaurus museunacionali ဒိုင်နိုဆောများသည် လွန်ခဲ့သော နှစ်ပေါင်း ၁၁၅ သန်းခန့် ကာလ ခရီတေးစီးယပ်စ် ဘူမိခေတ်အတွင်း ဘရာဇီးနိုင်ငံ နေရာ၌ ရှင်သန်ကျက်စားခဲ့သည့် အသားစား ဒိုင်နိုဆောများဖြစ်ကြသည်။

အဆိုပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်း စီအာရာပြည်နယ် ကျောက်တွင်းတစ်တွင်း၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

Ref : Russia Today
Trs : KKO



ရှေ့ဖုံးမှအဆက်

ယနေ့အစည်းအဝေးသို့ ၅၄၈ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၈၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စု သဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)၊ (၂)၊ (၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီ တစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"** နှင့်စပ်လျဉ်း၍ အဆိုတင်သွင်းရာတွင် လက်ရှိမြန်မာနိုင်ငံ၏အခြေအနေအရ မြန်မာနိုင်ငံသား ပြည်သူများ၏ ငြိမ်းချမ်းသာယာရေးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ရယူရန် လိုအပ်သည့်ကိစ္စဖြစ်သည့်အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)၊(၂)၊(၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်း ကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၆ အရ တင်သွင်းရခြင်းဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အပိုဒ် ၂၀(c)အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားသည့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁)၊(၂)၊(၃)ပါ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရေးဆိုင်ရာအချက်များကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသည့် ၂၀၂၆ ခုနှစ် ဇူလိုင် ၁ ရက်စွဲပါ သဝဏ်လွှာတွင်ဖော်ပြပါရှိသည့် EAOs များနှင့် ညှိနှိုင်းရရှိထားသည့်အချက် ၂၁ ချက်အပါအဝင် နိုင်ငံရေးပါတီအစုအဖွဲ့နှင့် ညှိနှိုင်းရရှိထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်ကိုလည်းကောင်း လေ့လာသုံးသပ်၍ ဥပဒေမူကြမ်းရေးဆွဲကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော်၏ မျက်မှောက်အခြေအနေနှင့် နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံး မျှော်မှန်းတောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကြီး၏ အဓိကတာဝန်တစ်ရပ်လည်းဖြစ်ပါကြောင်း၊ တိုင်းရင်းသား လူမျိုးစုအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ



အတွက် လိုက်လျောညီထွေစွာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးတို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် လိုက်လျောညီထွေဖြစ်စေမည့် အချက်အလက်များကို ပြင်ဆင်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆိုင်ရာ အခန်း(၁၂) ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆ တို့၏ ပြဋ္ဌာန်းချက်များအရ ပြင်ဆင်သည့်အဆင့်မဟုတ်သေးဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးလေ့လာသုံးသပ်အကောင်အထည်ဖော်နိုင်မည့် ယန္တရားတစ်ရပ် စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်နေသည့်အတွက် အဆိုကိုတင်သွင်းရခြင်းဖြစ်ပါကြောင်း။

ပြည်သူလူထု၏သဘောဆန္ဒများနှင့်အညီ ပေါ်ပေါက် ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များအပေါ် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ရေး၊ တိုင်းရင်းသားလူမျိုးစုများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး သုံးရပ်တို့ကို ဟန်ချက်ညီပိုင်ခြားသုံးစွဲနိုင်ရေးနှင့် နိုင်ငံတော်၏ကဏ္ဍအသီးသီးတို့တွင် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်သည့် အချက်များကို ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ရန် အတွက် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)၊(၂)၊(၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်း ကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"** ကို တင်သွင်းအပ်ပါကြောင်း အဆိုတင်သွင်းသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုတွင် ထည့်သွင်းရှင်းလင်းခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်၊ ဖြည့်စွက်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရန် လေ့လာသုံးသပ်ရေးနှင့် ဥပဒေကြမ်းပြုစုရေးပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရန် သဘောတူအတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် ၂၀၁၀–၂၀၁၇ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦး က အစီရင်ခံစာအပိုဒ် ၈ တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အပေါ် ပြည်သူလူထုက ပိုမိုယုံကြည်အားထားလာစေရန်၊ ပြည်သူလူထုနှင့် လွှယ်ကူစွာထိတွေ့ဆက်ဆံနိုင်စေရန် ရည်ရွယ်လျက် ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲလေးခုကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ် စသည့်မြို့များတွင် ဖွင့်လှစ်ထားကြောင်း ဖော်ပြထားပါကြောင်း၊ ဖွဲ့စည်းပုံအရ ရည်ရွယ်ချက်များကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိသင့်တော်သည့်မြို့ကြီးများ၌လည်း ကော်မရှင်ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း၊ အစီရင်ခံစာအပိုဒ် ၁၁ အရ လူ့အခွင့်အရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ရန်ကုန်မြို့တွင် ငါးကြိမ်၊ နေပြည်တော်တွင် တစ်ကြိမ်ဖြင့် ပညာပေးဟောပြောနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ နောင်နှစ်များတွင် အခြားသောမြို့ကြီးများတွင်ပါ စနစ်တကျဆွေးနွေးခြင်းဖြင့် ကော်မရှင်အပေါ် ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်နိုင်မည်ဟု ထင်မြင်မိပါကြောင်း။

အစီရင်ခံစာအပိုဒ် ၁၈ ပါ လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ သင်တန်းပို့ချပေးခြင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးသင်တန်းများ၊ နေရာအများအပြားရှိ ဝန်ထမ်းများကို လူ့အခွင့်အရေးသင်တန်းများ ပို့ချနိုင်ခဲ့သည့်အတွက် ကောင်းမွန်ပြီး အကျိုးရှိသည်ဟု ထင်မြင်မိပါကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအပိုင်းတွင် ကော်မရှင်အစီရင်ခံစာအပိုဒ် ၄၅ အရ ၂၀၁၅ ခုနှစ်အတွင်း တိုင်တန်းချက်ပေါင်း ၃၄၅၇ စောင် ရရှိခဲ့သည်အနက် အစီရင်ခံစာအပိုဒ် ၄၈/က တွင် ကော်မရှင်လုပ်ပိုင်ခွင့်အတွင်း မကျရောက်သည့် တိုင်တန်းချက် ၁၃၅၉ ခုကို မှတ်တမ်းအဖြစ်သာ ထားရှိခဲ့ရကြောင်း ဖော်ပြထားသော်လည်း အားလုံးမျှော်လင့်ချက်ဖြင့် တိုင်တန်းလာသူများ၏ အသိအမြင်နည်းပါးမှုကြောင့်ဖြစ်သည်ဟု ယူဆပါသဖြင့် ရှင်းလင်းဖော်ပြထားပြီး ဖြစ်သင့်သည်ဟုယူဆပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) စိုင်းဝင်းခိုင်က နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့နေသည့် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့အစည်းများက အဓိကကျသဖြင့် ပြည်သူ့ဆန္ဒနှင့် အညီ ဥပဒေအတိုင်းအမြန်ဆုံးဆောင်ရွက်မှသာ အစိုးရအပေါ်လူထု ယုံကြည်မှုပိုမိုရရှိနိုင်ပြီး ပြည်သူလူထုအများစု၏ ပြောင်းလဲလိုမှုပကတိဆန္ဒအမှန်ဖြစ်သည့် အစိုးရရုံးဌာန ဝန်ထမ်းအချို့တို့သည် လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် ကြန့်ကြာသည့်စနစ်ကို ကျင့်သုံးနေဆဲဖြစ်သည်ကို အမြန်ဆုံးပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်အဖြစ် ထင်မြင်မိပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်က ရန်ကုန်တိုင်းဒေသကြီးမှ တိုင်ကြားချက် ၁၈၉ မှု၊ ၅၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၄၄ မှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၁ မှုရှိပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ တိုင်ကြားချက်လက်ခံရရှိမှုကိုစာရင်းတွင် ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းအခြေအနေသည် အဆိုပါဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုမရှိသည်ဟု အဓိပ္ပာယ်မကောက်ယူသင့်ပါကြောင်း၊ ပြည်သူများအနေဖြင့် ကော်မရှင်ထံတိုင်ကြားနိုင်သည့် နည်းလမ်း၊ သတင်းအချက်အလက်ရရှိမှုနှင့် လက်လှမ်းမီမှုအားနည်းနေသည်ကို ကော်မရှင်အနေဖြင့် ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုဆိုသည်မှာ ကော်မရှင်တစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု ပိုမိုထိရောက်ရန်အတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပိုမိုကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း၊ လွှတ်တော်အနေဖြင့်လည်း ကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေများတွင် လိုအပ်ချက်များရှိနေပါက ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) နော်ယုဇနဝါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူ ၄၈ ချက်တွင် ပုဒ်မ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၃၂၊ ၃၆၊ ၃၇၊ ၃၈၊ ၄၄ များဖြင့် နိုင်ငံသားများ၏ မူလအခြေခံမူ လူ့အခွင့်အရေးကို အပြည့်အဝပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ပုဒ်မ ၄၄ အရ လူ့ဂုဏ်သိက္ခာညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိစေရ ဆိုသည့်အချက်သည် နိုင်ငံသားတိုင်းအပေါ် သက်ညှာပြီး လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို အခိုင်အမာအာမခံပေးထားပါကြောင်း၊ သို့ပါ၍ တရားရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များတွင်လည်း အတိအကျ လိုက်နာကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် **စာမျက်နှာ ၉ သို့**

စာမျက်နှာ ၈ မှအဆက်

အခန်း ၅၈ခန်းပါရှိပြီး အခန်း(၃) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များမှ အမှတ်စဉ် (၅၁) ဇယားပါ တိုင်တန်းချက်များအမှုပေါင်း ၃၄၇ မှုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို Soft file များ ဖြန့်ဝေပေးစေလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အကြမ်းဖက်တိုက်ခိုက်မှုများ ဆယ်စုနှစ်များစွာဖြစ်ပွားနေဆဲဖြစ်သဖြင့် တရားဥပဒေစိုးမိုးမှုမရှိသောနေရာများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ အနည်းနှင့်အများရှိနိုင်ပါကြောင်း၊ ထိုသို့ဖြစ်ပွားရာဒေသများမှ နိုင်ငံသားများကို တရားဝင် ရွေးကောက်ပွဲမှ ပြည်သူ့မဲဖြင့် ပေါ်ပေါက်လာသော ပြည်ထောင်စုလွှတ်တော်က အကာအကွယ်ပေးရန်လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်၏အစီရင်ခံစာတွင် ပဋိပက္ခဒေသအတွင်း နှစ်အလိုက်သေဆုံးမှုစာရင်း၊ နေရပ်စွန့်ခွာရွှေ့ပြောင်းသွားရသော လူဦးရေစာရင်း၊ မသန်စွမ်းဖြစ်သွားသည့် လူဦးရေစာရင်း စသည့် အရေအတွက်ကိန်းဂဏန်းများကို မှတ်တမ်းတင်ထည့်သွင်းအစီရင်ခံရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အကျဉ်းသားများစာရင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သောစာရင်းများကိုလည်း ထည့်သွင်းအစီရင်ခံသင့်သည်ဟု တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဥာဏ်ဝင်းထိုက်က ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများကို ပိုမို ထိရောက်စေရန်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ပြန်လည်ကုစားပေးနိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်နိုင်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း၊ ယင်းအချက်သည် အစီရင်ခံစာ၏ လက်တွေ့ရလဒ်ကို တိုင်းတာနိုင်သည့် အရေးကြီးသောအချက်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၏ အောင်မြင်မှုကို ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအရေအတွက်ဖြင့် မတိုင်းတာဘဲ ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို မည်မျှထိ ပြန်လည်ကုစားပေးနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများက မည်မျှထိ တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်း စသည့် လက်တွေ့ရလဒ်ဖြင့် တိုင်းတာသင့်ပါကြောင်း။

ကော်မရှင်၏ အစီရင်ခံစာများတွင် လုပ်ငန်းဆောင်ရွက်မှုအရေအတွက်များကို ဖော်ပြရုံသာမက တိုင်ကြားချက်များ၏ ဖြေရှင်းပြီးစီးမှုအခြေအနေ၊ သက်ဆိုင်ရာဌာနများ၏ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြည်သူများအပေါ် အမှန်တကယ်အကျိုးသက်ရောက်မှုများကိုပါ ပိုမိုပြည့်စုံစွာ ဖော်ပြသင့်ပါကြောင်း၊ ကော်မရှင်သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး အကြံပြုချက်ပေးပို့သည့် အဖွဲ့အစည်းအဆင့်တွင်သာ ရပ်တန့်မနေဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို လက်တွေ့ပြန်လည်ကုစားပေးနိုင်သည့် ပိုမိုအားကောင်းသော စနစ်တစ်ခုဖြစ်လာစေရေးအတွက် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်က အစီရင်ခံစာ၏ စာမျက်နှာ ၃၂၊ အပိုဒ် ၃၇၊ ၃၈ တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အကြောင်း အများပြည်သူများ အလွယ်တကူသိရှိနိုင်စေရန် ကော်မရှင် အသိပညာပေးစာအုပ် ၇၀၀၀ နှင့် လက်ကမ်းစာစောင် ၃၃၀၀ တို့ကို ဖြန့်ချိခဲ့သည်ဟု ဖော်ပြထားချက် အရ မြန်မာနိုင်ငံရှိ လူဦးရေနှင့်နှိုင်းယှဉ်ပါက အသိပညာပေးနိုင်မှု ထိရောက်မှုမရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံရှိ ပြည်သူအများစုက လူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ပေးနေမှုများနှင့် ဆောင်ရွက်ပေးနိုင်မှုများကို သိရှိနိုင်မှုအားနည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးချိုးဖောက်သည့်ကိစ္စရပ်များကို မသိရှိသူများ များပြားလာသည့်အတွက် အကြမ်းဖက်မှု၊ အနိုင်ကျင့်မှု၊ စွန့်ပစ်မှု၊ ဂုဏ်သိက္ခာညှဉ်းနှိမ်းအောင် ပြုမူဆောင်ရွက်မှုများ တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

စာမျက်နှာ ၃၂၊ အပိုဒ် ၄၀ တွင် ဘာသာရပ်ဆန်းစစ်ခြင်းနှင့် အသစ်ရေးဆွဲခြင်းတွင် အချက် ၁၈ ချက်ပါဝင်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများ အခွင့်အရေး၊ လူ့အခွင့်အရေးသဘောတရားနှင့် လူသားများ၏တာဝန်ရှိမှု၊ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးများ၊ လူငယ်များအတွက် လူ့အခွင့်အရေး အရေးပါပုံ စသည့်အချက်များကို ထည့်သွင်းရေးဆွဲထားသော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်မှု အားနည်းနေသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်မှုသည် အစီရင်ခံစာများထုတ်ပြန်ခြင်း၊ အစည်းအဝေးများကျင်းပခြင်း၊ စစ်ဆေးမှုများ ပြုလုပ်နိုင်ခြင်းတို့ဖြင့် ချိုးဖောက်ခံရသူများ၏ နစ်နာမှုများကို မည်မျှကုစားပေးနိုင်ခဲ့သည်၊ ချိုးဖောက်မှုများ မည်မျှလျော့ပါးသွားခဲ့သည်၊ ပြည်သူတို့၏ ဂုဏ်သိက္ခာကာကွယ်ရေးကို မည်မျှထိရောက်စွာ ကာကွယ်ပေးနိုင်ခဲ့သည် ဆိုသည့်အကြံပြုချက်များကို လက်တွေ့ဆောင်ရွက်နိုင်သည့်စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဦးလွှမ်းမိုးနိုင်၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဦးဝဏ္ဏဓိုး၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၊ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးယုနိုင်၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဌမ္မာဌေး၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း အစီအစဉ်တို့ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အသိပညာပေး လေးမိနစ်စာ Animation Video ပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများအပေါ် လှောင်ပြောင်သရော်မှုပပျောက်စေရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် (Right Based) အမြင်ပုံနှံ့စေရေး အသိပညာပေး Animation Video ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ပြိုင်ပွဲအကြောင်းအရာကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်၊ စကားပြောများကို မြန်မာဘာသာဖြင့်သာ ဖော်ပြရမည်။

(ဂ) လေးမိနစ်စာ (Animation Video) ဖန်တီးယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(င) https://www.moswrr.gov.mm/awareness//movie-clip?Page=1 website ရှိအသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(စ) File Format သည် mp4/ wmv/ avi ၊ အနည်းဆုံး Full HD 1920x1080 pixels ၊ RGB အရောင်သတ်မှတ်ချက်နှင့် File Size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့်လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(ဇ) Animation Video အတွက် ခေါင်းစဉ်ပါအကြောင်းအရာနှင့်သက်ဆိုင်သည့် ဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။

(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ပေးပို့ရမည်။

(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation Video ကို သင့်လျော်သည့်နေရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation Video များကိုပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation Video များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများကို နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Video Soft copy ကို Email သို့မဟုတ် DVD သို့မဟုတ် VCDဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ပြန်လည်ထူထောင်ရေးဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃) နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၄၆၀၄၊ အီးမေးလ်လိပ်စာ vulnerablegroup.moswrr@gmail.com၊ vulnerablegroup.dor@gmail.com သို့ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ မသန်စွမ်းသူများအားလုံးပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်း Inclusive ဖြစ်စေရေးလုပ်ငန်းတစ်ရပ်အဖြစ် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် Animation Video ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြုဖိတ်ခေါ်အပ်ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

ကျန်းမာရေးနှင့်ညီညွတ်သောဆီထုတ်လုပ်နိုင်ရေး ပဲပုပ်အထွက်တိုးနည်းသုံးစွဲပေး(အပိုင်း-၂)

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မျိုးစေ့ချရမည့်အတိမ်အနက်နှင့် အပေါ်ယံမြေမာကျော်လွှားနည်း

ပဲပုပ်စေ့များ မြေပေါ်သို့အောင်မြင်စွာရုန်းထွက်အပင်ပေါက်နိုင်ရန် စိုက်ပျိုးမည့်မြေအနက်သည် တစ်လက်မခွဲမှ နှစ်လက်မအတွင်းသာ ရှိသင့်သည်။ အကယ်၍ မျိုးစေ့ကို မြေအောက်သို့နက်လွန်းစွာချမိပါက အပင်ငယ်များ မြေပေါ်သို့ထိုးထွက်နိုင်စွမ်းနှင့် မျိုးညှောင့်ပေါက်နှုန်းကို ဆိုးရွားစွာထိခိုက်နိုင်သည်။ သို့ဖြစ်ရာ မျိုးစေ့ချအတိမ်အနက်မှန်ကန်တိကျစေရန် ထယ်ရေးကိုညီညာအောင် ဦးစွာပြင်ဆင်ရမည်ဖြစ်ပြီး သင့်တော်ကောင်းမွန်သည့် မျိုးစေ့ချကိရိယာကိုအသုံးပြု၍ စနစ်တကျ စိုက်ပျိုးသင့်သည်။

အခြားသတိပြုရမည့်အချက်တစ်ခုမှာ ပဲပုပ်စေ့မျိုးများမြေသို့ချစိုက်ချိန်တွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် နေပူပြင်းခြောက်သွေ့ပါက အပေါ်ယံမြေလွှာသည် အလွန်မာကျောသွားတတ်ပြီး အပင်ပေါက်နှုန်းနည်းပါးနိုင်သည်။ ဤအခြေအနေမျိုးတွင် အပင်ပေါက်နှုန်းပြည့်မီစေရန် စိုက်ခင်းကို အစိုဓာတ်ရအောင် ရေသွင်းပေးခြင်း သို့မဟုတ် ထွက်စပြုနေသော ပဲပုပ်ပင်ပေါက်ငယ်များကို ထိခိုက်မှုမရှိစေဘဲ မာကျောနေသောအပေါ်ယံမြေလွှာကို အသာအယာဖွပေးခြင်းတို့ကို မဖြစ်မနေပြုလုပ်ပေးရမည်။

အပင်ရေပြည့်မီရေးနှင့် ပင်ကြားတန်ကြားအကွာအဝေး

ပဲပုပ်စိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းအပြည့်အဝရရှိရန် တစ်ဧကတွင်ရှိရမည့် အပင်ရေပြည့်မီရန်အလွန်အရေးကြီးသည်။ ထို့ကြောင့် မြေဆီလွှာပြင်ဆင်ရန်လိုအပ်သကဲ့သို့ အပင်ပေါက်ရာခိုင်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကိုသာ ရွေးချယ်အသုံးပြုရမည်။ ယေဘုယျအားဖြင့် တစ်ဧကလျှင် ပျမ်းမျှ အပင်ရေ ၁ ဒသမ ၅ သန်းမှ ၂ ဒသမ ၄ သန်းထိ ရှိရမည်။

တစ်ဧကစာအတွက်လိုအပ်မည့် မျိုးစေ့ပမာဏမှာ တောင်သူများအသုံးပြုမည့် ပင်ကြားနှင့်တန်းကြားအကွာအဝေးပေါ်တွင် တိုက်ရိုက်မူတည်နေသည်။ ပုံမှန်အားဖြင့် တန်းကြားကို တစ်ပေမှ တစ်ပေခွဲထိထား၍ ၅ စိုက်ပျိုးလေ့ရှိသော်လည်း မြေဆီသြဇာအလွန်ထက်သန်ပြီး အပင်ဖြစ်ထွန်းမှုကောင်းသည့် မြေမျိုးတွင်မူ တန်းကြားကို နှစ်ပေထိခွာ၍စိုက်ပျိုးနိုင်သည်။ စိုက်ပျိုးချိန်နောက်ကျသွားသည့်အခြေအနေသို့မဟုတ် အပင်ဖြစ်ထွန်းမှုညံ့ဖျင်းနိုင်သည့်အခြေအနေရှိပါက တန်းကြားအကွာအဝေးကို စိပ်စိပ်ထား၍ စိုက်ပျိုးသင့်သည်။ အပင်တစ်ပင်နှင့်တစ်ပင်အကွာအဝေးကို တစ်လက်မခွဲမှ နှစ်လက်မအတွင်း ထားရှိစိုက်ပျိုးခြင်းက အသင့်တော်ဆုံးဖြစ်ပြီး ဤစနစ်အတိုင်းစိုက်ပျိုးပါက တစ်ဧကလျှင် ပဲပုပ်မျိုးစေ့တစ်တင်းခန့် လိုအပ်မည်ဖြစ်သည်။

စနစ်ကျသောဓာတ်မြေဩဇာကျွေးခြင်း

ပဲပုပ်သီးနှံအောင်မြင်ဖြစ်ထွန်းရန် ဓာတ်မြေဩဇာများကို မျိုးစေ့ချမည့်နေရာ၏ အောက်ဘက်နှစ်လက်မမှ သုံးလက်မခန့်အကွာတွင် သီးသန့်ထည့်သွင်းပေးခြင်းက အကောင်းဆုံးဖြစ်သည်။ အကယ်၍ ထိုသို့ အောက်ခြေတွင်မကျွေးနိုင်ပါက မြေကွက်တစ်ခုလုံး ညီညီညာညာဖြစ်အောင် ကြဲပက်ပြီးမှ ထယ်ထိုးဖုံးအုပ်ပေးရမည်။ နှုန်းထားအနေဖြင့် နောက်ဆုံးထယ်ရေးပြင်ချိန် သို့မဟုတ် စိုက်ပျိုးချိန်တွင် တစ်ဧကလျှင် ယူရီးယား ၂၈ ပေါင်၊ တီစူပါ ၅၆ ပေါင်မှ ၈၄ ပေါင်နှင့် ကျောက်မှုန့် ပေါင် ၁၀၀ တို့ကို အချိုးကျထည့်သွင်းပေးရမည်။ အထူးသတိပြုရန်မှာ ဓာတ်မြေဩဇာအာနိသင်ကြောင့် မျိုးစေ့များပျက်စီးတတ်သဖြင့် မျိုးစေ့များကို ဓာတ်မြေဩဇာများနှင့် တိုက်ရိုက်ရောနှောလူးနယ်စိုက်ပျိုးခြင်းကို လုံးဝရှောင်ကြဉ်ရမည်။

ပဲပုပ်ပင်အထွက်နှုန်းကောင်းမွန်စေရန်အတွက် ဖော့စဖရတ်ဓာတ်မြေဩဇာသည် အလိုအပ်ဆုံးနှင့် အရေးအကြီးဆုံးဖြစ်သည်။ ထို့ပြင် ဓာတ်မြေဩဇာနှင့်အတူ ကျောက်မှုန့်ကိုပါ ထည့်သွင်းပေးခြင်းက ပဲပုပ်စေ့များအတွင်း ဆီပါဝင်မှုနှုန်းနှင့် အစေ့အဆန်အောင်မြင်မှုကို အထူးကောင်းမွန်စေသည်။



မျိုးစေ့လူးနယ်စိုက်ပျိုးခြင်း

ပဲပုပ်စိုက်ပျိုးရာတွင် ရောဂါကင်းစင်ပြီး အထွက်နှုန်းသိသာစွာတိုးတက်စေရန် မျိုးစေ့ကို မှိုသတ်ဆေးနှင့်ပဲမြစ်ဖုဇီဝမြေဩဇာတို့ဖြင့် စနစ်တကျလူးနယ်စိုက်ပျိုးရန် အထူးလိုအပ်သည်။ ပဲပုပ်တွင် မျိုးစေ့ဆောင်မှုအမျိုး ၂၀ ခန့်ကြောင့် ရောဂါကျရောက်တတ်သဖြင့် မစိုက်ပျိုးမီ မှိုသတ်ဆေးတစ်မျိုးမျိုးနှင့် ဦးစွာလူးနယ်ပေးရမည်။ ထို့ပြင် ပဲပုပ်ပင်များတွင် မြစ်ဖုများကောင်းစွာဖြစ်ထွန်းပြီး လေထဲမှ နိုက်ထရိုဂျင်ဓာတ်ကို အပြည့်အဝစုပ်ယူနိုင်စေရန် တစ်ဧကစာမျိုးစေ့ကို ပဲမြစ်ဖုဇီဝမြေဩဇာတစ်ထုပ်နှုန်းဖြင့် သမအောင်လူးနယ်စိုက်ပျိုးရမည်။ ထိုသို့ လူးနယ်ရာတွင် ရေ သို့မဟုတ် အအေးခံထားသောထမင်းရည်ကဲ့သို့အနည်းငယ်ထည့်၍ မျိုးစေ့များပေါ်တွင် အမည်းရောင်ခဲမြေမျိုးများ ညီညီညာညာလူးကပ်သွားသည်ထိ စနစ်တကျနယ်ပေးရမည်။ လူးနယ်ပြီးပါက မျိုးစေ့များကို အေးမြသောအရိပ်အောက်တွင် ခေတ္တထားရှိပြီး ၎င်းနေ့မှာပင် အပြီးစိုက်ပျိုးရမည်ဖြစ်ကာ လူးနယ်ချိန်နှင့်စိုက်ချိန်ကြား အချိန်ကွာဟမှုနည်းနိုင်သမျှနည်းအောင် အထူးဂရုပြုဆောင်ရွက်ရမည်။

ပေါင်းမြက်နှိမ်နင်းခြင်း

ပဲပုပ်စိုက်ပျိုးရာတွင် ပေါင်းမြက်များကြောင့် အာဟာရလုယူမှုမရှိစေရန် စိုက်ပျိုးပြီးနောက် ရက်ပေါင်း ၃၀ နှင့် ၄၅ ရက်ကြား အရေးကြီးသောကာလတွင် ပေါင်းမြက်ကင်းစင်ရန် ထိရောက်သည့် ပေါင်းနှိမ်နင်းခြင်းကို မဖြစ်မနေဆောင်ရွက်ရမည်။ စိုက်ပျိုးပြီးနောက် ၂၅ ရက်မှ ရက် ၃၀ အတွင်းတွင် ပထမအကြိမ်၊ ၃၅ ရက်မှ ၄၅ ရက်အတွင်းတွင် ဒုတိယအကြိမ်အဖြစ် ပေါင်းမြက်များကို အချိန်မီနှိမ်နင်းပေးရန်လိုအပ်သည်။ အကယ်၍ ပေါင်းမြက်များကို အချိန်မီနှိမ်နင်းပေးခြင်းမရှိပါက အထွက်နှုန်း ၁၁ ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်းထိ အမြောက်အမြားလျော့နည်းဆုံးရှုံးသွားနိုင်သည်။

ရေသွင်းခြင်း

ပဲပုပ်အထွက်နှုန်းကောင်းမွန်ပြီး အောင်မြင်ဖြစ်ထွန်းစေရန် အပင်အတွက် အရေးကြီးဆုံးဖြစ်သောပန်းပွင့်ချိန်နှင့် မျိုးစေ့ဖွံ့ဖြိုးချိန်တို့တွင် ရေအစိုဓာတ်လုံလောက်စွာရရှိရန် အထူးလိုအပ်သည်။ နွေနှင့်မိုးကြိုရေသွင်းစိုက်ခင်းများတွင် စိုက်ပျိုးချိန်၌ ရေသွင်းပေးရုံသာမက ပန်းပွင့်ချိန်တွင် တစ်ကြိမ်၊ မျိုးစေ့ဖွံ့ဖြိုးချိန်တွင်တစ်ကြိမ် အနည်းဆုံးရေနှစ်ကြိမ် မဖြစ်မနေထပ်မံသွင်းပေးရမည်။

ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတွင် အထွက်နှုန်းကို အဓိကထိခိုက်စေသည့်ရန်သူများမှာ ပင်စည်ထိုးယင်ကောင်၊ သီးစုပ်ပိုးနှင့် စက်ပြောက်သီးလုံးဖောက်ပိုးတို့ဖြစ်ကြပြီး အပင်ရောဂါများထဲတွင်မူ မျိုးစေ့ဆောင်မှိုရောဂါသည် အဓိကအန္တရာယ်ဖြစ်သည်။ ပိုးမွှားနှင့်ရောဂါပိုးမွှားများ ခိုအောင်းပွားများမှုကို ကြိုတင်ဖြတ်တောက်နိုင်ရန် စိုက်ခင်းအနီးအနားတွင် အလိုအလျောက်ပေါက်ရောက်နေသည့် အလေ့ကျပဲပင်များနှင့်ပေါင်းမြက်များကို မဖြစ်မနေ ရှင်းလင်းဖယ်ရှားပစ်ရမည်။

ပင်စည်ထိုးယင်ကောင်ကိုကာကွယ်ရန် စိုက်ပျိုးခြင်းမပြုမီ ပဲပုပ်မျိုးစေ့တစ်တင်းလျှင် လာဆဒ် ၂၅၀ စီစီနှုန်းဖြင့် စနစ်တကျဦးစွာလူးနယ်၍ စိုက်ပျိုးရမည်။ သီးစုပ်ပိုးကိုကာကွယ်ရန် အပင်အတွင်း စိမ့်ဝင်ပျံ့နှံ့နိုင်စွမ်းရှိသော ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးကို အချိုးကျပက်ဖျန်းနှိမ်နင်းရမည်။ စက်ပြောက်သီးလုံးဖောက်ပိုးကို ကာကွယ်ရာတွင် ဆေးယဉ်ပါးမှုကိုကာကွယ်နိုင်ရန်အတွက် အင်ဒိုဆာလဖန်နှင့် သဘာဝတမာပိုးသတ်ဆေးတို့ကို တစ်လှည့်စီ အလှည့်ကျပက်ဖျန်းပေးရမည်။

သံချေးရောဂါသည် ပဲပုပ်အထွက်နှုန်းကို အဆိုးရွားဆုံး ဆုံးရှုံးစေနိုင်သဖြင့် ရောဂါလက္ခဏာတွေ့ရှိသည်နှင့် မင်ကိုဇော့၊ ဒက်ကိုနိုင်း သို့မဟုတ် အင်ဗေးစသည့် မှိုသတ်ဆေးတစ်မျိုးမျိုးကိုအချိန်မီပက်ဖျန်းကုသပေးရမည်။

ရိတ်သိမ်း၊ နယ်လှေ့၊ မျိုးသိုလှောင်ခြင်း

ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတွင် သီးနှံအရည်အသွေးနှင့် အထွက်နှုန်းအပြည့်အဝရရှိရန်အတွက် မှန်ကန်သောအချိန်တွင် ရိတ်သိမ်းရန် အထူးလိုအပ်သည်။ စိုက်ခင်းအတွင်းရှိ သီးတောင့်များအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့်သည် အဝါရောင်ပြောင်းပြီးရင့်မှည့်လာချိန်၊ အစေ့တွင်း အစိုဓာတ် ၁၃ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအတွင်းရှိချိန်သည် ရိတ်သိမ်းရန်အကောင်းဆုံးအချိန်ဖြစ်သည်။ အကယ်၍ သတ်မှတ်ချိန်ထက်စောစီးစွာရိတ်သိမ်းမိပါက အစေ့များမှာ အောင်မြင်မှုမရှိဘဲ လုံးပိန်၊ လုံးညှပ်များနှင့် အစိမ်းရောင်အစေ့များအများအပြားပါဝင်လာကာ အထွက်နှုန်းနှင့်ဈေးကွက်အရည်အသွေးကို ဆိုးရွားစွာကျဆင်းစေတတ်သည်။

ရိတ်သိမ်းပြီးနောက် ပဲပုပ်စေ့များ အရည်အသွေးမပျက်စီးစေရန် အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရမည်။

တလင်းပြင်၌ နေလှန်းခြင်းနှင့် အစေ့ခွဲခြင်း

ရိတ်သိမ်းပြီးသောပဲပုပ်ပင်များကို တလင်းထဲတွင် သုံးရက်မှ လေးရက်ခန့် နေရောင်ခြည်ပြပြဖြင့် သေချာစွာဖြန့်ခင်းလှန်းရမည်။

နေလှန်းပြီးပါက တုတ်ဖြင့်ရိုက်၍ဖြစ်စေ၊ ခေတ်မီသီးနှံခွဲစက်များအသုံးပြု၍ဖြစ်စေ အစေ့ထုတ်ယူနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မျိုးစေ့များ၏ အပေါ်ယံအခွံကွဲအက်ပျက်စီးခြင်းမရှိစေရန် အထူးသတိပြုဂရုစိုက်ရမည်။

မျိုးအဖြစ်ရေရှည်သိုလှောင်ခြင်း

ပဲပုပ်စေ့များကို နောက်ရာသီအတွက် မျိုးအဖြစ် စနစ်တကျသိမ်းဆည်းထားမည်ဆိုပါက မှိုမတက်စေရန်နှင့် အပင်ပေါက်နှုန်းမကျစေရန်အတွက် အစေ့တွင်းအစိုဓာတ် ကိုးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းသွားသည်ထိ နေပူထဲတွင်ထပ်မံသေချာစွာလှန်းပြီးမှသာ ဂိုဒေါင် သို့မဟုတ် သိုလှောင်ပုံများအတွင်းသို့ ထည့်သွင်းသိမ်းဆည်းရမည်။

ပဲပုပ်သီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် အလားအလာအကောင်းဆုံးစီးပွားဖြစ် သီးနှံတစ်မျိုးဖြစ်သည့်အပြင် ကျန်းမာရေးနှင့်ညီညွတ်သောစားသုံးဆီကို ပံ့ပိုးပေးနိုင်သည့် ဆီထွက်သီးနှံတစ်မျိုးလည်းဖြစ်သည်။ သို့ဖြစ်ပါ၍ မိရိုးဖလာစိုက်ပျိုးနည်းစနစ်ဟောင်းများမှခွဲထွက်ကာ စနစ်ကျသောဓာတ်မြေဩဇာကျွေးခြင်း၊ မျိုးစေ့လူးနယ်စိုက်ပျိုးခြင်းနှင့် အရေးကြီးသောကာလများတွင် ရေသွင်းခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း စသည့်ခေတ်မီစိုက်ပျိုးရေးနည်းများကို တိကျစွာလိုက်နာစိုက်ပျိုးကြရမည်ဖြစ်သည်။ အဆိုပါစိုက်ပျိုးနည်းလမ်းညွှန်ချက်များကို စနစ်တကျလိုက်နာကျင့်သုံးခြင်းဖြင့် ပိုးမွှားရောဂါကင်းဝေးကာ ပဲပုပ်အထွက်နှုန်းသိသာစွာတိုးတက်ပြီး အကျိုးအမြတ်ရရှိမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

- Winkrock International (၂၀၁၆)၊ ရှမ်းပြည်နယ်တောင်ပိုင်း ပဲပုပ်တောင်သူများအတွက် နည်းပညာအသစ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကုန်စည်တန်ဖိုးမြှင့်ကွင်းဆင်းများစီမံကိန်း၊
- ဒေါက်တာထွန်းဆိုင်(၂၀၁၀)၊ ပဲပုပ်သီးနှံသိစရာမှတ်စရာ၊ ထွန်ရေးညက်မှ ပဲထွက်မည်ဆောင်းပါးများ၊ စိုက်ပျိုးရေးဆိုင်ရာဆောင်းပါးပဒေသာသိဖွယ်ရာ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့။

မင်္ဂလာပွဲရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်လွှင့်ပြသမည်



ရန်ကုန် နိုဝင်ဘာ ၅

မင်္ဂလာပွဲ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် တိုင်ရွှန်ထံမှ သိရသည်။

မင်္ဂလာပွဲ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မင်းကိုစိုး(နတ်သံကွင်း)က ရေးသားထားပြီး ရန်နိုင်ထွန်း၊ သားမြင့်ဆွေ၊ မောင်သစ္စာတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)နှင့် တွဲဖက် ဒါရိုက်တာနေလင်းတို့က The Ray ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားက ၂၀၂၅ ခုနှစ် ဇွန်လတုန်းက ရုံတင်ပြသထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားမှာ အသန့်ကြိုက်ပြီး ကပ်စေးနဲတဲ့ ကျော်သူအောင်ဆိုတဲ့ ကာရိုက်တာနဲ့ သရုပ်ဆောင်ထားပါတယ်။ အသန့်ကြိုက်ပြီး ကပ်စေးနဲတဲ့ ကျော်သူအောင်နဲ့ ပရမ်းပတာနဲ့ တလွဲတွေလုပ်တဲ့ ကောင်မကလေး တစ်ယောက်ဆုံမိရာကနေ ဖြစ်လာတဲ့ ဟာသဇာတ်မြူးလေးပါ။ ဒီရုပ်ရှင်ဇာတ်ကားမှာ မင်္ဂလာပွဲ တစ်ပွဲကိုစီစဉ်ကြရင်း အလွဲပေါင်းများစွာနဲ့ စရိုက်စုံတဲ့လူတစ်သိုက် ဘယ်လိုဘယ်ပုံ ဟာသဖြစ်ရပ်တွေ ဖြစ်လာမလဲဆိုတာ CANAL+ ZAT LENN Channel က ထုတ်လွှင့်တဲ့အခါ ခံစားကြည့်ရှုကြပါအုံး" ဟု သရုပ်ဆောင် တိုင်ရွှန်က ပြောပြသည်။

မင်္ဂလာပွဲရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် တိုင်ရွှန်၊ နေဝင်း၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ သွက်လက်၊ ဇင်မျိုး၊ စူပါလင်း၊ စိုးမြတ်သူဇာ၊ မေမြင့်မိုရ်၊ ခြုံးလေး၊ မာမီသက်၊ လှမျိုးသန္တာနွယ်၊ အေးသီတာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

Serpentine ဇာတ်ကားကို ဒါရိုက်တာ ဒါရင်းလင်းဘိုမင်း ရိုက်ကူးမည်

နယူးယောက် နိုဝင်ဘာ ၅

Dream State Studios ကုမ္ပဏီ၏ Serpentine အမည်ရှိ စိတ္တဇလျှို့ဝှက်သည်းဖို့ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒါရင်းလင်းဘို့မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ဒါရင်းလင်းဘို့မင်းက Saw ထိတ်လန့်သည်းဖို ဇာတ်ကားများကို တာဝန်ယူရိုက်ကူးပေးသည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Serpentine ဇာတ်ကားသည် ရာဇဝတ်မှုများ၊ လျှို့ဝှက်ချက်များပြည့်နေသည့် နယူးအင်္ဂလန်ပြည်နယ် မြို့ငယ်လေးတစ်မြို့ကို နောက်ခံထား ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Serpentine ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဗယ်လာရီပါလန်ကာက ရေးသားပေးထားကြောင်း သိရသည်။

Serpentine ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Dream State Studios က ရွေးချယ်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Dream State Studios ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



မိုးကောင်းကင်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် စေရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၅

မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် စေရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် တိုင်ရွှန်ထံမှ သိရသည်။

စေရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ထက်မြတ်နိုင်ဇင်က ရေးသားထားပြီး လက်ထောက်ဒါရိုက်တာ ဥာဏ်လင်းထွန်း၊ ဇွဲလင်းပြည့်နှင့် ဒါရိုက်တာ မယ်မင်းဘုံတို့က မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

"စေဆိုတဲ့ ဒီရုပ်ရှင်ဇာတ်ကားက ဆရာမထက်မြတ်နိုင်ဇင်ရဲ့ ဝတ္ထုပေါ့နော်။ ဒါရိုက်တာက မယ်မင်းဘုံပါ။ မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားမှာ ကျွန်တော်ရယ်၊ ရွှေသမီးရယ်၊ ဟိန်းသီဟရယ်၊ မမျိုးသန္တာထွန်းရယ်နဲ့ အခြားသရုပ်ဆောင်တွေလဲ ပါဝင်မှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ကားမှာ ကျွန်တော်တစ်ခါမှ သရုပ်မဆောင်ဖူးတဲ့ ကာရိုက်တာနဲ့ သရုပ်ဆောင်မှာပါ။ ခေတ်မြို့ပြမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာကို စိတ်ကူးယဉ်ဆန်ဆန်လေးနဲ့ ကျန်းမာရေးရှုထောင့်ကော၊ အခြားဗဟုသုတရစရာတွေကော ဒီရုပ်ရှင်ကားမှာပါပါတယ်"ဟု သရုပ်ဆောင် တိုင်ရွှန်က ပြောပြသည်။



စေရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် တိုင်ရွှန်၊ ဟိန်းသီဟ၊ ဇော်ဝင်းမောင်၊ ဦးဝင်းမြိုင်၊ သားညီ၊ မင်းသူ၊ ရွှေသမီး၊ မျိုးသန္တာထွန်း၊ ဝါဝါအောင်၊ မြတ်ကေသီအောင်၊ အိမ့်ကြာဖြူနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

Ghost Rider ဇာတ်ကားသစ်တွင် မင်းသား ကွန်နာစတောရီး ပါဝင်ဖွယ်ရှိ

နယူးယောက် နိုဝင်ဘာ ၅

မာဗယ်စတူဒီယို၏ Ghost Rider ဇာတ်ကားသစ်၌ မင်းသား ကွန်နာစတောရီး ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသား ကွန်နာစတောရီးသည် Ghost Rider ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မာဗယ်စတူဒီယိုနှင့် ဆွေးနွေးနေသည်။

အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပါက မင်းသား ကွန်နာစတောရီးသည် မင်းသား ရိုင်ယန်ဂိုးစလင်းနှင့်အတူ Ghost Rider ဇာတ်ကား၌ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Ghost Rider ဇာတ်ကားကို ဒါရိုက်တာ ရှောင်လီဗိုင်းက ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုနာသန် ထရော့ပါက ရေးသားပေးထားကြောင်း၊ အဆိုပါ ဇာတ်ကားသစ်တွင်ပါဝင်ဖြစ်ပါက မင်းသား ကွန်နာစတောရီးသည် အဓိက ဗီလိန်ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ရဖွယ် ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



ဘားအံမြို့တွင် ၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

ဘားအံ နိုဝင်ဘာ ၅

ကရင်ပြည်နယ် ဘားအံမြို့တွင် ၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ယနေ့မှစတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိဖြစ်ကြောင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဦးစီးအရာရှိ ဦးညီဦးထံမှ သိရသည်။

အဆိုပါ ၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်တွင် ကရင်ရိုးရာဒုံးယိမ်းအကပြိုင်ပွဲ၊ ကရင်ရိုးရာလှေလှော်ပြိုင်ပွဲ၊ ကရင်ရိုးရာလက်ဝှေ့ ရွှေခါးပတ်လုပွဲများနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနပြခန်းများ၊ MSME ဒေသထုတ်ကုန်ပြခန်းများ၊ ဖျော်ဖြေရေး အစီအစဉ်များကို လည်း ထည့်သွင်းကျင်းပလျက်ရှိကြောင်း သိရသည်။

"ကရင်ရိုးရာဒုံးယိမ်းအကပြိုင်ပွဲကို ဒီနေ့ကနေ နိုဝင်ဘာ ၉ ရက်ထိ ဘားအံမြို့ သီရိကွင်းဒုံးစင်မြင့်မှာကျင်းပမှာဖြစ်ပြီး ရိုးရာလှော်ပြိုင်ပွဲကိုတော့ ဒီနေ့ကနေ နိုဝင်ဘာ ၇ ရက်ထိ ဘားအံမြို့ ကန်သာယာကန်မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒါ့ပြင် နိုဝင်ဘာ ၇ ရက်မှာတော့ ကရင်ပြည်နယ်နေ့ အခမ်းအနား မုခ်ဦးဖွင့်ပွဲကို သီရိကွင်းဒုံးစင်မြင့်မှာ ကျင်းပမှာဖြစ်ပြီး နိုဝင်ဘာ ၇ ရက်ကနေ ၉ ရက်ထိ မိုးလုံလေလုံအားကစားကွင်းမှာ ကရင်ရိုးရာလက်ဝှေ့ ရွှေခါးပတ်လုပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဦးစီးအရာရှိ ဦးညီဦးက ပြောပြသည်။

ကျင်းပလျက်ရှိသည့် ၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်တွင် ဖျော်ဖြေရေး အစီအစဉ်အဖြစ် ကရင်ပြဇာတ်၊ ခေတ်ပေါ် တေးဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိကြောင်း သိရသည်။

ASH

Commander-in-Chief of Defence Services General Ye Win Oo and Myanmar Tatmadaw delegation visit National Defence Academy in Vientiane and leaves for Luang Prabang



Commander-in-Chief of Defence Services General Ye Win Oo observes documentary photographs at the history museum of the National Defence Academy in Vientiane.



Commander-in-Chief of Defence Services General Ye Win Oo and wife Daw Nilar being welcomed at Luang Prabang International Airport.

Nay Pyi Taw November 5

The Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services General Ye Win Oo, who is on a goodwill visit to Lao People's Democratic Republic visited the National Defence Academy in Vientiane this morning.

On their arrival at the National Defence Academy, the General and party were welcomed by Major General Phanseng Bounphan, Head of Political Department of the academy and party with the Guard of Honour.

The Head of Political Department of the academy explained the historical occurrences, syllabuses, training sessions for trainees, educational reforms, and cooperation with some ASEAN countries in training session. The General asked about things he wanted to know. Both sides exchanged views on promotion of existing friendship and military cooperation between Myanmar and Laos and two armed forces, exchanges of training, experiences and technologies between military training depots, exchange of military technology and training experiences, enhancement of leadership and management capacity of officers, and prospects for future cooperation in further development of military technology between the two countries in addition to research and subjective-wise cooperation. They exchanged emblems and gifts and posed for documentary photos.

Thereafter, the General and party toured the history museum of the National Defence Academy, where they observed photographs, historical records and exhibits documenting the academy's history, the circumstances surrounding its establishment and its successive stages of development. They also observed the collection and preservation of publications on national defence and security and their use in teaching and learning activities. Officials conducted the General and party round the museum. The General then raised questions and held discussions on matters of interest before signing the visitors' book.

This afternoon, the General and party left Wattay International Airport in Vientiane by the special aircraft of Myanmar Tatmadaw for Luang Prabang. They were seen off at the airport by Myanmar Ambassador U Aung Ko and wife, the Head of Foreign Relations Department of the Lao Ministry of National Defence and officials.

When the special aircraft carrying the General and party arrived at Luang Prabang International Airport, they were welcomed by Brigadier General Thongla Xayavongsack, Commander of Luang Prabang Provincial Command and wife, and officials.

100

Nine scam/gambling buildings in Shwe Kokko (Part-II) dismantled as remaining ones underway for systematic demolition

Ongoing systematic demolition of a 6-story building used in online gambling operations within Shwe Kokko Part-II.





Demolition completed.





Demolition using heavy machinery.

Nay Pyi Taw November 5

As the government has combined teams completely demolished buildings in Shwe Kokko, where most of online scams and gambling were operated, so that they cannot be used again for such crimes, the systematic dismantling of nine illegal buildings there have completed so far. As one 6-storey building being mechanically demolished was knocked down 100 percent today, the dismantling of a total of nine illegal buildings completed and demolition of another 6-storey completed up to 70 percent today.

As 63 buildings used in online scams and gambling in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and dismantling manually floor by floor due to their proximity to residential ones and demolition works are being systematically carried out, a total of nine buildings including four for detonation and five for mechanical demolition completed and plans are under way to systematically dismantle the remaining illegal ones.

In coordination not only with domestic forces but also with neighboring governments, the government has continued to take measures to completely prevent online scams and gambling from taking root in Myanmar as a national responsibility.

100

More than 2,000 acres of sunflower planted in Monywa Township



This photo shows a field with newly planted sunflowers.

Monywa November 5

Local farmers have so far planted more than 2,000 acres of sunflower in Monywa Township of Sagaing Region, according to the township Agriculture Department.

A total of 7,755 acres of sunflower have been earmarked for cultivation in Monywa Township during the 2026-2027 winter crop season. Planting began in October this year, and 2,347 acres had been cultivated as of today, according to the Township Agriculture Department.

"During this year's winter crop season, we have set a target of cultivating more than 7,000 acres of sunflower in Monywa Township. More than 2,000 acres have been planted as of today. We are making arrangements to ensure that the targeted acreage is fully cultivated. We will also promote the expansion of sunflower cultivation, as an oilseed crop, to reduce reliance on imported palm oil. Sunflower produces more oil per acre than other oil crops such as groundnut and sesame," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

To expand sunflower cultivation in Monywa Township, the Township Agriculture Department is stepping up agricultural training and awareness programmes. It is also conducting training courses to enhance the capacity of departmental staff and farmers who plan to cultivate sunflower.

This year, arrangements have also been made to supply seeds to sunflower growers and sell urea fertilizer at affordable prices. In addition, sunflower seeds produced by farmers are being distributed through farmer-to-farmer seed exchange programmes. 206

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Pwintbyu Township to grow 230 acres of rice bean this year

Pwintbyu November 5

Pwintbyu Township Agriculture Department stated that local farmers will grow 230 acres of rice bean as cold season crops in Pwintbyu Township of Magway Region this year.

A total of 230 acres of rice bean will be cultivated in Pwintbyu Township during this year's winter crop season. Cultivation is scheduled to begin in the third week of November. It is reported that field-level assistance will be provided to farmers to ensure smooth cultivation without difficulties, including guidance on selecting varieties suitable for local conditions and adopting proper cultivation methods.

"During this year's winter crop season, 230 acres of rice bean have been earmarked for cultivation in Pwintbyu Township. Planting is scheduled to begin in the third week of this month, and we will make arrangements to ensure that the targeted acreage is fully cultivated. We will also work together with farmers to provide agricultural awareness and guidance on expanding rice bean cultivation areas, increasing yields through the selection of good-quality and pure seeds, following proper cultivation methods, applying agricultural inputs systematically, and preventing pest and disease infestations," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

She also explained that increasing rice bean yields would not only ensure sufficient supplies for local consumption but also generate income through the sale of surplus production, thereby contributing to improvements in the socioeconomic conditions of local communities. Therefore, efforts should be made in all areas to expand rice bean cultivation year by year, she added.

Ye Win Naing (NyaungU)

All plantations of sunflower harvested in Myinmu Township

Myinmu November 5

Local farmers have so far harvested all plantations of sunflower in Myinmu Township of Sagaing Region, according to the township Agriculture Department.

A total of 2,032 acres of sunflower were cultivated in Myinmu Township during this year's monsoon crop season. Harvesting of the sunflower fields began in August this year, and harvesting has now been completed on 100 percent of the cultivated acreage, with an average yield of 18.18 baskets per acre, according to the Township Agriculture Department.

"During this year's monsoon crop season, sunflower was cultivated on 2,032 acres in Myinmu Township. At present, harvesting has been completed on all the cultivated acreage. We will continue to promote the expansion of sunflower cultivation as an oilseed crop to reduce reliance on imported palm oil. Sunflower produces more oil per acre than other oil crops such as groundnut and sesame," said U Soe Paing, Head of the Myinmu Township Agriculture Department.

To expand sunflower cultivation in Myinmu Township, the Township Agriculture Department has stepped up agricultural awareness and training programmes. It has also conducted training courses to enhance the capacity of departmental staff and farmers planning to grow sunflower.

This year, arrangements were made to provide sunflower seeds to farmers and sell urea fertilizer at affordable prices. In addition, sunflower seeds produced locally have been distributed through farmer-to-farmer seed exchange programmes.

206

ChaungU Township completes harvesting of groundnut plantations

ChaungU November 5

According to the Township Agriculture Department in ChaungU Township, local farmers have harvested all sown acreage of groundnut in ChaungU Township of Sagaing Region this year.

A total of 5,056 acres of groundnut were cultivated in ChaungU Township during this year's monsoon crop season. Harvesting of the groundnut fields began in August this year, and all cultivated acreage has now been fully harvested, with an average yield of 54.36 baskets per acre, according to the Township Agriculture Department.

"During this year's monsoon crop season, groundnut was cultivated on 5,056 acres in ChaungU Township. At present, harvesting has been completed on 100 per cent of the cultivated acreage. The acreage cultivated exceeded the target, and groundnut cultivation has been successful and productive. As an oil crop, groundnut has performed well, and the area under groundnut cultivation has increased year by year," said U Tint Swe, Head of the ChaungU Township Agriculture Department.

It is reported that farmers in ChaungU Township use one and a half baskets of groundnut seeds per acre. The cultivation cost, including seed, labour, fertilizers and pesticides, exceeds K200,000 per acre. An average yield of more than 50 baskets per acre can be obtained.

To ensure successful groundnut cultivation and prevent pest and disease infestations and weed growth, staff from the Township Agriculture Department conducted field inspections, monitored the plantations and collected surveillance records.

206

Baykar ကုမ္ပဏီက Bayraktar TB2 UCAV မောင်းသူမဲ့လေယာဉ်ကို FPV ဒရုန်းများသယ်ဆောင်နိုင်သည့်စနစ်အဖြစ် ပြောင်းလဲစမ်းသပ်



တူရကီယဲနိုင်ငံအခြေစိုက် မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ Baykar သည် ၎င်း၏ Bayraktar TB2 UCAV မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်ကို FPV တိုက်ခိုက်ရေးဒရုန်းများ သယ်ဆောင်နိုင်သည့် ပျံသန်းသယ်ဆောင်ရေးစနစ်အဖြစ် ပြောင်းလဲစမ်းသပ်ခဲ့ကြောင်း Defence Blog သတင်းဌာနက နိုဝင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စမ်းသပ်မှုတွင် Bayraktar TB2 UCAV သည် FPV တိုက်ခိုက်ရေးဒရုန်း ၁၆ စင်းကို တောင်ပံတစ်ဖက်လျှင် ရှစ်စင်းစီ သယ်ဆောင်ခဲ့ပြီး ၎င်းဒရုန်းများကို ထိန်းချုပ်မောင်းနှင်သည့် မြေပြင်ရှိ အော်ပရေတာများအတွက် ဆက်သွယ်ရေး အချက်ပြလှိုင်းများ ပြန်လည်ပို့လွှတ်ပေးသည့် ဆက်သွယ်ရေးကြားခံစနစ် အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

Bayraktar TB2 UCAV သည် တူရကီနိုင်ငံ အနောက်မြောက်ပိုင်းရှိ Baykar ကုမ္ပဏီ၏ Keşan ပျံသန်းလေ့ကျင့်ရေးနှင့် စမ်းသပ်ရေးစင်တာမှ ပျံတက်ခဲ့ပြီး စမ်းသပ်ရေးဧရိယာသို့ ရောက်ရှိချိန်တွင် FPV ဒရုန်းနှစ်စင်းကို လွှတ်တင်ခဲ့သည်။ မြေပြင်ရှိ အော်ပရေတာများသည် TB2 UCAV ၏ ဒေတာဆက်သွယ်ရေးလင့်ခ်မှတစ်ဆင့် ဒရုန်းများကို ထိန်းချုပ်မောင်းနှင်ခဲ့ကြပြီး စမ်းသပ်မှုတွင် ဒရုန်းနှစ်စင်းစလုံးသည် ပစ်မှတ်များဆီသို့ ထိုးဆင်း တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

FPV ဒရုန်းများသည် ကင်မရာမှရရှိသည့် မြင်ကွင်းကို ကြည့်ရှုထိန်းချုပ်ပျံသန်းသော အရွယ်အစားသေးငယ်ပြီး ကုန်ကျစရိတ်နည်းပါးသည့် တောင်ပံလေးခုတပ် ဒရုန်းများဖြစ်ကာ ပေါက်ကွဲခဲယမ်းများ တပ်ဆင်အသုံးပြုနိုင်ကြောင်း သိရသည်။

Baykar ကုမ္ပဏီ၊ အမှုဆောင်အရာရှိချုပ် Haluk Bayraktar က FPV ဒရုန်းများသည် ပုံမှန်အားဖြင့် ကိုးမိုင်ခန့်အကွာအဝေးထိသာ ရောက်ရှိနိုင်ကြောင်း၊ သို့သော် TB2 UCAV ပေါ်တွင် သယ်ဆောင်ပြီး ဆက်သွယ်ရေး အချက်ပြလှိုင်းများကို ပြန်လည်ပို့လွှတ်ပေးနိုင်လျှင် ၎င်းတို့၏ လုပ်ဆောင်နိုင်သည့် အကွာအဝေးကို ကီလိုမီတာ ထောင်ပေါင်းများစွာထိ တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် အဆိုပါအကွာအဝေးသည် TB2 UCAV ၏ ကိုယ်ပိုင်ပျံသန်းနိုင်သည့် အကွာအဝေးအပြင် ဂြိုဟ်တုဆက်သွယ်ရေး သို့မဟုတ် တိုက်ရိုက်မြင်ကွင်းအတွင်း ဆက်သွယ်ရေးစနစ်များ ရရှိနိုင်မှုအပေါ် မူတည်နေသည်။ FPV ဒရုန်းများလွှတ်တင်ပြီးနောက် ပျံသန်းနိုင်သည့်ကြာချိန်နှင့် တစ်ချိန်တည်းတွင် ထိန်းချုပ်မောင်းနှင်နိုင်သည့် ဒရုန်းအရေအတွက်တို့ကိုလည်း Baykar ကုမ္ပဏီက အသေးစိတ်ထုတ်ပြန်ထားခြင်း မရှိသေးပေ။

ပို့မိုကြီးမားသည့် မောင်းသူမဲ့လေယာဉ်တစ်စင်းက ဒရုန်းများကို သယ်ဆောင်ပြီး လွှတ်တင်ပေးနိုင်သည့် အစီအစဉ်သည် ယူကရိန်းပဋိပက္ခအတွင်း လျင်မြန်စွာ ပျံနှံ့လာခဲ့သည်။ နှစ်ဖက်စလုံးသည် FPV ဒရုန်းများကို ပစ်မှတ်များနှင့် ပိုမိုနီးကပ်သည့်နေရာသို့ သယ်ဆောင်ပေးရန်နှင့် ပို့မိုဝေးလံသည့် အကွာအဝေးများတွင်လည်း ထိန်းချုပ်ဆက်သွယ်ရေးလင့်ခ်များ ဆက်လက်ရရှိစေရန် Mothership Drone စနစ်များကို အသုံးပြုလာကြသည်။

Baykar ကုမ္ပဏီသည် လေယာဉ်တစ်စင်းက ဒရုန်းများကို သယ်ဆောင်နိုင်သည့်အစီအစဉ်ကို ၂၀၂၄ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ပြီး အစ္စတန်ဘူလ်မြို့၌ ကျင်းပသည့် SAHA Expo ပြပွဲအတွင်း ခရိုအေးရှား နိုင်ငံအခြေစိုက် FPV ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီ ORQA နှင့် Bayraktar TB2 UCAV တွင် FPV ဒရုန်းများ ပေါင်းစပ်တပ်ဆင်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

Bayraktar TB2 UCAV သည် အလယ်အလတ်အမြင့်ပေမှ ပျံသန်းနိုင်သည့် မောင်းသူမဲ့လေယာဉ်အမျိုးအစားဖြစ်ပြီး ပုံမှန်အားဖြင့် လေဆာလမ်းညွှန်စနစ်ပါ ဗုံးငယ်များကို သယ်ဆောင်အသုံးပြုနိုင်ကြောင်း သိရသည်။

Baykar turns its Bayraktar TB2 into a carrier for FPV drones ကို ဘာသာပြန်ဆိုထားပါသည်။

ဆွစ်ဇာလန်၏ လေကြောင်းရန်ကာကွယ်ရေးစီမံကိန်းတွင် အစ္စရေးနှင့်ပြင်သစ်ထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ယှဉ်ပြိုင်ခဲ့


ဆွစ်ဇာလန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည် တိုးမြှင့်ရေးစီမံကိန်းတွင် အစ္စရေးနိုင်ငံထုတ် Barak MX နှင့် ပြင်သစ်နိုင်ငံထုတ် SAMP/T NG လေကြောင်းရန် ကာကွယ်ရေးစနစ်တို့သည် နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခဲ့ကြောင်း GLOBE သတင်းဌာနက နိုဝင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆွစ်ဇာလန်ဖက်ဒရယ်ကာကွယ်ရေး၊ အရပ်ဘက် ကာကွယ်ရေးနှင့် အားကစားဝန်ကြီးဌာနသည် အဆိုပါစီမံကိန်းအတွက် ခန့်မှန်းဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၁ ဘီလီယံခန့်ရှိပြီး ဥရောပ ကာကွယ်ရေး ဈေးကွက်အတွင်း အစ္စရေးနှင့် ပြင်သစ်နိုင်ငံတို့၏ လက်နက်နည်းပညာဆိုင်ရာယှဉ်ပြိုင်မှုကို ပိုမိုထင်ရှားလာစေခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံသည် လက်ရှိအသုံးပြုနေသော အမေရိကန်ထုတ် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဖြည့်စွက်နိုင်မည့် စနစ်သစ်တစ်ခုကို ရွေးချယ်ရန် ရည်ရွယ်ထားသည်။ စီမံကိန်းဘတ်ဂျက်ကို စနစ်သစ်ဝယ်ယူရေးအပြင် လက်ရှိ Patriot စနစ်များ၏ အသုံးပြုမှုနယ်ပယ် တိုးချဲ့ရေးအတွက်လည်း အသုံးပြုရန် စီစဉ်ထားသည်။ ၎င်းရင်းနှီးမြှုပ်နှံမှု၏ အဓိကရည်ရွယ်ချက်မှာ ပို့မိုကျယ်ပြန့်သော နယ်မြေများကို လေကြောင်းရန်မှ ကာကွယ်နိုင်ရန်နှင့် လက်နက်စနစ်ပေးသွင်းသူတစ်ဦးတည်း သို့မဟုတ် ပံ့ပိုးရေးကွင်းဆက်တစ်ခုတည်းအပေါ် မှီခိုရမှုကို လျှော့ချရန်ဖြစ်သည်။ ကနဦးအဆင့်အဖြစ် မူတွင် အဆိုပြုစနစ် လေးမျိုးကို စိစစ်ခဲ့ပြီး နောက် Barak MX နှင့် SAMP/T NG စနစ်တို့သည် နောက်ဆုံးအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံထုတ် Barak MX စနစ်ကို Israel Aerospace Industries (IAI) ကုမ္ပဏီက ထုတ်လုပ်ထားပြီး ရေဒါနှင့် ဒုံးပစ်လွှတ်စင်အမျိုးမျိုးကို ပေါင်းစပ်အသုံးပြုနိုင်သည့် စနစ်ဖြစ်သည်။ တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ မြေပြင်မှဝေဟင် ပစ်ဒုံးကျည်များနှင့် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်များကို တုံ့ပြန်ဟန့်တားနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ Barak MX စနစ်တွင် ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်စနစ်သုံးမျိုးကို ရွေးချယ်အသုံးပြုနိုင်ပြီး Barak MRAD စနစ်သည် အကွာအဝေး ၃၅ ကီလိုမီတာ၊ Barak LRAD သည် ကီလိုမီတာ ၇၀ နှင့် Barak ER သည် ကီလိုမီတာ ၁၅၀ ထိ ရောက်ရှိနိုင်သည်ဟု ဖော်ပြထားသည်။

အဆိုပါဒုံးကျည်များတွင် ရေဒါအခြေပြု ရှာဖွေထောက်လှမ်းရေးစနစ်များ ပါဝင်ပြီး ဒုံးကျည်အမျိုးအစားအလိုက် Single-pulse နှင့် Dual-pulse အစိုင်အခဲလောင်စာသုံး ဒုံးအင်ဂျင်များကို အသုံးပြုထားသည်။ Barak ER ဒုံးကျည်တွင်မူ ပို့မိုကောင်းမွန်သော ရေဒါအခြေပြု ရှာဖွေထောက်လှမ်းရေးစနစ်နှင့်အတူ အရှိန်မြှင့်စနစ် Booster ကိုလည်း ထည့်သွင်းတပ်ဆင်ထားကြောင်း သိရသည်။



ပြင်သစ်နိုင်ငံထုတ် SAMP/T NG လေကြောင်းရန် ကာကွယ်ရေးစနစ်သည် တိုက်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်ရန် ထုတ်လုပ်ထားပြီး အမြင့်ဆုံးကြားဖြတ်တိုက်ခိုက်နိုင်သည့် အကွာအဝေးမှာ Barak MX စနစ်နှင့် နှိုင်းယှဉ်နိုင်သည့် ကီလိုမီတာ ၁၅၀ ခန့်ရှိကြောင်း သိရသည်။

လက်ရှိတွင် SAMP/T NG စနစ်ကို ပြင်သစ်နှင့် အီတလီနိုင်ငံတို့က အသုံးပြုလျက်ရှိပြီး ဒိန်းမတ်နိုင်ငံကလည်း မကြာသေးမီက ဝယ်ယူရန်ရွေးချယ်ထားသည်။

ဆွစ်ဇာလန်၏ရွေးချယ်မှုသည် လေကြောင်းရန်ကာကွယ်ရေးစနစ် တစ်မျိုးတည်း ဝယ်ယူရေးထက် လက်ရှိ Patriot စနစ်နှင့် အခြားစနစ်တစ်ခုကို ပေါင်းစပ်အသုံးပြု၍ ကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်ရန်နှင့် နိုင်ငံတကာ ကာကွယ်ရေးစနစ်များအပေါ် မှီခိုရမှုကို ချိန်ညှိရန် ရည်ရွယ်သည့် အရေးပါသော စီမံကိန်း တစ်ရပ်ဖြစ်သည်။ Barak MX နှင့် SAMP/T NG တို့အနက် မည်သည့်စနစ်ကို ရွေးချယ်မည်ဆိုသည်မှာ ဆွစ်ဇာလန်၏ နောက်ဆုံးအကဲဖြတ်မှုနှင့် ဝယ်ယူရေးဆုံးဖြတ်ချက်အပေါ် မူတည်နေဆဲဖြစ်ကြောင်း သိရသည်။

Israel, France head to head over Swiss air defense contract ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ယင်းမာပင် နိုဝင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၉၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၇၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ဖူးစားပြောင်း ၁၀၉၇၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် ယင်းမာပင်မြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

သဲကုန်းမြို့နယ် ကြိုရပ်သာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



သဲကုန်း နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (Smart Village)ရန်ပုံငွေဖြင့် ကြိုရပ်သာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ကြိုရပ်သာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ အဆိုပါ ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (Smart Village)ရန်ပုံငွေကျပ် သန်း ၃၀ အသုံးပြု၍ ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးထံမှ သိရသည်။

သန္တာ

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ်ပိသာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ် ပိသာချိန် ၅၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမုတ်ပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးမုတ်ပိသာချိန် ၅၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များ တင်ပို့ရောင်းချလာရသည့်အတွက် ငါးမုတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးမုတ်ပိသာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးမုတ်တွေက လတ်ဆတ်မှုရှိပါတယ်။ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမုတ်တစ်ပိသာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၂၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

သထုံမြို့နယ် ကျောင်းဧရပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သထုံ နိုဝင်ဘာ ၅

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းဧရပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျောင်းဧရပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၂၃ သန်း၊ ကွန်ကရစ်တိုင်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်တစ်သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၄၀ ကို ရန်ပုံငွေကျပ် ၄၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ



လွှတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် “နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာဆောင်ရွက်ချက်များ”ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းတင်ပြ



နေပြည်တော် နိုဝင်ဘာ ၅

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များစွမ်းရည်မြှင့်တင်ရေးအတွက် “နိုင်ငံတော်၏လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ”ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang Lian ဦးစွာ၊

❍ လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာမှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဧည့်ခန်းမတွင် နိုင်ငံရေးဌာနအကြီးအကဲက သမိုင်းကြောင်းဆိုင်ရာများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်တန်းသားများကို လေ့ကျင့်သင်ကြားရေးဆိုင်ရာများ၊ပညာရေးဆိုင်ရာတိုးတက်ပြောင်းလဲမှုများ၊ အာဆီယံနိုင်ငံအချို့နှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များမေးမြန်းဆွေးနွေးပြီး မြန်မာ-လာအို နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ စစ်ဘက်ဆိုင်ရာ သင်တန်းကျောင်းများကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နိုင်ငံရေးဌာနအကြီးအကဲ Major General Phanseng Bounphan နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာတို့အား လွန်ပရာဘန်ပြည်နယ် စစ်ဌာနချုပ်မှူး Brigadier General Thongla Xayavongsack နှင့် ဇနီး၊ တာဝန်ရှိသူများက လွန်ပရာဘန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နိုင်ငံရေးဌာနအကြီးအကဲ Major General Phanseng Bounphan နှင့် တွေ့ဆုံဆွေးနွေးစဉ်။

သင်ကြားရေးပညာရပ်များ၊ အတွေ့အကြုံများနှင့် နည်းပညာများအပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာအတွေ့အကြုံများအပြန်အလှန်ဖလှယ်ရေး၊ အရာရှိများ၏ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များမြှင့်တင်ရေး၊ သုတေသနနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အပြင် နှစ်နိုင်ငံကြား စစ်ဘက်ပညာရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အနာဂတ်တွင် ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအပါအဝင် အခြားကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းသမိုင်းပြတိုက်ရှိ တက္ကသိုလ်၏ သမိုင်းကြောင်း၊ တည်ထောင်ခဲ့သည့် နောက်ခံအကြောင်းအရာများနှင့် ဖွံ့ဖြိုးတိုးတက်လာမှုအဆင့်ဆင့်ကို မှတ်တမ်းတင်ပြသထားသည့် ဓာတ်ပုံများ၊ သမိုင်းဝင်မှတ်တမ်းများနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စာအုပ်စာတမ်းများ စုဆောင်းထိန်းသိမ်းထားရှိမှုနှင့် သင်ကြားသင်ယူရေးလုပ်ငန်းများတွင် အသုံးချဆောင်ရွက်နေမှုများကိုလည်းကောင်း လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းမြို့ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့တပ်မတော်အထူးလေယာဉ်ဖြင့် လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာကြရာ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဇနီး၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးဌာနအကြီးအကဲနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စီးနင်းလိုက်ပါလာသည့် မြန်မာ့တပ်မတော်အထူးလေယာဉ်သည် လွန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ကို လွန်ပရာဘန်ပြည်နယ် စစ်ဌာနချုပ်မှူး Brigadier General Thongla Xayavongsack နှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

စဉ့်ကိုင်မြို့နယ် ဒုဋ္ဌဝတီမြစ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများတွင် ဆိုလာစနစ်များ အားဖြည့်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မန္တလေး နိုဝင်ဘာ ၅


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ပေါ်ရှိ ရွှေလှံဗိုလ်နှင့် ရွာသာယာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆိုလာစနစ်များ အားဖြည့်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးရာ မူလတပ်ဆင်ပြီးဖြစ်သော ဆိုလာစနစ် 596 kW တပ်ဆင်သုံးစွဲမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ရွှေလှံဗိုလ်တွင် တပ်ဆင်မည့် 257 kW ဆိုလာစနစ်အတွက် လုပ်ငန်းများဆောင်ရွက်မှုနှင့် တပ်ဆင်မည့်ဆိုလာပစ္စည်းများ ရောက်ရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ရွှေလှံဗိုလ်ကျေးရွာအနီးရှိ ရွှေလှံဗိုလ်ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေကိုကြည့်ရှုပြီး တာဝန်ရှိသူများက မိုးစပါးအောင်ရေ ပေးဝေပြီးချိန်တွင် ရွှေလှံဗိုလ်မြစ်ရေတင်မှတစ်ဆင့်ကန်အတွင်းသို့ ရေဖြည့်သွင်းပေးမည့်အခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများတွင် ဆိုလာစနစ်များ ထပ်မံအားဖြည့်တပ်ဆင်ပေးမှုကြောင့် လာမည့်နွေရာသီကာလတွင် ရေသောက်ဧရိယာရှိ စိုက်ပျိုးဧကများသို့ စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်းနှင့် ရွှေလှံဗိုလ်ကန်သို့လည်း ရေလုံလောက်စွာဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးကျော်



☆ **ကျောဖုံးမှအဆက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် တရားဝင်ငွေလဲလှယ်နှုန်းများကို ဗဟိုဘဏ် Website တွင် နေ့စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိသဖြင့် Money Changer များတွင်လည်းကောင်း၊ ဘဏ်နှင့် Customerများကြားတွင်လည်းကောင်း ဝယ်ယူရောင်းချခြင်းများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထုတ်ပြန်ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်းများဖြင့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကထုတ်ပေးထားသည့် တရားဝင်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေကြေးများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်းတို့ကိုဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိရပါကလည်းကောင်း၊ သတ်မှတ်စျေးနှုန်းဖြင့် ဝယ်ယူခြင်း၊ ရောင်းချခြင်းမပြုပါကလည်းကောင်း နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်မှုကိုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို **ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ** ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

❑ သတ်မှတ်ကြေညာမှ

ပြည်သူ့လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၃၄ နယ်

(၁) တွန်းဇံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၄) ဗန်းမောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၈) ယင်းမာပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၀) မြိတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၁) ညောင်လေးပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၂) ပေါက်ခေါင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၃) ပန်းတောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၄) ချောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၅) မင်းဘူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၆) ပြင်ဦးလွင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၇) မိတ္ထီလာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၈) နွားထိုးကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၉) စဉ့်ကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၀) မိုးကုတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၁) ကျိုက်မရောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၂) မရမ်းကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၃) ရွှေပြည်သာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၄) လှည်းကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၅) တာမွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၆) ကိုကိုးကျွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၇) လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၈) ကျောက်မဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၉) မိုင်းဖြတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၀) မိုင်းပန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၁) မအူပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၂) ဇမ္ဘူသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၃) ဒက္ခိဏာသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၄) ဥတ္တရသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

အမျိုးသားလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၁၂နယ်

(၁) ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)
(၂) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)
(၃) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)
(၄) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)
(၅) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ၁၆ နယ် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်

(၁) တွန်းဇံမြို့နယ်မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ်မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ်မဲဆန္ဒနယ်
(၄) ဗန်းမောက်မြို့နယ်မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ်မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ်မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ်မဲဆန္ဒနယ်
(၈) ယင်းမာပင်မြို့နယ်မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ်မဲဆန္ဒနယ်
(၁၀) ရွှေဘိုမြို့နယ်မဲဆန္ဒနယ်
(၁၁) ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်
(၁၂) သဲကုန်းမြို့နယ်မဲဆန္ဒနယ်
(၁၃) နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ်
(၁၄) စဉ့်ကူးမြို့နယ်မဲဆန္ဒနယ်
(၁၅) မိုးကုတ်မြို့နယ်မဲဆန္ဒနယ်
(၁၆) ရေကြည်မြို့နယ်မဲဆန္ဒနယ်

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၇ ခုနှစ်၊ ဖေဖြေလ ၄ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လွှတ်တော်မဲဆန္ဒနယ်များအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် ရက်စွဲပါ ကြေညာချက်အမှတ်(၆၈ / ၂၀၂၆)ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယင်းမဲဆန္ဒနယ်မြေ သတ်မှတ်ထုတ်ပြန်ချက်များနှင့် လွှတ်တော်အလိုက် မဲဆန္ဒနယ်များတွင် ကျင်းပမည့် နယ်မြေများစာရင်းအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်	ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ကျင်းပမည့်နယ်မြေများစာရင်း
	ချင်းပြည်နယ်	
၁	တွန်းဇံမြို့နယ် မဲဆန္ဒနယ်	တွန်းဇံမြို့နယ်အတွင်းရှိ ၁။ ခေါဝုန်/လေးဆန်ရပ်ကွက်(တွန်းဇံမြို့)၊ ၂။ ခေါလိုင်/ဂိုးဇန်ရပ်ကွက်(တွန်းဇံမြို့)။
၂	ဖလမ်းမြို့နယ် မဲဆန္ဒနယ်	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလ်ရပ်ကွက်(ဖလမ်းမြို့)၊ ၂။ဇလိုင်ရပ်ကွက်(ဖလမ်းမြို့)၊ ၃။ဖာရ်ထောက်ရပ်ကွက် (ဖလမ်းမြို့)၊ ၄။တလန်လိုရပ်ကွက်(ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက် (ဖလမ်းမြို့)၊ ၆။လိုင်လွန်ရပ်ကွက်(ဖလမ်းမြို့)၊ ၇။ လုံပီးရပ်ကွက် (ဖလမ်းမြို့) ၊ ၈။ ဇာလိုင်ရပ်ကွက်(ဖလမ်းမြို့)။
	စစ်ကိုင်းတိုင်းဒေသကြီး	
၃	ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်	ထီးချိုင့်မြို့နယ်အတွင်းရှိ ၁။ စံပြရပ်ကွက်၊ ၂။ အောင်ဇေယျာရပ်ကွက်၊ ၃။ ဝိသာခါရပ်ကွက်၊ ၄။ ဘုရင့်နောင်ရပ်ကွက်၊ ၅။ မြတောင်ကျေးရွာအုပ်စု၊ ၆။ မောင်းကုန်းကျေးရွာအုပ်စု။
၄	ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်	ဗန်းမောက်မြို့နယ်အတွင်းရှိ ၁။ မြနန္ဒာရပ်ကွက်၊ ၂။ မြို့မရပ်ကွက်၊ ၃။ လွစင်ကုန်းရပ်ကွက်၊ ၄။ အောင်သာကုန်းရပ်ကွက်၊ ၅။ မြစ်သေးချင်းကျဲကောကုန်းကျေးရွာအုပ်စု၊ ၆။ လယ်နက်ကြီးကျေးရွာအုပ်စု၊ ၇။ စက်တောကျေးရွာအုပ်စု၊ ၈။ ကံရွာကျေးရွာအုပ်စု၊ ၉။ ပင်ဟင်းခါးကျေးရွာအုပ်စု၊ ၁၀။ လေးသီကျေးရွာအုပ်စု၊ ၁၁။ ပင်ပုံကျေးရွာအုပ်စု၊ ၁၂။ မံလောင်ပေပင်ကျေးရွာအုပ်စု၊ ၁၃။ မံလူကျေးရွာအုပ်စု၊ ၁၄။ မံစီကြီးကျေးရွာအုပ်စု၊ ၁၅။နောင်ပတ်ကျေးရွာအုပ်စု၊ ၁၆။ နန့်မားကျေးရွာအုပ်စု၊ ၁၇။ မံအင်ကျေးရွာအုပ်စု၊ ၁၈။ နားနန့်ထွန်ကျေးရွာအုပ်စု။
၅	အင်းတော်မြို့နယ် မဲဆန္ဒနယ်	အင်းတော်မြို့နယ်အတွင်းရှိ ၁။အောင်မင်္ဂလာရပ်ကွက်(အင်းတော်မြို့)၊ ၂။ အောင်ချမ်းသာရပ်ကွက်(အင်းတော်မြို့)၊ ၃။ အောင်ဇေယျရပ်ကွက်(အင်းတော်မြို့)၊ ၄။ အောင်မေတ္တာရပ်ကွက်(အင်းတော်မြို့)၊ ၅။ နန့်ခင့်ကျေးရွာအုပ်စု၊ ၆။ လယ်ပြင်ကျေးရွာအုပ်စု။
၆	ကောလင်းမြို့နယ် မဲဆန္ဒနယ်	ကောလင်းမြို့နယ်အတွင်းရှိ ၁။ မြောက်အင်းရပ်ကွက်၊ ၂။ ကျော်ဇေယျာ(၁)ရပ်ကွက်၊ ၃။ ဈေးရုံဗိုလ်တဲရပ်ကွက်၊ ၄။မြို့မမြို့ကုန်းရပ်ကွက်၊ ၅။ ပြင်ဦးလွင်ရပ်ကွက်၊ ၆။စက်ရုံလယ်ပြင်ရပ်ကွက်၊ ၇။ ကျော်ဇေယျာ(၂)ရပ်ကွက်၊ ၈။ မင်းတဲကြီးရပ်ကွက်။
၇	ပုလဲမြို့နယ် မဲဆန္ဒနယ်	ပုလဲမြို့နယ်အတွင်းရှိ ၁။မြောက်ပိုင်းရပ်ကွက်၊ ၂။တောင်ပိုင်းရပ်ကွက်။
၈	ယင်းမာပင်မြို့နယ် မဲဆန္ဒနယ်	ယင်းမာပင်မြို့နယ်အတွင်းရှိ ၁။(က)ရပ်ကွက်၊ ၂။(ခ)ရပ်ကွက်၊ ၃။(ဂ)ရပ်ကွက်၊ ၄။(ဃ)ရပ်ကွက်။
၉	တန့်ဆည်မြို့နယ် မဲဆန္ဒနယ်	တန့်ဆည်မြို့နယ်အတွင်းရှိ ၁။ ဗိုလ်မြရပ်ကွက်၊ ၂။ ပေါ်ဦးရပ်ကွက်၊ ၃။ မဟာမြိုင်ရပ်ကွက်၊ ၄။ မေတ္တာမြိုင်ရပ်ကွက်၊ ၅။ ဘေရင်းကျေးရွာအုပ်စု၊ ၆။ မူးဂွကျေးရွာအုပ်စု၊ ၇။ ကျွန်းလယ်ကျေးရွာအုပ်စု၊ ၈။ တုတ္တလုပ်ကျေးရွာအုပ်စု။
	တနင်္သာရီတိုင်းဒေသကြီး	
၁၀	မြိတ်မြို့နယ် မဲဆန္ဒနယ်	မြိတ်မြို့နယ်တစ်ခုလုံး။
	ပဲခူးတိုင်းဒေသကြီး	
၁၁	ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်	ညောင်လေးပင်မြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်အမှတ်(၁)(ညောင်လေးပင်မြို့)၊ ၂။ မြို့မရပ်ကွက်အမှတ်(၂)(ညောင်လေးပင်မြို့)၊ ၃။ မြို့မရပ်ကွက်အမှတ်(၃)(ညောင်လေးပင်မြို့)၊ ၄။ မြို့မရပ်ကွက်အမှတ်(၄) (ညောင်လေးပင်မြို့)၊ ၅။ မြို့မ(၁) ရပ်ကွက်(မဒေါက်မြို့)၊ ၆။ မြို့မ(၂)ရပ်ကွက်(မဒေါက်မြို့)၊ ၇။ မြို့မ(၁)ရပ်ကွက် (ပြွန်တန်ဆာမြို့)၊ ၈။ မြို့မ (၂)ရပ်ကွက် (ပြွန်တန်ဆာမြို့)၊ ၉။ မြို့မ(၃)ရပ်ကွက်(ပြွန်တန်ဆာမြို့)၊ ၁၀။ မြို့မ(၄)ရပ်ကွက်(ပြွန်တန်ဆာမြို့)၊ ၁၁။မြို့မ(၅)ရပ်ကွက် (ပြွန်တန်ဆာမြို့)၊ ၁၂။ မြို့မ(၁)ရပ်ကွက်(ဝိန်းဇလုပ်မြို့)၊ ၁၃။မြို့မ(၂)ရပ်ကွက်(ဝိန်းဇလုပ်မြို့)၊ ၁၄။အလယ်ကျေးရွာအုပ်စု၊ ၁၅။ ချောင်းကျိုးကျေးရွာအုပ်စု၊ ၁၆။ အေးကျေးရွာအုပ်စု၊ ၁၇။ ဂျို့ပင်ကျေးရွာအုပ်စု၊ ၁၈။ လှည်းဆိပ်ကျေးရွာအုပ်စု။

စာမျက်နှာ ၁၉ သို့

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိ ရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

လျှပ်စစ်မီတာ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

စာမျက်နှာ ၁၈ မှအဆက်

		၁၉။ အင်းချောင်ကျေးရွာအုပ်စု၊ ၂၀။အင်းဝိုင်းကျေးရွာအုပ်စု၊ ၂၁။ ကလိန်ခင်ကျေးရွာအုပ်စု၊ ၂၂။ကံကလေးကျေးရွာအုပ်စု၊ ၂၃။ ကုန်းအင်းကျေးရွာအုပ်စု၊ ၂၄။ ချောင်းရင်းကျေးရွာအုပ်စု၊ ၂၅။ ကျဘန်းကျေးရွာအုပ်စု၊ ၂၆။ ကြံဘိုကျေးရွာအုပ်စု၊ ၂၇။ ကြာအင်းကြီးကျေးရွာအုပ်စု၊ ၂၈။ မုကွမူကျေးရွာအုပ်စု၊ ၂၉။ ငှက်ပျောတောကျေးရွာအုပ်စု၊ ၃၀။ နဘဲပင်ကျေးရွာအုပ်စု၊ ၃၁။ ဖိုးတုပ္ပံကျေးရွာအုပ်စု၊ ၃၂။ စမ်းကလေး(အရှေ့)ကျေးရွာအုပ်စု၊ ၃၃။ စမ်းကြီးကျေးရွာအုပ်စု၊ ၃၄။ ရှမ်းကျေးရွာအုပ်စု၊ ၃၅။ ထောန်လှတ်ကျေးရွာအုပ်စု၊ ၃၆။ တော်ပသီကျေးရွာအုပ်စု၊ ၃၇။ တော်ဝိကျေးရွာအုပ်စု၊ ၃၈။ ထိန်တပင်ကျေးရွာအုပ်စု၊ ၃၉။ သောင်ကြီးကျေးရွာအုပ်စု၊ ၄၀။ သံတံတားကျေးရွာအုပ်စု၊ ၄၁။ ဝါးပတောကျေးရွာအုပ်စု၊ ၄၂။ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ၄၃။ ဝဂ်ဘော်ကျေးရွာအုပ်စု၊ ၄၄။ ဝဲဝန်းကျေးရွာအုပ်စု၊ ၄၅။ ရေဖြူကန်ကျေးရွာအုပ်စု၊ ၄၆။ ရေဆုံးကျေးရွာအုပ်စု၊ ၄၇။ ရေကျော်ကျေးရွာအုပ်စု၊ ၄၈။ ရေပေါ်သောင်ကျေးရွာအုပ်စု၊ ၄၉။ ဇီးကုန်းကြီးကျေးရွာအုပ်စု၊ ၅၀။ စည်ပင်ကျေးရွာအုပ်စု။
၁၂	ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်	ပန်းတောင်းမြို့နယ်တစ်ခုလုံး။
	မကွေးတိုင်းဒေသကြီး	
၁၃	ချောက်မြို့နယ် မဲဆန္ဒနယ်	ချောက်မြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်(ချောက်မြို့)၊ ၂။ အမှတ်(၂)ရပ်ကွက်(ချောက်မြို့)၊ ၃။အမှတ်(၃)ရပ်ကွက်(ချောက်မြို့)၊ ၄။ အမှတ်(၄)ရပ်ကွက်(ချောက်မြို့)၊ ၅။ အမှတ်(၅)ရပ်ကွက်(ချောက်မြို့)၊ ၆။ အမှတ်(၆)ရပ်ကွက်(ချောက်မြို့)၊ ၇။ အမှတ်(၇)ရပ်ကွက်(ချောက်မြို့)၊ ၈။ အမှတ်(၈)ရပ်ကွက်(ချောက်မြို့)၊ ၉။ အမှတ်(၉)ရပ်ကွက်(ချောက်မြို့)၊ ၁၀။ အမှတ်(၁၀)ရပ်ကွက်(ချောက်မြို့)၊ ၁၁။ အမှတ်(၁၁)ရပ်ကွက်(ချောက်မြို့)၊ ၁၂။ အမှတ်(၁၂)ရပ်ကွက်(ချောက်မြို့)၊ ၁၃။ အမှတ်(၁၃)ရပ်ကွက်(ချောက်မြို့)၊ ၁၄။ အမှတ်(၁၄)ရပ်ကွက်(ချောက်မြို့)၊ ၁၅။ အမှတ်(၁)ရပ်ကွက်(စလေမြို့)၊ ၁၆။ အမှတ်(၂)ရပ်ကွက်(စလေမြို့)၊ ၁၇။ အမှတ်(၃)ရပ်ကွက်(စလေမြို့)၊ ၁၈။ အမှတ်(၄)ရပ်ကွက်(စလေမြို့)၊ ၁၉။ အမှတ်(၅)ရပ်ကွက်(စလေမြို့)၊ ၂၀။ အမှတ်(၆)ရပ်ကွက်(စလေမြို့)။
၁၅	မင်းဘူးမြို့နယ် မဲဆန္ဒနယ်	မင်းဘူးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်(မင်းဘူးမြို့)၊ ၂။ အမှတ်(၂)ရပ်ကွက်(မင်းဘူးမြို့)၊ ၃။ အမှတ်(၃)ရပ်ကွက်(မင်းဘူးမြို့)၊ ၄။ အမှတ်(၄)ရပ်ကွက်(မင်းဘူးမြို့)၊ ၅။ အမှတ်(၁)ရပ်ကွက်(စကုမြို့)၊ ၆။ အမှတ်(၂)ရပ်ကွက်(စကုမြို့)၊ ၇။ အမှတ်(၃)ရပ်ကွက်(စကုမြို့)၊ ၈။ လက်ခုတ်ပင်ကျေးရွာအုပ်စု၊ ၉။ ပင်လယ်သက်ကျေးရွာအုပ်စု၊ ၁၀။ ကံသာကျေးရွာအုပ်စု၊ ၁၁။ ဥယျာဉ်ဇောင်ကျေးရွာအုပ်စု၊ ၁၂။ ရေပုတ်ကျေးရွာအုပ်စု၊ ၁၃။ ကုလားပါးကျေးရွာအုပ်စု၊ ၁၄။ ကံသစ်ကျေးရွာအုပ်စု၊ ၁၅။ ကံကုလားကျေးရွာအုပ်စု၊ ၁၆။ ကဒီးကျေးရွာအုပ်စု၊ ၁၇။ ပေါက်ငူကျေးရွာအုပ်စု၊ ၁၈။ မန်းကြိုးကျေးရွာအုပ်စု၊ ၁၉။ ကျောက်စံကျေးရွာအုပ်စု၊ ၂၀။ ထနောင်းတောကျေးရွာအုပ်စု၊ ၂၁။ ကျောက်စစ်ပုံကျေးရွာအုပ်စု၊ ၂၂။ ကျောက်တန်းကျေးရွာအုပ်စု၊ ၂၃။ကံရေကျေးရွာအုပ်စု၊ ၂၄။ ရွာသာကျေးရွာအုပ်စု၊ ၂၅။ ကြာကံကျေးရွာအုပ်စု၊ ၂၆။ မယ်ဘေ့ကုန်းကျေးရွာအုပ်စု၊ ၂၇။ အလံပါယ်ကျေးရွာအုပ်စု၊ ၂၈။ လက်ပတောကျေးရွာအုပ်စု၊ ၂၉။ နိဗ္ဗာန်ကျွန်းကျေးရွာအုပ်စု၊ ၃၀။ ထောက်ရှာပင်ကျေးရွာအုပ်စု၊ ၃၁။ ပုဒေါင်းကျေးရွာအုပ်စု၊ ၃၂။ မုန်ထောင်ကျေးရွာအုပ်စု၊ ၃၃။ ချောင်းဖြူကျေးရွာအုပ်စု၊ ၃၄။ သီးကုန်းကျေးရွာအုပ်စု၊ ၃၅။ ကျွန်းပြားကျေးရွာအုပ်စု၊ ၃၆။ မင်းလှကျွန်းကျေးရွာအုပ်စု၊ ၃၇။ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ၃၈။ ပေါက်ပင်ထွင်းကျေးရွာအုပ်စု၊ ၃၉။ မကျီးသုံးပင်ကျေးရွာအုပ်စု၊ ၄၀။ ရေပေါ်ကြီး ကျေးရွာအုပ်စု၊ ၄၁။ ဆင်ခေါင်းကျေးရွာအုပ်စု၊ ၄၂။ မောင်းမကန်ကျေးရွာအုပ်စု၊ ၄၃။ ဇီးအိုင်းကျေးရွာအုပ်စု၊ ၄၄။ ကုန်းသာကျေးရွာအုပ်စု၊ ၄၅။ တောင်မန်းစံပြရွာသစ်ကျေးရွာအုပ်စု၊ ၄၆။ ထိန်တောကျေးရွာအုပ်စု၊ ၄၇။ ပိုက်ပင်ကျေးရွာအုပ်စု၊ ၄၈။ ရေငံကျေးရွာအုပ်စု၊ ၄၉။ ရွာပုလဲကုန်းတန်းကျေးရွာအုပ်စု၊ ၅၀။ ကျီးပင်ကန်ကျေးရွာအုပ်စု၊ ၅၁။ ဖလံရုံကျေးရွာအုပ်စု၊ ၅၂။ နန်းတော်ကုန်းကျေးရွာအုပ်စု၊ ၅၃။ ရွာသာယာကျေးရွာအုပ်စု၊ ၅၄။ သဘော်ကျွန်းကျေးရွာအုပ်စု။
	မန္တလေးတိုင်းဒေသကြီး	
၁၆	ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်	ပြင်ဦးလွင်မြို့နယ်တစ်ခုလုံး။
၁၇	မိတ္ထီလာမြို့နယ် မဲဆန္ဒနယ်	မိတ္ထီလာမြို့နယ်အတွင်းရှိ ၁။ အောင်ဆန်းရပ်ကွက်၊ ၂။ ပေါက်ချောင်းရပ်ကွက်၊ ၃။ နန်းတော်ကုန်းရပ်ကွက်၊ ၄။ မြို့မရပ်ကွက်၊ ၅။ အရှေ့ပြင်ရပ်ကွက်၊ ၆။ရတနာမာန်အောင်ရပ်ကွက်၊ ၇။ သီရိမင်္ဂလာရပ်ကွက်၊ ၈။ ဝန်းဇင်းရပ်ကွက်၊ ၉။ ရန်မျိုးအောင်ရပ်ကွက်၊ ၁၀။ ကြည်တော်ကုန်းရပ်ကွက်၊ ၁၁။ အောင်ဇေယျာရပ်ကွက်၊ ၁၂။ ချည်စက်ရပ်ကွက်၊ ၁၃။ ပြည်သာယာရပ်ကွက်(တောင်)၊ ၁၄။ ပြည်သာယာရပ်ကွက်(မြောက်)၊ ၁၅။အရာတော်ကျေးရွာအုပ်စု၊ ၁၆။ ရေချို့ကျေးရွာအုပ်စု၊ ၁၇။ လိန်တောကျေးရွာအုပ်စု၊ ၁၈။ ကျောက်ဖြူကုန်းကျေးရွာအုပ်စု၊ ၁၉။ ရွှေစစ်သည်ကျေးရွာအုပ်စု၊ ၂၀။ မွေကျေးရွာအုပ်စု၊ ၂၁။ ဆည်အောင်ကုန်းကျေးရွာအုပ်စု၊ ၂၂။ အိုင့်ကြီးလည်ကျေးရွာအုပ်စု၊ ၂၃။ တပျော်ကျေးရွာအုပ်စု၊ ၂၄။ ရေဝေကျေးရွာအုပ်စု၊ ၂၅။ မုန်တိုင်ကျေးရွာအုပ်စု၊ ၂၆။ သရက်ပင်ကျေးရွာအုပ်စု၊ ၂၇။ မြောက်လည်ကျေးရွာအုပ်စု၊ ၂၈။ သီးကုန်းကျေးရွာအုပ်စု၊ ၂၉။ အလည်ကျေးရွာအုပ်စု၊ ၃၀။ဆပ်ပျာကျင်းကျေးရွာအုပ်စု၊ ၃၁။ ကန်နီကျေးရွာအုပ်စု၊ ၃၂။ ခင်တဲကျေးရွာအုပ်စု၊ ၃၃။ အင်းကျေးရွာအုပ်စု၊ ၃၄။ ရွှေပဒိုင်ကျေးရွာအုပ်စု၊ ၃၅။ ကျွဲတလင်းကျေးရွာအုပ်စု၊ ၃၆။ ဂဠုံကုန်းကျေးရွာအုပ်စု၊ ၃၇။ မြင်းကန်ကျေးရွာအုပ်စု၊ ၃၈။ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ၃၉။ ထမံကန်ကျေးရွာအုပ်စု၊ ၄၀။ တောမကျေးရွာအုပ်စု၊ ၄၁။ ကဖြူကျေးရွာအုပ်စု၊ ၄၂။ ညောင်ကိုင်းကျေးရွာအုပ်စု၊ ၄၃။ ရုန်းတောကြီးကျေးရွာအုပ်စု၊ ၄၄။ ညောင်ကန်ကျေးရွာအုပ်စု၊ ၄၅။ ကန်သာကျေးရွာအုပ်စု၊ ၄၆။ ဆည်ကုန်းကျေးရွာအုပ်စု၊ ၄၇။ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ၄၈။ ကန်တောင်ကျေးရွာအုပ်စု၊ ၄၉။ ညောင်ဇောက်ကျေးရွာအုပ်စု၊ ၅၀။ မြာကျေးရွာအုပ်စု၊ ၅၁။ ခင်လူးကျေးရွာအုပ်စု၊ ၅၂။ ပျဉ်သာကျေးရွာအုပ်စု၊ ၅၃။ လှည်းပွဲကျေးရွာအုပ်စု၊ ၅၄။ မောက်လောက်ကျေးရွာအုပ်စု၊ ၅၅။ ကျောင်းကျေးရွာအုပ်စု၊ ၅၆။ ညောင်မြင့်ကျေးရွာအုပ်စု၊ ၅၇။ကွက်ငယ်ကျေးရွာအုပ်စု၊ ၅၈။ လျှော်ဖြူကန်ကျေးရွာအုပ်စု၊ ၅၉။မကြီးစုကျေးရွာအုပ်စု၊ ၆၀။ ဝါးရုံကျေးရွာအုပ်စု၊ ၆၁။ ကန်ကြီးကျေးရွာအုပ်စု၊ ၆၂။ ရှမ်းတဲကျေးရွာအုပ်စု၊ ၆၃။ ရှမ်းမငယ်(ရှမ်းမငယ်)ကျေးရွာအုပ်စု။
၁၈	နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ်	နွားထိုးကြီးမြို့နယ်အတွင်းရှိ ၁။အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂) ရပ်ကွက်၊ ၃။ အမှတ်(၃)ရပ်ကွက်၊ ၄။ အမှတ်(၄)ရပ်ကွက်၊ ၅။ အမှတ်(၅)ရပ်ကွက်၊ ၆။ အမှတ်(၆)ရပ်ကွက်၊ ၇။ အမှတ်(၇)ရပ်ကွက်၊ ၈။ အမှတ်(၈)ရပ်ကွက်။
၁၉	စဉ့်ကူးမြို့နယ် မဲဆန္ဒနယ်	စဉ့်ကူးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ၄။ လက်ပန်လှကျေးရွာအုပ်စု၊ ၅။ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ၆။ ရွှေပြည်ကျေးရွာအုပ်စု။
၂၀	မိုးကုတ်မြို့နယ် မဲဆန္ဒနယ်	မိုးကုတ်မြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်၊ ၂။ ရှောလီဝိုင်းရပ်ကွက်၊ ၃။ မင်းတံတားရပ်ကွက်၊ ၄။ လယ်ဦးရပ်ကွက်၊ ၅။ ရေပူရပ်ကွက်၊ ၆။ ပိန်းပြစ်ကျေးရွာအုပ်စု၊ ၇။ တောင်ဒွန်းကျေးရွာအုပ်စု၊ ၈။ သဒွတ်သျှိကျေးရွာအုပ်စု၊ ၉။ ပြောင်းပြင်ကျေးရွာအုပ်စု၊ ၁၀။ ကျောက်ဆင်ကျေးရွာအုပ်စု၊ ၁၁။ ရွာသာယာကျေးရွာအုပ်စု၊ ၁၂။ ကျောက်ဝါကျေးရွာအုပ်စု၊ ၁၃။ လီရှောလယ်ဦးကျေးရွာအုပ်စု၊ ၁၄။ ချောင်းကြီးကျေးရွာအုပ်စု၊ ၁၅။ လီရှောကျောက်ပုံကျေးရွာအုပ်စု၊ ၁၆။ ကြက်နှစ်ဖကျေးရွာအုပ်စု၊ ၁၇။ ဘော့လုံးကြီးကျေးရွာအုပ်စု၊ ၁၈။ ကပိုင်ကျေးရွာအုပ်စု၊ ၁၉။ ကသဲကျေးရွာအုပ်စု၊ ၂၀။ ကျပ်ပြင်ကျေးရွာအုပ်စု၊ ၂၁။ အုန်ဒန်ကျေးရွာအုပ်စု၊ ၂၂။ ရေအေးကျေးရွာအုပ်စု၊ ၂၃။ ကင်းကျေးရွာအုပ်စု၊ ၂၄။ လောင်းစင်ကျေးရွာအုပ်စု၊ ၂၅။ ရွှေညောင်ပင်ကျေးရွာအုပ်စု၊ ၂၆။ ဗမွန်ကျေးရွာအုပ်စု၊ ၂၇။ ဖြူရောင်ကျေးရွာအုပ်စု၊ ၂၈။ ကျောက်တလုံးကျေးရွာအုပ်စု၊ ၂၉။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၃၀။ညောင်ထောက်ကျေးရွာအုပ်စု၊ ၃၁။ ပင်သပြေကျေးရွာအုပ်စု၊ ၃၂။ လွယ်ငင်းကျေးရွာအုပ်စု။
	မွန်ပြည်နယ်	
၂၁	ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်	ကျိုက်မရောမြို့နယ်အတွင်းရှိ ၁။ရှင်စောပုရပ်ကွက်၊ ၂။ ရန်မျိုးအောင်ရပ်ကွက်၊ ၃။ အထရံရပ်ကွက်၊ ၄။အောင်သုခရပ်ကွက်၊ ၅။ ဘာဘူကုန်းကျေးရွာအုပ်စု၊ ၆။ ဘိန်းဗျောကျေးရွာအုပ်စု၊ ၇။ ဓမ္မသကျေးရွာအုပ်စု၊ ၈။ ကဒါကျေးရွာအုပ်စု၊ ၉။ ကလိုင်းကနိုင်ကျေးရွာအုပ်စု၊ ၁၀။ ခနောင်ကျေးရွာအုပ်စု၊ ၁၁။ ကော့သပ်ကျေးရွာအုပ်စု၊ ၁၂။ ခရုံကျေးရွာအုပ်စု၊ ၁၃။ ကျိုက်ပရန်ကျေးရွာအုပ်စု၊ ၁၄။ ကျုံကွယ်ကျေးရွာအုပ်စု၊ ၁၅။ ကျုံစိန်ကျေးရွာအုပ်စု၊ ၁၆။ ကျုံဝမ်းကျေးရွာအုပ်စု၊ ၁၇။ လမုခိုကျေးရွာအုပ်စု၊ ၁၈။ လက်ပန်ကျေးရွာအုပ်စု၊ ၁၉။ မိကသစ်ကျေးရွာအုပ်စု၊ ၂၀။ ပိန်းနဲကုန်းကျေးရွာအုပ်စု၊ ၂၁။ ဖနံကျေးရွာအုပ်စု၊ ၂၂။ တရနာကျေးရွာအုပ်စု၊ ၂၃။ သံကလောင်ကျေးရွာအုပ်စု၊ ၂၄။ ရေတွင်းကုန်းကျေးရွာအုပ်စု။
	ရန်ကုန်တိုင်းဒေသကြီး	
၂၂	မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်	မရမ်းကုန်းမြို့နယ်တစ်ခုလုံး။
၂၃	ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်	ရွှေပြည်သာမြို့နယ်တစ်ခုလုံး။
၂၄	လှည်းကူးမြို့နယ် မဲဆန္ဒနယ်	လှည်းကူးမြို့နယ်တစ်ခုလုံး။
၂၅	တာမွေမြို့နယ် မဲဆန္ဒနယ်	တာမွေမြို့နယ်တစ်ခုလုံး။
၂၆	ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ်	ကိုကိုးကျွန်းမြို့နယ်တစ်ခုလုံး။
၂၇	လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်မဲဆန္ဒနယ်	လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တစ်ခုလုံး။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

	ရှမ်းပြည်နယ်	
၂၈	ကျောက်မဲမြို့နယ် မဲဆန္ဒနယ်	ကျောက်မဲမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက် (ကျောက်မဲမြို့)၊ ၂။ အမှတ်(၂)ရပ်ကွက်(ကျောက်မဲမြို့)၊ ၃။ အမှတ်(၃)ရပ်ကွက်(ကျောက်မဲမြို့)၊ ၄။ အမှတ်(၄)ရပ်ကွက်(ကျောက်မဲမြို့)၊ ၅။ အမှတ်(၅)ရပ်ကွက်(ကျောက်မဲမြို့)၊ ၆။ အမှတ်(၆)ရပ်ကွက်(ကျောက်မဲမြို့)၊ ၇။ အမှတ်(၇)ရပ်ကွက်(ကျောက်မဲမြို့)၊ ၈။ အမှတ်(၈)ရပ်ကွက်(ကျောက်မဲမြို့)၊ ၉။ အမှတ်(၉)ရပ်ကွက်(ကျောက်မဲမြို့)၊ ၁၀။ မန်ကျောင်း(ကျွဲကုန်း)ကျေးရွာအုပ်စု၊ ၁၁။ ခိုမုန်းကျေးရွာအုပ်စု၊ ၁၂။ ကျောက်မဲကြီးကျေးရွာအုပ်စု၊ ၁၃။ မန်ကျောင်း(ကျောက်မဲကြီး)ကျေးရွာအုပ်စု၊ ၁၄။ ပိန်းကုန်းကျေးရွာအုပ်စု။
၂၉	မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်	မိုင်းဖြတ်မြို့နယ်အတွင်းရှိ ၁။ ဝမ်မိုင်ရပ်ကွက်၊ ၂။ ဈေးတန်းရပ်ကွက်၊ ၃။ ဝမ်ဝေရပ်ကွက်၊ ၄။ မိုင်းဖြတ်ကျေးရွာအုပ်စု၊ ၅။ ဝမ်လုံးကျေးရွာအုပ်စု၊ ၆။ နမ့်ကုန်းကျေးရွာအုပ်စု၊ ၇။ နမ့်လောက်ကျေးရွာအုပ်စု၊ ၈။ နမ့်နန်းကျေးရွာအုပ်စု၊ ၉။ မွန်ကာကျောင်းကျေးရွာအုပ်စု၊ ၁၀။ ဆီးမွန်ကျေးရွာအုပ်စု၊ ၁၁။ ဝမ်ပုံကျေးရွာအုပ်စု၊ ၁၂။ အိုက်လုံကျေးရွာအုပ်စု၊ ၁၃။ ဆားလုကျေးရွာအုပ်စု၊ ၁၄။ အိုက်ငုကျေးရွာအုပ်စု၊ ၁၅။ ဟွေရှိုကျေးရွာအုပ်စု၊ ၁၆။ နမ့်လန်းကျေးရွာအုပ်စု၊ ၁၇။ တောညုနမ့်ခမ်း(အောက်)ကျေးရွာအုပ်စု၊ ၁၈။ နမ့်ယွန်းကျေးရွာအုပ်စု၊ ၁၉။ မိုင်းဟဲကျေးရွာအုပ်စု၊ ၂၀။ ကောင်းမူကျေးရွာအုပ်စု၊ ၂၁။ လမ်းဆတ်ကျေးရွာအုပ်စု၊ ၂၂။ မိုင်းတင်းကျေးရွာအုပ်စု၊ ၂၃။ နမ့်ဟက်ပုံကျေးရွာအုပ်စု၊ ၂၄။ နမ့်ပန်ကျေးရွာအုပ်စု။
၃၀	မိုင်းပန်မြို့နယ် မဲဆန္ဒနယ်	မိုင်းပန်မြို့နယ်တစ်ခုလုံး။
	ဇရာဝတီတိုင်းဒေသကြီး	
၃၁	မအူပင်မြို့နယ် မဲဆန္ဒနယ်	မအူပင်မြို့နယ်တစ်ခုလုံး။
	ပြည်ထောင်စုနယ်မြေ	
၃၂	ဇမ္ဗူသီရိမြို့နယ် မဲဆန္ဒနယ်	ဇမ္ဗူသီရိမြို့နယ်တစ်ခုလုံး။
၃၃	ဒက္ခိဏာသီရိမြို့နယ် မဲဆန္ဒနယ်	ဒက္ခိဏာသီရိမြို့နယ်တစ်ခုလုံး။
၃၄	ဥတ္တရာသီရိမြို့နယ် မဲဆန္ဒနယ်	ဥတ္တရာသီရိမြို့နယ်တစ်ခုလုံး။

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက်သတ်မှတ်ထားသည့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်အမှတ်	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ကျင်းပမည့်နယ်မြေများစာရင်း
၁	ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၅)	ဝိုင်းမော်မြို့နယ်အတွင်းရှိ ၁။ အမှတ် (၁)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၂။ အမှတ် (၂)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၃။ အမှတ် (၃)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၄။ အမှတ် (၄)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၅။ မဒိန်ကျေးရွာအုပ်စု၊ ၆။ မုတ်လွဲကျေးရွာအုပ်စု၊ ၇။ ခတ်ချီကျေးရွာအုပ်စု၊ ၈။ မိုင်းနားကျေးရွာ အုပ်စု၊ ၉။ နောင်တာလောကျေးရွာအုပ်စု၊ ၁၀။ နောင်ဟီးကျေးရွာအုပ်စု၊ ၁၁။ မခန်တိုးကျေးရွာအုပ်စု၊ ၁၂။ ဝူယန်ကျေးရွာအုပ်စု၊ ၁၃။ နောင်ချိန်းကျေးရွာအုပ်စု၊ ၁၄။ စန်းကားကျေးရွာအုပ်စု။
၂	ချင်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၃)	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလ်ရပ်ကွက်(ဖလမ်းမြို့)၊ ၂။ ဗလိုင်ရပ်ကွက်(ဖလမ်းမြို့)၊ ၃။ ဖာရ်ထောက်ရပ်ကွက်(ဖလမ်းမြို့)၊ ၄။ တလန်လိုရပ်ကွက်(ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက်(ဖလမ်းမြို့)၊ ၆။ လိုင်လွန်ရပ်ကွက်(ဖလမ်းမြို့)၊ ၇။ လုံဝီးရပ်ကွက်(ဖလမ်းမြို့)၊ ၈။ ဇာလိုင်ရပ်ကွက်(ဖလမ်းမြို့)။
၄	ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)	ကဝမြို့နယ်တစ်ခုလုံး၊ ပဲခူးမြို့နယ်တစ်ခုလုံး၊ သနပ်ပင်မြို့နယ် တစ်ခုလုံးနှင့် ဝေါမြို့နယ်အတွင်းရှိ ၁။ ကန်တော်ရပ်ကွက်၊ ၂။ သစ်စက်ရပ်ကွက်၊ ၃။ ချမ်းမြသာစည်ရပ်ကွက်၊ ၄။ ချမ်းသာယာရပ်ကွက်၊ ၅။ ဘိုးဘုံရပ်ကွက်၊ ၆။ ဝေါအရှေ့ဘက်ကမ်းရပ်ကွက်၊ ၇။ နောင်ပတ္တရာကျေးရွာအုပ်စု၊ ၈။ နောင်ဂျမ်းကျေးရွာအုပ်စု၊ ၉။ သဘော့ကန်ကျေးရွာအုပ်စု၊ ၁၀။ ကေရာဇီကျေးရွာအုပ်စု၊ ၁၁။ ကျိုက်လှကျေးရွာအုပ်စု၊ ၁၂။ ဝေါရှမ်းစု ကျေးရွာအုပ်စု၊ ၁၃။ ကြာလဟာကျေးရွာအုပ်စု၊ ၁၄။ ကံမြင့်ကျေးရွာ အုပ်စု၊ ၁၅။ ကျုံသင်ကျေးရွာအုပ်စု၊ ၁၆။ ကော့ဝင်းကျေးရွာအုပ်စု၊ ၁၇။ ညောင်သုံးခွကျေးရွာအုပ်စု၊ ၁၈။ မိုးနက်ကျေးရွာအုပ်စု၊ ၁၉။ ညောင်ကိုင်းကျေးရွာအုပ်စု၊ ၂၀။ ကဒွတ်ကျေးရွာအုပ်စု၊ ၂၁။ ကျုံရဲ ကျေးရွာအုပ်စု၊ ၂၂။ ဘိုကတော်ကျေးရွာအုပ်စု၊ ၂၃။ လက်ပံသုံးပင် ကျေးရွာအုပ်စု၊ ၂၄။ ကမာကဘန်ကျေးရွာအုပ်စု၊ ၂၅။ ဘုရားပျိုကျေးရွာ အုပ်စု၊ ၂၆။ ထိန်တပင်ကျေးရွာအုပ်စု၊ ၂၇။ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ၂၈။ ဝင်းကဒတ်ကျေးရွာအုပ်စု၊ ၂၉။ တောကြီးကျေးရွာအုပ်စု၊ ၃၀။ ရှမ်းကိုင်းကျေးရွာအုပ်စု၊ ၃၁။ အထက်ပန်းညိုကျေးရွာအုပ်စု၊ ၃၂။ သပြေကန်ကျေးရွာအုပ်စု၊ ၃၃။ ညောင်ခါးရွာညီကျေးရွာအုပ်စု၊ ၃၄။ မုံကတုံးကျေးရွာအုပ်စု၊ ၃၅။ ဆပ်သွားခြံကျေးရွာအုပ်စု၊ ၃၆။ အဗျား ငှက်ချေးဝင်းကျေးရွာအုပ်စု၊ ၃၇။ အဗျားအလယ်စုကျေးရွာအုပ်စု၊ ၃၈။ အဗျားဗိုလ်တဲကျေးရွာအုပ်စု၊ ၃၉။ ဘိုးပြန်ကျေးရွာအုပ်စု၊ ၄၀။ ဘိုးစပါယ်ကျေးရွာအုပ်စု၊ ၄၁။ အဗျားထမင်းဆိုင်ကျေးရွာအုပ်စု၊ ၄၂။ စိုင်တီစုကျေးရွာအုပ်စု၊ ၄၃။ အင်းတိုင်စုကျေးရွာအုပ်စု၊ ၄၄။ ကမာ တကေကျေးရွာအုပ်စု၊ ၄၅။ ခင်တန်းကြီးကျေးရွာအုပ်စု၊ ၄၆။ ဘိုးဦး စိန်ကျေးရွာအုပ်စု၊ ၄၇။ လေးအိမ်စုကျေးရွာအုပ်စု၊ ၄၈။ သူဌေးကုန်း ကျေးရွာအုပ်စု၊ ၄၉။ မြစ်ကျိုးကျေးရွာအုပ်စု၊ ၅၀။ ငွေ့ကြီးကျေးရွာ အုပ်စု၊ ၅၁။ အောက်ငွေ့ကြီးကျေးရွာအုပ်စု၊ ၅၂။ ဘိုးစိန္နာစုကျေးရွာ အုပ်စု၊ ၅၃။ ပုဂံကျေးရွာအုပ်စု၊ ၅၄။ လက်ပန်ကျေးရွာအုပ်စု၊ ၅၅။ တနော်ကျွန်းကျေးရွာအုပ်စု၊ ၅၆။ အုတ်ဖိုကျေးရွာအုပ်စု၊ ၅၇။ သူရဲ သူမိန်ကျေးရွာအုပ်စု၊ ၅၈။ ဆင်ကျေးရွာအုပ်စု၊ ၅၉။ ဒလန္ဒမ်းကျေးရွာ အုပ်စု၊ ၆၀။ ဝိုင်းပါတ်ကျေးရွာအုပ်စု၊ ၆၁။ အဘားကျေးရွာအုပ်စု၊ ၆၂။ ကရင်စုကျေးရွာအုပ်စု၊ ၆၃။ ကပင်ကျေးရွာအုပ်စု။
၅	ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၅)	ပန်းတောင်းမြို့နယ်တစ်ခုလုံး၊ ပြည်မြို့နယ်တစ်ခုလုံး၊ ရွှေတောင် မြို့နယ်တစ်ခုလုံးနှင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁) ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ အမှတ်(၃)ရပ်ကွက်၊ ၄။ အမှတ် (၄)ရပ်ကွက်၊ ၅။ အမှတ်(၅)ရပ်ကွက်၊ ၆။ ရပ်သစ်ကျေးရွာအုပ်စု၊ ၇။ ဝက်တိုးကျေးရွာအုပ်စု၊ ၈။ သဖန်းချိုကျေးရွာ အုပ်စု၊ ၉။ ဘန့်ပြင် ကျေးရွာအုပ်စု၊ ၁၀။ ရွာထောင်ကျေးရွာအုပ်စု၊ ၁၁။ ကျွဲပေါင်ပင် ကျေးရွာအုပ်စု၊ ၁၂။ ချောင်းဇောက်ကျေးရွာအုပ်စု၊ ၁၃။ မြောက်လက် ကြီးကျေးရွာအုပ်စု၊ ၁၄။ ဓမ္မသေဝ်ကျေးရွာအုပ်စု၊ ၁၅။ ပိတောက် ကုန်းကျေးရွာအုပ်စု၊ ၁၆။ ဝါးရုံးပင်လယ်ကျေးရွာအုပ်စု၊ ၁၇။ ထန်းတပင် ကျေးရွာအုပ်စု၊ ၁၈။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၁၉။ မြို့တောင် ကျေးရွာအုပ်စု၊ ၂၀။ အရာတော်ကျေးရွာအုပ်စု၊ ၂၁။ ကင်မွန်းခြံ ကျေးရွာအုပ်စု၊ ၂၂။ ငါးခူအိုင်ကျေးရွာအုပ်စု၊ ၂၃။ ရွာရှည်ကျေးရွာ အုပ်စု၊ ၂၄။ အင်ငါးခွကျေးရွာအုပ်စု၊ ၂၅။ အနောက်ကြို့ကုန်းကျေးရွာ အုပ်စု၊ ၂၆။ ဗောဓိကုန်းကျေးရွာအုပ်စု၊ ၂၇။ မစိုးရိမ်ကျေးရွာအုပ်စု၊ ၂၈။ ငွေးပင်ခုံကျေးရွာအုပ်စု၊ ၂၉။ ဘန့်ဘွေးတောင်ကျေးရွာအုပ်စု။
၆	မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၆)	ပြည်ထောင်စုနယ်မြေတစ်ခုလုံး။

စာမျက်နှာ ၂၁ သို့



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အိမ်တွင်းသုံးရေချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန် အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



အိမ်တွင်းသုံးရေချွေတာရေး


ရေကို စနစ်တကျအသုံးပြုမှု အလေ့အထများကို အသိပညာပေး မှုဝေပါ။ မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေးမှုဝေခြင်းဖြင့် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

စာမျက်နှာ ၂၀ မှအဆက်

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်	တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ကျင်းပမည့်နယ်မြေများစာရင်း
	ချင်းပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
၁	တွန်းဇံမြို့နယ် မဲဆန္ဒနယ်	တွန်းဇံမြို့နယ်အတွင်းရှိ ၁။ ခေါဝုန်/လေးဆန်ရပ်ကွက်(တွန်းဇံမြို့)၊ ၂။ ခေါလိုင်/ဂိုးဇန်ရပ်ကွက်(တွန်းဇံမြို့)။
၂	ဖလမ်းမြို့နယ် မဲဆန္ဒနယ်	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလ်ရပ်ကွက်(ဖလမ်းမြို့)၊ ၂။ ဗလိုင်ရပ်ကွက်(ဖလမ်းမြို့)၊ ၃။ ဖာရ်ထောက်ရပ်ကွက်(ဖလမ်းမြို့)၊ ၄။ တလန်လိုရပ်ကွက်(ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက်(ဖလမ်းမြို့)၊ ၆။ လိုင်လွန်ရပ်ကွက် (ဖလမ်းမြို့)၊ ၇။ လုံဝီးရပ်ကွက်(ဖလမ်းမြို့)၊ ၈။ ဇာလိုင်ရပ်ကွက်(ဖလမ်းမြို့)။
	စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
၃	ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်	ထီးချိုင့်မြို့နယ်အတွင်းရှိ ၁။ စံပြရပ်ကွက်၊ ၂။ အောင်ဇေယျာရပ်ကွက်၊ ၃။ ဝိသာခါရပ်ကွက်၊ ၄။ ဘုရင့်နောင်ရပ်ကွက်၊ ၅။ မြတောင်ကျေးရွာအုပ်စု၊ ၆။ မောင်းကုန်းကျေးရွာအုပ်စု။
၄	ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်	ဗန်းမောက်မြို့နယ်အတွင်းရှိ ၁။ မြနန္ဒာရပ်ကွက်၊ ၂။ မြို့မရပ်ကွက်၊ ၃။ လွစင်ကုန်းရပ်ကွက်၊ ၄။ အောင်သာကုန်းရပ်ကွက်၊ ၅။မြစ်သေးချင်းကျွဲကောကုန်းကျေးရွာအုပ်စု၊ ၆။ လယ်နက်ကြီးကျေးရွာအုပ်စု၊ ၇။ စက်တောကျေးရွာအုပ်စု၊ ၈။ ကံရွာကျေးရွာအုပ်စု၊ ၉။ ပင်ဟင်းခါးကျေးရွာအုပ်စု၊ ၁၀။ လေးသီကျေးရွာအုပ်စု၊ ၁၁။ ပင်ပုံကျေးရွာအုပ်စု၊ ၁၂။ မံလောင်ပေပင်ကျေးရွာအုပ်စု၊ ၁၃။ မံလူကျေးရွာအုပ်စု၊ ၁၄။ မံစီကြီးကျေးရွာအုပ်စု၊ ၁၅။ နောင်ပတ်ကျေးရွာအုပ်စု၊ ၁၆။ နန့်မားကျေးရွာအုပ်စု၊ ၁၇။ မံအင်ကျေးရွာအုပ်စု၊ ၁၈။ နားနန့်ထွန်ကျေးရွာအုပ်စု။
၅	အင်းတော်မြို့နယ် မဲဆန္ဒနယ်	အင်းတော်မြို့နယ်အတွင်းရှိ ၁။ အောင်မင်္ဂလာရပ်ကွက်(အင်းတော်မြို့)၊ ၂။ အောင်ချမ်းသာရပ်ကွက်(အင်းတော်မြို့)၊ ၃။ အောင်ဇေယျရပ်ကွက်(အင်းတော်မြို့)၊ ၄။ အောင်မေတ္တာရပ်ကွက်(အင်းတော်မြို့)၊ ၅။ နန့်ခင့်ကျေးရွာအုပ်စု၊ ၆။ လယ်ပြင်ကျေးရွာအုပ်စု။
၆	ကောလင်းမြို့နယ် မဲဆန္ဒနယ်	ကောလင်းမြို့နယ်အတွင်းရှိ၁။ မြောက်အင်းရပ်ကွက်၊ ၂။ ကျော်ဇေယျာ(၁)ရပ်ကွက်၊ ၃။ ဈေးရုံဗိုလ်တဲရပ်ကွက်၊ ၄။ မြို့မ မြို့ကုန်းရပ်ကွက်၊ ၅။ ပြင်ဦးလွင်ရပ်ကွက်၊ ၆။ စက်ရုံလယ်ပြင်ရပ်ကွက်၊ ၇။ ကျော်ဇေယျာ(၂)ရပ်ကွက်၊ ၈။ မင်းတဲကြီးရပ်ကွက်။
၇	ပုလဲမြို့နယ် မဲဆန္ဒနယ်	ပုလဲမြို့နယ်အတွင်းရှိ ၁။ မြောက်ပိုင်းရပ်ကွက်၊ ၂။ တောင်ပိုင်းရပ်ကွက်။
၈	ယင်းမာပင်မြို့နယ် မဲဆန္ဒနယ်	ယင်းမာပင်မြို့နယ်အတွင်းရှိ ၁။ (က) ရပ်ကွက်၊ ၂။ (ခ)ရပ်ကွက်၊ ၃။ (ဂ) ရပ်ကွက်၊ ၄။ (ဃ) ရပ်ကွက်။
၉	တန့်ဆည်မြို့နယ် မဲဆန္ဒနယ်	တန့်ဆည်မြို့နယ်အတွင်းရှိ ၁။ ဗိုလ်မြရပ်ကွက်၊ ၂။ ပေါ်ဦးရပ်ကွက်၊ ၃။ မဟာမြိုင်ရပ်ကွက်၊ ၄။ မေတ္တာမြိုင်ရပ်ကွက်၊ ၅။ ဘေရင်းကျေးရွာအုပ်စု၊ ၆။ မူးဝကျေးရွာအုပ်စု၊ ၇။ ကျွန်းလယ်ကျေးရွာအုပ်စု၊ ၈။ တုတ္တာလုပ်ကျေးရွာအုပ်စု။
၁၀	ရွှေဘိုမြို့နယ် မဲဆန္ဒနယ်	ရွှေဘိုမြို့နယ်အတွင်းရှိ ၁။ အမှတ်(၂)ရပ်ကွက်(ရွှေဘိုမြို့)၊ ၂။ အမှတ်(၃)ရပ်ကွက်(ရွှေဘိုမြို့)၊ ၃။ အမှတ်(၁၀)ရပ်ကွက် (ရွှေဘိုမြို့)၊ ၄။ မင်းကျောင်းကျေးရွာအုပ်စု၊ ၅။ နမောကျေးရွာအုပ်စု။
	ပဲခူးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
၁၁	ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်	ဇီးကုန်းမြို့နယ်တစ်ခုလုံး။
၁၂	သဲကုန်းမြို့နယ် မဲဆန္ဒနယ်	သဲကုန်းမြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်(သဲကုန်းမြို့)၊ ၂။ ကန်တော်မင်္ဂလာရပ်ကွက်(သဲကုန်းမြို့)၊ ၃။ ထန်းရင်းရပ်ကွက်(သဲကုန်းမြို့)၊ ၄။ ပေါက်တောရပ်ကွက်(သဲကုန်းမြို့)၊ ၅။ ချမ်းမြေ့သာယာရပ်ကွက်(ပုတီးကုန်းမြို့)၊ ၆။ သုခဝေဖြာရပ်ကွက် (ပုတီးကုန်းမြို့)၊ ၇။ သီရိရတနာရပ်ကွက်(အင်းမမြို့)၊ ၈။ သီရိဝေဖြာရပ်ကွက်(အင်းမမြို့)၊ ၉။ သီရိသုခရပ်ကွက်(အင်းမမြို့)၊ ၁၀။ သီရိမင်္ဂလာရပ်ကွက်(အင်းမမြို့)၊ ၁၁။ သီရိကန်သာရပ်ကွက် (အင်းမမြို့)၊ ၁၂။ ရပ်ကွက်(၁)အောင်ရတနာရပ်ကွက် (ဆင်မြီးဆွဲမြို့)၊ ၁၃။ ရပ်ကွက်(၂)ဗဟိုရပ်ကွက် (ဆင်မြီးဆွဲမြို့)၊ ၁၄။ ရပ်ကွက်(၃)ခေတ်သစ်ရတနာရပ်ကွက်(ဆင်မြီးဆွဲမြို့)၊ ၁၅။ ဝိတ်ချင်းကုန်းကျေးရွာအုပ်စု၊ ၁၆။ ရဲ့ရဲ့ကန်ကျေးရွာအုပ်စု၊ ၁၇။ အုပ်ဆွဲကျေးရွာအုပ်စု၊ ၁၈။ အုပ်ဖိုကျေးရွာအုပ်စု၊ ၁၉။ ရွာမကျေးရွာအုပ်စု၊ ၂၀။ လိန်တန်းကျေးရွာအုပ်စု၊ ၂၁။ ဇလွဲကျေးရွာအုပ်စု၊ ၂၂။ သဖန်းချိုကျေးရွာအုပ်စု၊ ၂၃။ ဇီးကုန်းကျေးရွာအုပ်စု၊ ၂၄။ ဆင်ကျုံးကျေးရွာအုပ်စု၊ ၂၅။ လင်းလဲကျေးရွာအုပ်စု၊ ၂၆။ လက်ပံလုံးလှကျေးရွာအုပ်စု၊ ၂၇။ ကန်နှစ်ဆင့်ကျေးရွာအုပ်စု၊ ၂၈။ လောင့်ကြီးကျေးရွာအုပ်စု၊ ၂၉။ ရွာသစ်ကျေးရွာအုပ်စု၊ ၃၀။ ရင်းတိုက်မှော်ကျေးရွာအုပ်စု၊ ၃၁။ ကရင်ကုန်းကျေးရွာအုပ်စု၊ ၃၂။ တောင်ကြို့ကုန်းကျေးရွာအုပ်စု၊ ၃၃။ တံခွန်တိုင်ကျေးရွာအုပ်စု၊ ၃၄။ ငှက်တော်မြီးကျေးရွာအုပ်စု၊ ၃၅။ ချောင်းကမ်းကြီးကျေးရွာအုပ်စု၊ ၃၆။ ကျေးသားကျေးရွာအုပ်စု၊ ၃၇။ တပင်မှော်ကျေးရွာအုပ်စု၊ ၃၈။ အင်းပေါ်ငယ်ကျေးရွာအုပ်စု၊ ၃၉။ ဆောက်ချိုကြီးကျေးရွာအုပ်စု၊ ၄၀။ ကြို့ပင်သာကျေးရွာအုပ်စု၊ ၄၁။ ကျွဲခေါင်းကျေးရွာအုပ်စု၊ ၄၂။ ချားလျားကုန်းကျေးရွာအုပ်စု၊ ၄၃။ ရပ်သာကျေးရွာအုပ်စု၊ ၄၄။ ကျူတောကျေးရွာအုပ်စု၊ ၄၅။ ကြပ်နားကျေးရွာအုပ်စု၊ ၄၆။ ကွေ့တက်ကျေးရွာအုပ်စု၊ ၄၇။ နွယ်ကောက်ကျေးရွာအုပ်စု၊ ၄၈။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၄၉။ မင်းလှကျေးရွာအုပ်စု၊ ၅၀။ ဘွတ်ဘောကျေးရွာအုပ်စု၊ ၅၁။ ကြို့ကုန်းကျေးရွာအုပ်စု၊ ၅၂။ ရွာသာယာကျေးရွာအုပ်စု၊ ၅၃။ ကြို့ရပ်သာကျေးရွာအုပ်စု။
	မန္တလေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
၁၃	နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ်	နွားထိုးကြီးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ အမှတ်(၃) ရပ်ကွက်၊ ၄။ အမှတ်(၄)ရပ်ကွက်၊ ၅။ အမှတ်(၅)ရပ်ကွက်၊ ၆။ အမှတ်(၆)ရပ်ကွက်၊ ၇။ အမှတ်(၇)ရပ်ကွက်၊ ၈။ အမှတ်(၈)ရပ်ကွက်။
၁၄	စဉ့်ကူးမြို့နယ် မဲဆန္ဒနယ်	စဉ့်ကူးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ် (၂)ရပ်ကွက်၊ ၃။ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ၄။ လက်ပန်လှကျေးရွာအုပ်စု၊ ၅။ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ၆။ ရွှေပြည်ကျေးရွာအုပ်စု။
၁၅	မိုးကုတ်မြို့နယ် မဲဆန္ဒနယ်	မိုးကုတ်မြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်၊ ၂။ ရှောလီဝိုင်းရပ်ကွက်၊ ၃။ မင်းတံတားရပ်ကွက်၊ ၄။ လယ်ဦးရပ်ကွက် ၊ ၅။ ရေပူရပ်ကွက်၊ ၆။ ပိန်းပြစ်ကျေးရွာအုပ်စု၊ ၇။ တောင်ဒွန်းကျေးရွာအုပ်စု၊ ၈။ သဒ္ဒတ်သျှိုကျေးရွာအုပ်စု၊ ၉။ ပြောင်းပြင်ကျေးရွာအုပ်စု၊ ၁၀။ ကျောက်ဆင်ကျေးရွာအုပ်စု၊ ၁၁။ ရွာသာယာကျေးရွာအုပ်စု၊ ၁၂။ ကျောက်ဝါကျေးရွာအုပ်စု၊ ၁၃။ လီရှောလယ်ဦးကျေးရွာအုပ်စု၊ ၁၄။ ချောင်းကြီးကျေးရွာအုပ်စု၊ ၁၅။ လီရှောကျောက်ပုံကျေးရွာအုပ်စု၊ ၁၆။ ကြက်နှစ်ဖကျေးရွာအုပ်စု၊ ၁၇။ ဘော့လုံးကြီးကျေးရွာအုပ်စု၊ ၁၈။ ကပိုင်ကျေးရွာအုပ်စု၊ ၁၉။ ကသဲကျေးရွာအုပ်စု၊ ၂၀။ ကျပ်ပြင်ကျေးရွာအုပ်စု၊ ၂၁။ အုန်ဒန်ကျေးရွာအုပ်စု၊ ၂၂။ ရေအေးကျေးရွာအုပ်စု၊ ၂၃။ ကင်းကျေးရွာအုပ်စု၊ ၂၄။ လောင်းစင်ကျေးရွာအုပ်စု၊ ၂၅။ ရွှေညောင်ပင်ကျေးရွာအုပ်စု၊ ၂၆။ ဗမွန်ကျေးရွာအုပ်စု၊ ၂၇။ ဖြူရောင်ကျေးရွာအုပ်စု၊ ၂၈။ ကျောက်တလုံးကျေးရွာအုပ်စု၊ ၂၉။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၃၀။ ညောင်ထောက်ကျေးရွာအုပ်စု၊ ၃၁။ ပင်သပြေကျေးရွာအုပ်စု၊ ၃၂။ လွယ်ငင်းကျေးရွာအုပ်စု။
	ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
၁၆	ရေကြည်မြို့နယ် မဲဆန္ဒနယ်	ရေကြည်မြို့နယ်အတွင်းရှိ ၁။ နေဝင်းရပ်ကွက်(ရေကြည်မြို့)၊ ၂။ ဆရာစံရပ်ကွက်(ရေကြည်မြို့)၊ ၃။ အောင်ဆန်းရပ်ကွက် (ရေကြည်မြို့)၊ ၄။ ဗထူးရပ်ကွက်(ရေကြည်မြို့)၊ ၅။ မြို့မရပ်ကွက်(ရေကြည်မြို့)၊ ၆။ ရှေ့ဆောင်ရပ်ကွက်(ငါးသိုင်းချောင်းမြို့)၊ ၇။ မြို့မရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၈။ ဝဝန်ရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၉။ သောင်တန်း(အောင်ဆန်း)ရပ်ကွက်(ငါးသိုင်းချောင်းမြို့)၊ ၁၀။ မြို့သစ်ရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၁၁။ ရွှေဘိုရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၁၂။ အမှတ်(၁)ရပ်ကွက်(အသုတ်မြို့)၊ ၁၃။ အမှတ်(၂) ရပ်ကွက်(အသုတ်မြို့)၊ ၁၄။ အမှတ်(၃)ရပ်ကွက် (အသုတ်မြို့)၊ ၁၅။ အမှတ်(၄)ရပ်ကွက်(အသုတ်မြို့)၊ ၁၆။ အမှတ်(၅)ရပ်ကွက်(အသုတ်မြို့)၊ ၁၇။ ဆီဆုံကုန်းကျေးရွာအုပ်စု၊ ၁၈။ သဃ်နန်းဒေါင့်ကျေးရွာအုပ်စု၊ ၁၉။ ကျုံပဒုတ်ကျေးရွာအုပ်စု၊ ၂၀။ ကညင်ဝကျေးရွာအုပ်စု၊ ၂၁။ ပဒေါက်ချောင်ကျေးရွာအုပ်စု၊ ၂၂။ မရင်းကူးကျေးရွာအုပ်စု၊ ၂၃။ ဇရပ်လှကျေးရွာအုပ်စု၊ ၂၄။ ကျုံမရမ်းကျေးရွာအုပ်စု၊ ၂၅။ တောင်လဟာကျေးရွာအုပ်စု၊ ၂၆။ နတ်စင်ငူကျေးရွာအုပ်စု၊ ၂၇။ ညောင်ငူကျေးရွာအုပ်စု၊ ၂၈။ ငှက်သိုက်ကျေးရွာအုပ်စု၊ ၂၉။ အင်းလျှာကုန်းကျေးရွာအုပ်စု၊ ၃၀။ သံဒင်းကျေးရွာအုပ်စု၊ ၃၁။ ကြာကန်ကျေးရွာအုပ်စု၊ ၃၂။ ရုံးတံုးကျေးရွာအုပ်စု၊ ၃၃။ ကျားချောင်ကျေးရွာအုပ်စု၊ ၃၄။ တောင်လယ်ကျေးရွာအုပ်စု၊ ၃၅။ တွတ်ပလွတ်ကျေးရွာအုပ်စု၊ ၃၆။ ဘုရားကုန်းကျေးရွာအုပ်စု၊ ၃၇။ ကျွဲတလင်းကျေးရွာအုပ်စု၊ ၃၈။ ဘုရားငူကျေးရွာအုပ်စု၊ ၃၉။ သခွတ်ကုန်းကျေးရွာအုပ်စု၊ ၄၀။ ဝက်ရုပ်ကျေးရွာအုပ်စု၊ ၄၁။ ရေသိုးကျေးရွာအုပ်စု၊ ၄၂။ ကန်ချောင်ကျေးရွာအုပ်စု၊ ၄၃။ ကွမ်းသီးချောင်းကျေးရွာအုပ်စု၊ ၄၄။ ချောင်းဖျားကျေးရွာအုပ်စု၊ ၄၅။ ဖက်သလက်ကျေးရွာအုပ်စု၊ ၄၆။ ဝါးရုံလဟာကျေးရွာအုပ်စု၊ ၄၇။ ဒိုးကုန်းကျေးရွာအုပ်စု၊ ၄၈။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၄၉။ ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ ၅၀။ ဒေါင့်ကြီးရိုးမဒေါ့ကျေးရွာအုပ်စု၊ ၅၁။ နတ်စင်ကွင်းကျေးရွာအုပ်စု၊ ၅၂။ သစ်ငုတ်ထောင်ကျေးရွာအုပ်စု၊ ၅၃။ ကျုံဖါးရိုးကျေးရွာအုပ်စု၊ ၅၄။ ညောင်ငူလက်ခုတ်ကျေးရွာအုပ်စု၊ ၅၅။ တိုက်စွန်းအောက်အင်းကျေးရွာအုပ်စု၊ ၅၆။ ထန်းကျွန်းဆိပ်သာကျေးရွာအုပ်စု၊ ၅၇။ သရက်ကုန်းကျေးရွာအုပ်စု၊ ၅၈။ ဝက်လာကျေးရွာအုပ်စု၊ ၅၉။ ယိုးဒယားဒက်ကျေးရွာအုပ်စု၊ ၆၀။ ကိုင်းချောင်ကျေးရွာအုပ်စု၊ ၆၁။ ဆပ်ကွင်းကျေးရွာအုပ်စု၊ ၆၂။ နွားရေတိုက်ကျေးရွာအုပ်စု၊ ၆၃။ အကယ်ကြီးကြို့ကုန်းကျေးရွာအုပ်စု၊ ၆၄။ နှောကုန်းကျေးရွာအုပ်စု၊ ၆၅။ မကြီးလဟာကျေးရွာအုပ်စု၊ ၆၆။ ကွင်းကြီးကျေးရွာအုပ်စု၊ ၆၇။ ပန်းဇကွင်းကျေးရွာအုပ်စု၊ ၆၈။ ဘွဲ့ငူကျေးရွာအုပ်စု၊ ၆၉။ ကညင်ငူကျေးရွာအုပ်စု၊ ၇၀။ ရင်းရှည်ကျေးရွာအုပ်စု၊ ၇၁။ သစ်ဖြူပင်ကျေးရွာအုပ်စု၊ ၇၂။ မျက်တိုကျေးရွာအုပ်စု၊ ၇၃။ ကုန်းပြင်ကျေးရွာအုပ်စု၊ ၇၄။ မိသလင်ကျေးရွာအုပ်စု၊ ၇၅။ ငွေးတောက်ကျေးရွာအုပ်စု၊ ၇၆။ သောင်ကြီးကျေးရွာအုပ်စု၊ ၇၇။ မြစ်ဆယ်ကျေးရွာအုပ်စု၊ ၇၈။ မအူကုန်းကျေးရွာအုပ်စု၊ ၇၉။ ဒေါင့်ကြီးဘက်ကျေးရွာအုပ်စု၊ ၈၀။ သရက်ချောင်းကျေးရွာအုပ်စု၊ ၈၁။ ကွင်းချောင်းကျေးရွာအုပ်စု၊ ၈၂။ ကွင်းလျှားကျေးရွာအုပ်စု၊ ၈၃။ ဘုရားကုန်းကျေးရွာအုပ်စု၊ ၈၄။ ကမ်းနီကျေးရွာအုပ်စု၊ ၈၅။ ကွင်းပေါက်ကျေးရွာအုပ်စု၊ ၈၆။ ညောင်မှော်ကျေးရွာအုပ်စု၊ ၈၇။ကက္ကူလေးကျေးရွာအုပ်စု၊ ၈၈။ ကျောက်ချောင်းကျေးရွာအုပ်စု၊ ၈၉။ ဒေါင့်ကြီးကျေးရွာအုပ်စု၊ ၉၀။ ရေနံ့သာကျေးရွာအုပ်စု၊ ၉၁။ ဘုတ်ချောင်းကျေးရွာအုပ်စု၊ ၉၂။ ကျပ်ကွင်းကျေးရွာအုပ်စု။

၁၁ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးမစ္စတာဝမ်ယီ၏ ဖိတ်ကြားချက်အရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ၁၁ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာဝမ်ယီနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဆီဟဆက် ဖူဝန်ကေ့ကဲ့ပို့တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာပရက်ဆုတ်ခ်ခွန်း၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာထောင်ဆာဗန် ဖုန်ဗီဟေးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာလေဟွိင်ချုံးတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့် အလားအလာများနှင့် ၅ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြေလိုးဆောင်များ၏ အစည်းအဝေး ကျင်းပရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အခြေအနေတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစည်းအဝေးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာလုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇) ၏ ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်မှုအစီရင်ခံစာနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၆)ဖြင့် အဖွဲ့ဝင်နိုင်ငံများသို့ ထောက်ပံ့ပေးအပ်သည့် စီမံကိန်းများစာရင်းတို့ကို အစည်းအဝေး၏ရလဒ်အဖြစ် ဖြန့်ဝေခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး ရရှိခဲ့သည့် ဖြစ်ပေါ်တိုးတက်မှုများကို လည်းကောင်း၊ အနာဂတ်တွင် စီးပွားရေးပေါင်းစည်းညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်းလုံခြုံရေး၊ စားရေရိက္ခာနှင့် စွမ်းအင်ဖူလုံရေး၊ ခေတ်မီစိုက်ပျိုးရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေးစသည့် နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် လိုအပ်သည့်အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးမစ္စတာဝမ်ယီနှင့် သီးခြားတွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်တွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် လူနေမှုဘဝများတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယန္တရားတစ်ခုဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှု၏ အထူးရန်ပုံငွေ အစီအစဉ်အောက်တွင် မြန်မာနိုင်ငံအနေဖြင့် စီမံကိန်းပေါင်း ၁၄၀ အတွက် ရန်ပုံငွေထောက်ပံ့မှု စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၄၀ ကျော်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ဘိလိယက်နှင့် စနူကာပြိုင်ပွဲမှ

တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်၊ ဒုတိယဥက္ကဋ္ဌ၊ အမှူဆောင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရအားကစားသမားများတက်ရောက်၍ ဗိုလ်လုပွဲများဖြစ်သော 9 Ball Pool, ဘိလိယက်, စနူကာ 6-Red နှင့် စနူကာ15-Red ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ အမျိုးသားဘိလိယက်တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျော်စွာဝင်း (ဧရာဝတီတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသည့် ဝင်းကိုကို (မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသည့် ဇော်လင်းနေ (ချင်းပြည်နယ်)နှင့် ပူးတွဲတတိယဆုရရှိသည့် သီဟိုဒိုး(စစ်ကိုင်းတိုင်းဒေသကြီး) နှင့် အမျိုးသားဘိလိယက်ပြိုင်ပွဲတွင် ၈၂ မှတ်ဖြင့် အမှတ်အများဆုံး (Highest Break) ဆုဖလားရရှိသော ဝင်းကိုကို (မန္တလေးတိုင်းဒေသကြီး)တို့ကို ဧရာဝတီတိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက လည်းကောင်း၊ အမျိုးသားစနူကာ15-Red တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကောင်းစွာန်ထက် (မကွေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော အောင်ညီညီမောင်(ရန်ကုန်တိုင်းဒေသကြီး)၊ တတိယဆုရရှိသော နိုင်ဝင်း(ရန်ကုန်တိုင်းဒေသကြီး)နှင့် ပူးတွဲတတိယဆုရရှိသော မာန်ဟိန်းကျော် (မန္တလေးတိုင်းဒေသကြီး) နှင့် အမျိုးသားစနူကာ 15-Red ပြိုင်ပွဲတွင် ၆၈ မှတ်ဖြင့် အမှတ်အများဆုံး (Highest Break) ဆုဖလားရရှိသော ကမ္ဘာလင်း(ရှမ်းပြည်နယ်)တို့ကို မကွေးတိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီဥက္ကဋ္ဌ ဦးမင်းထွန်းဦးက လည်းကောင်း၊ အမျိုးသမီးစနူကာ 6-Red ပြိုင်ပွဲတွင် ပထမဆုရရှိသော အေမီအောင် (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော ဖြူစင်အောင် (မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသော စန်းစန်းမော် (ရန်ကုန်တိုင်းဒေသကြီး)နှင့် ပူးတွဲတတိယဆုရရှိသော အေးအေးမြတ် (ရှမ်းပြည်နယ်)နှင့် အမျိုးသမီးစနူကာ 6-Red ပြိုင်ပွဲတွင် အမှတ်အများဆုံး (Highest Break) ဆုဖလားရရှိသော ဖြူစင်အောင်(မန္တလေးတိုင်းဒေသကြီး)တို့ကို ရန်ကုန်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်ဦးက လည်းကောင်း၊ အမျိုးသားစနူကာ 6-Red ပြိုင်ပွဲတွင် ပထမဆုရရှိသော ကိုကိုချစ်(ကရင်ပြည်နယ်)၊ ဒုတိယဆုရရှိသော မင်းစည်သူထွန်း (မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသော သျှံထွန်းအောင်(ချင်းပြည်နယ်)နှင့် ပူးတွဲတတိယဆုရရှိသော သူရဇော် (ရန်ကုန်တိုင်းဒေသကြီး)နှင့် အမျိုးသားစနူကာ 6-Red ပြိုင်ပွဲတွင် ၅၃ မှတ်ဖြင့် အမှတ်အများဆုံး (Highest Break) ဆုဖလားရရှိသော အောင်နိုင်စိုး (ရန်ကုန်တိုင်းဒေသကြီး)တို့ကို မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးအောင်ကိုကိုက လည်းကောင်း၊ အမျိုးသမီး 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ခေါ်ဆန့် (ရှမ်းပြည်နယ်)၊ ဒုတိယဆုရရှိသော သက်ဝါဝင်း (မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသော ဝင်းမာလာအောင် (မွန်ပြည်နယ်)၊ ပူးတွဲတတိယဆုရရှိသော သန္တာတိုးအောင် (မွန်ပြည်နယ်) နှင့် အမျိုးသား 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော အောင်ဖြိုး (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော စိုင်းကွမ်းမိုင်း (ရှမ်းပြည်နယ်)၊ တတိယဆုရရှိသော အောင်မြင့် (ကချင်ပြည်နယ်)၊ ပူးတွဲတတိယဆုရရှိသော ခန့်မင်းထွန်း (စစ်ကိုင်းတိုင်းဒေသကြီး) တို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းကလည်း ကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် ပူးတွဲအမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းကို မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်ကလည်းကောင်း၊ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခုဖြင့် အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ရွှေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် သုံးခုဖြင့် စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဒီပါဝလီပွဲတော် အထိမ်းအမှတ်အကြို ဆွမ်းဆက်ကပ်လှူဒါန်း



ရန်ကုန် နိုဝင်ဘာ ၅

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဒီပါဝလီပွဲတော် အကြို အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆွမ်းစားဆောင်၌ ကျင်းပသည်။

ဆွမ်းဆက်ကပ် လှူဒါန်းပွဲသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသအမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်ကြပြီး ဟိန္နုဘာသာရေးဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ သန္တန္တနဒမ္မပါလ ဟိန္နုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္နု ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းလွင်၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဆွမ်းဆက်ကပ် လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြကာ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုရန် အလှူငွေ လှူဒါန်း



ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာ အကူအညီများပေးရာတွင် အသုံးပြုရန် အတွက် ထိုင်းနိုင်ငံမှ Mr.Chiradej Sangthongsuk က ထိုင်းဘတ်ငွေ ၉၀၀၀၊ ဦးမောင်မောင်နိုင်က အလှူငွေကျပ် လေးသိန်းတို့ကို ယနေ့တွင် အသင်းရုံးကုန်ရုံးခွဲတွင် လာရောက်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရာသက်ပန်အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွှန့်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရာသက်ပန်အသင်းဝင် တံဆိပ်များကို ပေးအပ်ခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ အသင်းဥက္ကဋ္ဌနှင့် အတူ ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၅

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျ ပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၅-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၁၅.၃ ~ ၅၁၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၇,၄၀၃,၀၅၆.၄၇	၅,၅၀၃,၆၃၇.၅၀	၇၂,၂၃၁,၁၀၁.၀၆	

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၁၁၊ ၀၆၇-၃၄၀၄၁၂၊ ၀၆၇-၃၄၀၄၁၃၊ ၀၆၇-၃၄၀၄၁၄၅၊ ၀၆၇-၃၄၀၄၁၄၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၅၉၃၊ ၀၄၂-၂၀၂၅၅၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

မြစ်ကြီးနားမြို့၊ ကော့မှူးမြို့တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၅

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မဟာဗောဓိကျောင်းတိုက်၌ အခြေပြု၍ သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါ ကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် တောင်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို အဆိုပါကျေးရွာရှိ မဟာသိမ်ကြီးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒေသတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၅

ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုတပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များပေးဝေကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥဏ္ဍာစမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်ကြသည်။



ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

“ကျွန်မတို့က သမိုင်းသင်ရတဲ့အခါမှာ စာတွေ့ပဲသင်ရပါတယ်။ အခုကျတော့ ဒီစာတွေ့နဲ့လက်တွေ့ပေါင်းစပ်ပြီးလေ့လာရတဲ့အခါမှာ အရင်တုန်းကသုံးခဲ့တဲ့၊ တီထွင်ခဲ့တဲ့စစ်လက်နက်ပစ္စည်းတွေအခုလက်ရှိမှာ တိုးတက်ပြီးတဲ့အခါကျတော့ ပြောင်းလဲလာတဲ့ လက်နက်ပစ္စည်းတွေ၊ အသုံးအဆောင်တွေ အဲ့ဒီလိုအနေအထားလေးတွေ အကုန်လုံးပြောင်းလဲတိုးတက်တာတွေကို စာတွေ့နဲ့လက်တွေ့ပေါင်းစပ်ပြီးတော့ ကျွန်မတို့လေ့လာခွင့်ရတဲ့အခါ ကလေးတွေအနေနဲ့ ကျွန်မတို့ဆရာ၊ ဆရာမတွေအနေနဲ့ကလဲ ဒီထက်ပိုပြီးတော့ တိုးတက်အောင်ကြိုးစားနိုင်လိမ့်မယ်လို့လဲ မျှော်လင့်ပါတယ်။ ကလေးတွေကလဲပျော်ရွှင်သလို ကျွန်မတို့အနေနဲ့လဲ ပျော်ရွှင်ပါတယ်။ စာတွေ့နဲ့လက်တွေ့ ပေါင်းစပ်ပြီးတော့ ကလေးတွေလေ့လာခွင့်ရတဲ့အတွက်ကြောင့် ဒီလို စီစဉ်ပေးတဲ့လူကြီးတွေကိုလဲ ကျွန်မတို့က ကျေးဇူးတင်ပါတယ်။ နောက်နောင်လဲ ဒီလိုလေး ကူညီပံ့ပိုးပြီးတဲ့အခါကျတော့ လေ့လာခွင့်ထပ်ရမယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောသည်။



“ဒီစစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့အတွက် ကျွန်တော် အထူးပဲဝမ်းသာမိပါတယ်။ အခုလိုမျိုး ကျွန်တော်စိတ်ဝင်စားတဲ့ စစ်လက်နက်ပစ္စည်းတွေ၊ ရေယာဉ်တွေ၊ သင်္ဘောတွေ၊ တိုက်လေယာဉ်တွေကို ကြည့်ရတော့ စာအုပ်ထဲမှာပဲ မြင်ဖူးတဲ့အရာတွေကို လေ့လာရတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးကိုဝမ်းသာမိပါတယ်။ အခုလိုမျိုး လေ့လာဖို့အတွက်လဲကျောင်းသားတွေကို ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။ (၅၀၁)

ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအချင်းချင်း အချိတ်အဆက်မိမိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်



ဖလမ်း နိုဝင်ဘာ ၅

ဖလမ်းမြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အလုံးစုံပြီးစီးမှုမရှိသေးသော်လည်း ကျန်ရှိသည့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထား ကြပ်မတ်ဆောင်ရွက်ကြရန်၊ ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအချင်းချင်း အချိတ်အဆက်မိမိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ပြီးသည့် ဌာနဆိုင်ရာ အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန်လိုကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းနေပြီဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများကို ဆန်နှင့်ဆီများ ပေးအပ်သည်။

ယင်းနောက် ဖလမ်းမြို့ယာယီပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် လူနာများကိုကြည့်ရှုအားပေးစကားပြောကြားကာ အာဟာရဖြည့်အစားအစာများ ပေးအပ်ပြီး ဆေးရုံအုပ်နှင့် သူနာပြုဆရာ၊ ဆရာမများကို အားပေးစကားပြောကြား၍ ဆေးရုံအတွက် တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်းတွင် ဖလမ်းခရိုင် လမ်းဦးစီးဌာနက စက်ယန္တရားဖြင့် လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းနေမှုနှင့် အလင်းဖွင့် ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကလေး-ဖလမ်း-ဟားခါးလမ်းသည် ပြည်ထောင်စုလမ်းမကြီးဖြစ်သဖြင့် လမ်းမကြီးကောင်းမွန်ရေး၊ ပြည်သူများလုံခြုံအေးချမ်းစွာ သွားလာနိုင်ရေး အလွန်အရေးကြီးကြောင်း၊ လမ်းဘေးဝဲယာ ချုံနွယ်များ ရှင်းလင်းရာတွင် လမ်းဘေးရေနုတ်မြောင်းများပိတ်ဆို့မှုမဖြစ်စေရေး၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ လမ်းသွားလမ်းလာ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးကြရန်မှာကြားပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဖလမ်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံးသို့ရောက်ရှိပြီး ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဖလမ်း ခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(RC) နှစ်ထပ်ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း၊ ဖလမ်းခရိုင်မီးသတ်ဦးစီးဌာနရုံးသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ခရိုင်(ပြန်/ဆက်)

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စာသင်ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၅ ပေသာ ကျန်ရှိတော့သဖြင့် ပေ ၂၀ ခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

✱ စတင်ဝင်ရောက်ကျက်စားမှ

ယခုအခါ မိုးယွန်းကြီးအင်းနှင့် ဆက်စပ်ရေဝပ်ဧရိယာများသို့ ဆောင်းခိုငှက်များ စတင်ဝင်ရောက်လာခြင်းဖြစ်သည်။

“မိုးယွန်းကြီးအင်းကို ဆောင်းခိုငှက်အချို့ စတင်ဝင်ရောက်နေတာရှိပါတယ်။ ဆောင်းခိုငှက် ဘဲပြာကလေးဆိုရင် မနှစ်ကထက်စောပြီး ဝင်လာတာတွေ့ရတယ်။ ဒါကထူးခြားမှုပါ။ ဒီနှစ်က အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဆောင်းခိုငှက် ဝင်ရောက်မှုအခြေအနေကို စောင့်ကြည့်ရအုံးမှာပါ”ဟု ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသို့ ဆောင်းဦးရာသီ၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ခရုစုတ်ခေါင်းမည်း၊ ငှက်ကြီးဝန်ပို၊ ဂျပိတွေ့၊ မြစ်တွေး၊ ငှက်ကျား၊ ဥပန်း၊ စာဘုန်းကြီး၊ ကြိုးကြာ၊ လင်းယုန်၊ ချည်ခင်စွပ်၊ ဘဲနီစပ်၊ နှုတ်သီးဂေါက်ကြီး စသည့်ဆောင်းခိုငှက်မျိုးစိတ်များ ဝင်ရောက်ကျက်စားမှု ရှိပြီး ပြီးခဲ့သည့် ဆောင်းရာသီတွင် မိုးယွန်းကြီးအင်းသို့ ဆောင်းခိုငှက် ၃၀၀၀၀ ကျော် ကျက်စားခဲ့သည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအပါအဝင် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၊ အင်းလေးကန်၊ အင်းတော်ကြီးကန်၊ မိန်းမလှကျွန်း၊ စလင်းဝက်သည်းကန် စသည့်ဘေးမဲ့တောများသို့ နှစ်စဉ်ဆောင်းခိုငှက်များနှင့် ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ရေပျော်ငှက်များ ဝင်ရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)



◆ ဘော်လီဘောပြိုင်ပွဲမှ

သာသနာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက သုံးပွဲတစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၆ ရက်(**ယနေ့**)နံနက် ၉ နာရီ မှစတင်၍ အမျိုးသား အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် မြန်မာနိုင်ငံတော်ဗဟို ဘဏ်အသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာန ပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၉ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစား၊(B)၌ ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၂၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်ရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာ ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေး အပါအဝင် လူငယ်လူရွယ်များအား ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေးလုပ်ငန်းတာဝန်များကို အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစားလှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိပါသည်။အားကစားရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်စေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ)ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာဖော်ပြရေးသား ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့် အချက်များ၊

(ခ) လူထုအားကစားလှုပ်ရှားမှု၏ အရေးပါမှု၊ အားကစားနှင့်ကျန်းမာရေး၊ အားကစားနှင့် လူငယ်ဖွံ့ဖြိုးရေး၊ လူထုအားကစားလှုပ်ရှားမှုများ ပိုမိုတိုးတက်လာစေရေး၊ ရပ်ရွာအခြေပြု အားကစားဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်းမြှင့်တင်ရေးတို့အတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ၊

(ဂ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ၊

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ ကိုးမျက်နှာထက်မနည်း၊ ၁၀ မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၁ မျက်နှာထက်မနည်း၊ ၁၂ မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ငါးမျက်နှာထက်မနည်း၊ ခြောက်မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ ခ၊ ဂ)ပါ အကြောင်းအရာများအပေါ် အခြေခံ၍ မိမိကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသောဓာတ်ပုံများ ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင် ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၇ ခုနှစ် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများကို အရေအတွက်အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ အားကစားနှင့်ကာယပညာဦးစီးဌာန နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1) သို့ လိပ်မူ၍ **Soft Copy တစ်ချပ်၊ Hard Copy တစ်စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ် မိတ္တူမှန် တစ်စောင်၊ ကိုယ်တိုင်ရေးသား၊ ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တစ်ပါတည်းပူးတွဲပေးပို့ကြရန်ဖြစ်ပါသည်။**

ပြိုင်ပွဲတွင် လက်ခံရရှိသောစာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ် ရှစ်သိန်း၊ တတိယဆု ကျပ် ခြောက်သိန်းနှင့် နှစ်သိမ့်ဆု ကျပ် ငါးသိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများကို နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၂၅၅၃၂၄၉၉၊ ၀၉-၄၂၀၁၀၇၀၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


● ရွှေကုက္ကိုလ်နယ်မြေမှ

အပြီးတိုင်ဖြုချ ဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင်အဆောက်အအုံ ကိုးလုံးကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင်ခြောက်ထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့ထိ တရားမဝင်အဆောက်အအုံ ကိုးလုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့ထိ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများမှ (၅-၁၁-၂၀၂၆)ရက်တွင် ယာဉ်ယန္တရားများဖြင့် ဖြိုချလျက်ရှိသည့် ခြောက်ထပ် အဆောက်အအုံ နှစ်လုံးတည်နေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ငါးလုံး၊ စုစုပေါင်း အဆောက်အအုံ ကိုးလုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၄လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို မဖြိုဖျက်မီ တွေ့ရစဉ်။

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဂရိနိုင်ငံ ရော့ဒက်စ်မြို့တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုဖြစ်ပွားပြီး မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေ



အေသင် နိုဝင်ဘာ ၅

ဂရိနိုင်ငံ ရော့ဒက်စ်မြို့တွင် မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှု ဖြစ်ပွားပြီး မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း ဂရိသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းကို အန်ဂတ်တာမုန်တိုင်းဟု အမည်ပေးထားပြီး မုန်တိုင်းပြင်းအား များသည့် အတွက် လူနေအိမ်များ၊ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ရေစီးသန်သည့် အတွက် မော်တော်ယာဉ်တချို့ ရေစီးနဲ့အတူ မျောပါခဲ့ကြောင်း ဂရိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရော့ဒက်စ်မြို့ကို အန်ဂတ်တာလို့အမည်ပေးထားတဲ့ မုန်တိုင်း ဝင်ရောက် တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းပြင်းအားများလို့ ပျက်စီးမှု တွေရှိခဲ့ပါတယ်။ မိုးရွာသွန်းမှု ဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပါတယ်။ လူနေအိမ်တွေနဲ့ အခြေခံအဆောက်အအုံတွေ ပျက်စီးခဲ့ပါတယ်။ ဆိုင်ခန်းတွေ တော်တော်များများ ပျက်စီးသွားပါတယ်။ ဒေသခံတွေကိုဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်။ ရေစီးသန်တဲ့အတွက် မော်တော်ယာဉ်တချို့ ရေစီးနဲ့အတူ မျောပါသွားခဲ့ပါတယ်"ဟု ဂရိသဘာဝဘေးအန္တရာယ်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် မူရားစုဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် နေအိမ် ၃၁၂ လုံးနှင့် စိုက်ပျိုးမြေ ၅၂၄၅၉ ဟက်တာ ထိခိုက်ပျက်စီးခဲ့ရ

နယူးဒေလီ နိုဝင်ဘာ ၅

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ကမ်းရိုးတန်းဒေသတစ်လျှောက် မူရားစုဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် နေအိမ် ၃၁၂ လုံးနှင့် စိုက်ပျိုးမြေ ၅၂၄၅၉ ဟက်တာ ထိခိုက်ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများ၏ ယနေ့ပြောကြားချက်အရ သိရသည်။

မူရားစုဆိုင်ကလုန်းမုန်တိုင်းကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး အဆိုပါသေဆုံးသူများသည် အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဘာပတ်လာခရိုင်မှဖြစ်ကြောင်း၊ မုန်တိုင်း ဝင်ရောက် တိုက်ခတ်ချိန်တွင် ကမ်းရိုးတန်းဒေသတစ်လျှောက် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



မူရားစုဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်စဉ် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများဖြစ်ပွားခဲ့ရာ လျှပ်စစ်ဓာတ်အားလိုင်းများလည်း ထိခိုက်ပြတ်တောက်ခဲ့ကြောင်း၊ ထို့ပြင် စိုက်ပျိုးမြေ ၅၂၄၅၉ ဟက်တာရှိ စိုက်ပျိုးသီးနှံများ ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မူရားစုဆိုင်ကလုန်းမုန်တိုင်းသည် တစ်ပတ်အတွင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ကို ဝင်ရောက်တိုက်ခတ်သည့် ဒုတိယမြောက် ဆိုင်ကလုန်းမုန်တိုင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကလည်း အာနာဘ်ဆိုင်ကလုန်းမုန်တိုင်းသည် အန်ဒရာပရာဒေ့ရှ်နှင့် သြဒိရာပြည်နယ်တို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

ပေါ်တူဂီနိုင်ငံတွင် သတင်းအချက်အလက်စင်တာများ တိုးချဲ့လာမှုကြောင့် ရေနှင့်လျှပ်စစ်စွမ်းအင်သုံးစွဲမှုဆိုင်ရာမူဝါဒများ ချမှတ်မည်

လစ္စဘွန်း နိုဝင်ဘာ ၅

ပေါ်တူဂီနိုင်ငံတွင် သတင်းအချက်အလက်စင်တာများ တိုးချဲ့လာမှုကြောင့် ရေနှင့်လျှပ်စစ်စွမ်းအင်သုံးစွဲမှုဆိုင်ရာ မူဝါဒများ ချမှတ်မည်ဖြစ်ကြောင်း ပေါ်တူဂီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပေါ်တူဂီနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် ၂၀၂၆ ခုနှစ်အတွင်း အပူချိန်မြင့်တက်မှုများဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ကျန်းမာရေးလုံခြုံမှုအရ အပူချိန်ပြောင်းလဲမှုကို စောင့်ကြည့်သည့် စင်တာများ၊ အပူချိန်ထိန်းညှိပေးသောစင်တာများနှင့် အအေးပေးစင်တာများ တည်ဆောက်အသုံးပြုမှုမြင့်တက်လာခဲ့ရာ အဆိုပါစင်တာများတွင် ရေနှင့်လျှပ်စစ်စွမ်းအင်သုံးစွဲမှုဆိုင်ရာ မူဝါဒများချမှတ်မည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် သတင်းအချက်အလက်စင်တာများ၏ လျှပ်စစ်ဓာတ်အားနှင့် ရေကိုအမြောက်အမြားသုံးစွဲနေမှုအပေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ဒေသခံများ၏ကန့်ကွက်မှုများဖြင့် ရင်ဆိုင်ရလျက်ရှိကြောင်း သိရသည်။

"ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်တက်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် ကျန်းမာရေးလုံခြုံမှုတွေ ကျိုးပေါက်လာပါတယ်။ ပြည်သူတွေဘေးကင်းဖို့ နိုင်ငံတစ်ဝန်း သတင်းအချက်အလက်စင်တာ အမြောက်အမြားတည်ဆောက်လာပါတယ်။ ဒီအဆောက်အအုံတွေအတွက် လျှပ်စစ်စွမ်းအင်နဲ့ ရေထုအရင်းအမြစ်တွေ သုံးစွဲနေရတာ တော်တော်များလာတယ်။ သတင်းအချက်အလက် စင်တာတွေကို အများပြည်သူတွေအတွက် လိုအပ်တဲ့ရေဝေးဝေမှုကို ထိခိုက်မှုမရှိတဲ့ ရေအသုံးပြုမှုဆိုင်ရာ မူဝါဒအသစ်တွေထားရှိဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပေါ်တူဂီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးမာရီယာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

တူနီးရှားနိုင်ငံတွင် စီမံကိန်းချမှတ်ကာ ပြန်တီးသွားသောသစ်တောမြေဟက်တာ ၃၀၀၀၀ တွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားမည်

တူးနစ် နိုဝင်ဘာ ၅

တူနီးရှားနိုင်ငံတွင် သစ်တောဂေဟစနစ်များ ပြန်လည်ကောင်းမွန်လာစေရန်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်မှ ၂၀၃၅ ခုနှစ်ထိ မဟာဗျူဟာ စီမံကိန်းတစ်ရပ်ကိုချမှတ်ကာ ပြုန်းတီးသွားသော သစ်တောမြေဟက်တာ ၃၀၀၀၀ တွင် သစ်ပင်များပြန်လည် စိုက်ပျိုးမည်ဖြစ်ကြောင်း တူနီးရှားနိုင်ငံ သစ်တောဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောမြေ ၇၄၆၀၂ ဟက်တာဆုံးရှုံးခဲ့ပြီး စီးပွားရေးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၈၀ ခန့်ရှိခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါစီမံကိန်းတွင် သစ်တောမြေဟက်တာ ၃၀၀၀၀ တွင် သစ်ပင်များပြန်လည်စိုက်ပျိုးခြင်းအပါအဝင် သစ်တောဂေဟစနစ်များ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သစ်တောပြန်လည် စိုက်ပျိုးရာတွင် ဝက်သစ်ချတောနှင့် ထင်းရှူးတောများကို ဦးစားပေး စိုက်ပျိုးမည်ဖြစ်ပြီး ဒေသရာသီဥတုနှင့် ကိုက်ညီသည့်ဒေသရင်း အပင်မျိုးစိတ်များကိုလည်း စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် တောမီးအန္တရာယ်ကို ကြိုတင်သိရှိနိုင်ရန် ဒစ်ဂျစ်တယ်စောင့်ကြည့်ရေးစနစ်များ၊ အလိုအလျောက် တောမီးစောင့်ကြည့်ရေးမျှော်စင်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ်ပင်များ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင် ၁၀ သန်းကို သစ်တောပျိုးဥယျာဉ် ၁၀ ခုဖြင့် စိုက်ပျိုးထုတ်လုပ်နေကြောင်း၊ ထို့ပြင် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ အတူပူးပေါင်း၍ စားကျက်မြေများတွင် ပျိုးပင် ၁ ဒသမ ၈ သန်းကိုလည်း စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

ဩစတြေးလျနိုင်ငံ မောင့်မော်ဂန်ဒေသတွင် သောက်သုံးရေလုံလောက်မှုရှိစေရန် ရေပိုက်များသွယ်တန်းကာ ရေပေးဝေသွားမည်ဖြစ်

ကင်ဘာရာ နိုဝင်ဘာ ၅

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် မောင့်မော်ဂန်ဒေသတွင် မိုးခေါင်ရေရှားပါးမှုဖြင့် ကာလရှည်ရင်ဆိုင်နေရပြီး သောက်သုံးရေ ရှားပါးမှုကြောင့် သောက်သုံးရေ လုံလောက်မှုရှိစေရန် ရေပိုက်များသွယ်တန်းကာ ရေပေးဝေသွားမည်ဖြစ်ကြောင်း ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက မောင့်မော်ဂန်ဒေသခံများ သောက်သုံးရေ လုံလောက်စွာရရှိရန် ဆောင်ရွက်ပေးမည့်အပေါ် ဒေသခံများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း၊ မောင့်မော်ဂန်ဒေသကို သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ရေးအတွက် ရေပိုက်များသွယ်တန်းခြင်းကို အမေရိကန်ဒေါ်လာ ၈၈ သန်းထိ အကုန်အကျခံသွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်းလည်း ရင်ဆိုင်ရနိုင်သည့် အတွက်ကြောင့် ငွေကြေးသုံးစွဲကာ ရေပိုက်များသွယ်တန်း၍ ရေလုံလောက်စွာ ပေးဝေနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"မောင့်မော်ဂန်ဒေသမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်တာတွေ၊ မြေအောက်ရေထုအရင်းအမြစ် ခန်းခြောက်တာတွေ ဖြစ်ပေါ်နေတဲ့အတွက် ဒေသခံတွေ အနေနဲ့ သောက်သုံးရေမလုံလောက်တဲ့ အခက်အခဲနဲ့ရင်ဆိုင်နေရပါတယ်။ အရင်ကလဲ အခုလိုပဲ မိုးခေါင်မှုကြောင့် သောက်သုံးရေအကန့်အသတ်နဲ့ ပေးဝေနေရတယ်။ ဒီပြဿနာကို ဖြေရှင်းပေးနိုင်ဖို့အတွက် ရေလှောင်တမံကနေ ရေပိုက်သွယ်တန်းပြီး ရေပေးဝေတာတွေ လုပ်ဆောင်သွားမှာပါ" ဟု ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

ပြန်လည်ထွက်ခွာ မိတ္ထီလာ၊ အပန်းဖြေပြီး ဤခရီး

သက်နိုင်(ပြင်ဦးလွင်)

မထင်မှတ်ဘဲ သွားခဲ့ရတဲ့ မိတ္ထီလာမြို့ခရီးစဉ်မှာ ကန်ပေါင်ပေါ်ကားလမ်းဘေးကနေ နာမည်ကျော် ဖောင်တော်ဦးဘုရားပွဲတော်ရဲ့ လှေပြိုင်ပွဲကို ကြည့်ရှုနေကြရပါပြီ။ လှေပြိုင်ပွဲကို မိတ္ထီလာကန်အတွင်း ကျင်းပပြုလုပ်နေကြတာပါ။ အချိန်က နေအလွန် ပူပြင်းတဲ့ မွန်းတည့်ချိန်ဖြစ်နေတာကြောင့် လှေပြိုင်ပွဲကို လမ်းဘေးမှာရှိနေတဲ့ သစ်ပင်ရိပ်တွေအောက်ကနေ ကြည့်ရှုကြရတယ်။ အပင်ရိပ်တွေအောက်မှာလဲ မိမိတို့လို ကြည့်ရှုနေကြတဲ့ပရိသတ်တွေ အများကြီးရှိနေကြတယ်။ လှေပြိုင်ပွဲကို ပြိုင်ပွဲဝင် ခြောက်ယောက် လှော်ခတ်လို့ရတဲ့ လောင်းလှေလေးတွေနဲ့ ပါဝင်ယှဉ်ပြိုင်နေကြတယ်။ တစ်ခါတာထွက်လာရင် လှေနှစ်စီးနှုန်းနဲ့ တစ်စီးနဲ့တစ်စီး ငြိသံတွေပေးပြီး အားကြိုးမာန်တက် လှော်ခတ်လာကြတာပါ။ မိမိတို့ ကြည့်ရှုနေစဉ်အတွင်း အင်္ဂျီအဖြူဆင်တူ၊ အင်္ဂျီအနီဆင်တူဝတ်ဆင်ထားကြတဲ့ လှေနှစ်စီးပြိုင်ပွဲဝင် လှော်ခတ်လာကြပြီး အင်္ဂျီအဖြူဝတ်ဆင်ထားတဲ့ လှေက အနိုင်ရပန်းဝင်သွားတာကို တွေ့မြင်လိုက်ရတယ်။

မိတ္ထီလာမြို့မှာ ဒီလိုကန်ရေပြင်ကျယ်ကြီးရှိနေတာကြောင့် လှေပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပပြုလုပ်ခွင့်ရနေသလို ပြိုင်ပွဲဝင်အသင်းတွေလဲရှိနေကြတယ်။ ကန်တော်သမိုင်းတွေအရမိတ္ထီလာကန်ကြီးကို မြို့သူကြီးအဆက်ဆက်တွေက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရတယ်။ ဘိုးတော်ဘုရားလက်ထက် ၁၇၉၆ ခုနှစ် ဇွန် ၅ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်တော်စာချုပ်လွှာမှာ မြို့သူကြီး ဦးကြူကို ကန်တော်ထိန်းသိမ်းဖို့အတွက် တာဝန်ပေးအပ်ကြောင်း ဖော်ပြထားတယ်။ ကန်ကြီးကို ဒီလိုထိန်းသိမ်းစောင့်ရှောက်နေတဲ့ကြားကနေ တစ်ခါတုန်းက ကန်ကျိုးပေါက်ခဲ့တာကြောင့် မိတ္ထီလာကန်ပေါက်ဘွဲ့ဆိုပြီး ရေးသားစပ်ဆိုခဲ့တာတွေ ရှိနေခဲ့တယ်။

ကန်ပေါင်ပေါ်ကားလမ်းကနေ လှေပြိုင်ပွဲကို ကြည့်ရှုနေကြရင်းနဲ့ နေအပူဒဏ်ကို မခံနိုင်တော့တာကတစ်ကြောင်း၊ ဗိုက်ဆာလာကြပြီဖြစ်တာက တစ်ကြောင်းကြောင့် ဆက်လက်ကြည့်ရှုအားမပေးနိုင်ကြတော့ဘဲ နေ့လယ်စာ ထမင်းစားကြဖို့ ထွက်ခွာလာခဲ့ကြတယ်။ မိတ္ထီလာကန် အနီးတစ်ဝိုက် ဝန်းကျင်နဲ့ ကားလမ်းတွေပေါ်မှာ ဖောင်တော်ဦးဘုရားပွဲကို လာရောက်လည်ပတ်ကြတဲ့ ဘုရားဖူးဧည့်သည်ပရိသတ်တွေ၊ သွားလာလှုပ်ရှားနေကြတဲ့ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ စည်စည်ကားကားဖြစ်နေဆဲပါ။ ဒါကြောင့်လဲ တစ်ဖက်ကားလမ်းကနေ ကားရပ်ထားခဲ့တဲ့နေရာကိုရောက်အောင် သတိထား၊ စောင့်ဆိုင်းပြီးမှ တစ်ယောက်လက်ကို တစ်ယောက် ကဆွဲရင်း ဖြတ်ကျော်လာခဲ့ကြရတယ်။

နေ့လယ်စာ ထမင်းစားသောက်ကြဖို့အတွက် ကန်ပေါင်အနီး ကားလမ်းမကြီးဘေးက ဆိုင်တစ်ဆိုင်ကို ရွေးချယ်ခဲ့တယ်။ ဟင်းလျာတွေစုံပြီး လက်ရာလဲ ကောင်းတယ်။ တောင်ကြီးမြို့နဲ့ ရန်ကုန်မြို့ကို သွားရောက်တဲ့အဓိကလမ်းမကြီးပေါ်မှာ ရှိနေတာကြောင့်လဲ စားသောက်နေကြသူတွေနဲ့ အမြဲလိုစည်ကားနေလေ့ရှိတယ်။ အခု မိမိတို့ရောက်ရှိသွားတဲ့အခါ ဘုရားပွဲတော်ကာလဖြစ်နေလို့လဲ ထမင်းဆိုင်က အရင်တုန်းကထက် ပိုမိုစည်ကားနေသလို ထိုင်စရာနေရာအတွက် ခဏတာစောင့်ဆိုင်းပြီးမှ နေရာရကြတော့တယ်။ မိမိတို့ ကြိုက်နှစ်သက်ရာ ဟင်းမျိုးစုံတွေနဲ့စားသောက်လို့လဲ ကောင်းခဲ့ကြတယ်။

နေ့လယ်စာ ထမင်းစားသောက်ပြီးကြတာနဲ့ မြို့မစည်ပင်သာယာဈေးကိုသွားပြီး အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်စရာရှိတာတွေကို ဝယ်ကြဖို့ပါ။ မိတ္ထီလာဈေးက ငါးပိ၊ ငါးခြောက်တွေ ပေါတယ်။ ပဲဆီ၊ နှမ်းဆီ စစ်တယ်ဆိုပြီး နာမည်ကြီးတယ်။ ဒါပေမဲ့ ဈေးကို ထမင်းဆိုင်ကနေ ကားမောင်းလာတဲ့အခါ လမ်းတွေ ကျပ်နေတဲ့အပြင် ဈေးအနီးကို ရောက်လာတာနဲ့အမျှ ပိုမိုစည်ကားရှုပ်ထွေးလာတယ်။ ဈေးအတွင်းကို ဝင်ရောက်ဝယ်ခြမ်းကြဖို့ အတွက် ကားကို တစ်လှိမ့်ချင်းမောင်းနေပြီး ကားရပ်နားစရာနေရာတစ်ခုကို ရှာဖွေနေခဲ့ပေမဲ့ ဘယ်နေရာမှာမှ မတွေ့မမြင်ရှိမနေခဲ့ပါဘူး။ ဒီလိုနဲ့ မြို့မစည်ပင်သာယာဈေးကြီးကို ကျော်လွန်လာခဲ့ရတယ်။



မိတ္ထီလာကန်တွင် လှေပြိုင်ပွဲ ကျင်းပနေသည်ကို တွေ့ရစဉ်။

မိတ္ထီလာမြို့ရဲ့ အလွန်ပူပြင်းလှတဲ့ မွန်းလွဲချိန်နေရောင်အောက်မှာ ကားရပ်နားစရာနေရာလပ် မရှိရလောက်အောင် စည်စည်ကားကားဖြစ်နေတာက အံ့သြစရာတော့ မဟုတ်တော့ပါဘူး။

မြို့မဈေးကို ကျော်လွန်လာခဲ့ပြီး ကားကို တဖြည်းဖြည်းမောင်းနေရင်းနဲ့ တစ်နေရာအရောက်မှာ ဈေးပတ်လမ်းဆိုတဲ့ လမ်းတစ်ခုကို ရုတ်တရက် တွေ့မြင်လိုက်ရတာကြောင့် လမ်းအတွင်းကို မောင်းနှင်ခဲ့လိုက်တယ်။ ဒီလမ်းက ရှုပ်ရှုပ်ထွေးထွေး စည်စည်ကားကားဖြစ်မနေသလို အနည်းငယ်ရှင်းလင်းနေတယ်။ လမ်းရဲ့ဘေး တစ်ဖက်တစ်ချက် ဝဲယာတွေမှာလဲ ဈေးဆိုင်ကြီးတွေရှိနေကြတယ်။ ဒီလိုမောင်းလာနေရင်းနဲ့ ကားရပ်နားလို့ရတဲ့နေရာ တစ်ခုကို တွေ့မြင်လိုက်ရလို့ အခြေအနေကြည့်ပြီး ရပ်လိုက်ရတယ်။ ကားရပ်လိုက်တဲ့နေရာမှာလဲ ရှုပ်ရှုပ်ထွေးထွေး စည်စည်ကားကားဖြစ်မနေပါဘူး။ ဒါပေမဲ့ ဈေးဆိုင်ကြီးတွေတော့ ရှိနေကြတယ်။ ကားရပ်ပြီးတာနဲ့ ဝယ်စရာရှိတာတွေ ဝယ်ရအောင် ရှေ့တည့်တည့်ကို လမ်းလျှောက်ခဲ့ကြတယ်။ ဒီလို လျှောက်လာခဲ့ကြရင်းနဲ့ မကြာခင်မှာ ဈေးဝင်ပေါက်တစ်ခုကို တွေ့မြင်လိုက်ရတယ်။

မိမိတို့ရောက်ရှိလာတဲ့ နေရာကလဲ ဈေးတစ်ခုဖြစ်နေတယ်။ ဒါပေမဲ့ မြို့မစည်ပင်သာယာဈေးကြီးတော့မဟုတ်ပါဘူး။ ဝင်ပေါက်ကနေ ဝင်ရောက်သွားတဲ့အခါမှာလဲ အနည်းငယ်ရှင်းလင်းနေတယ်။ ဈေးထဲကို ရောက်ရှိလာခဲ့ပြီး စတင်မြင်တွေ့ရတာက စက်ချုပ်ဆိုင်တန်းတွေပါ။ စက်ချုပ်ဆိုင်တန်းတွေဆိုတော့ သိပ်ပြီးစည်စည်ကားကားလဲ မရှိပါဘူး။ ဒီဈေးအတွင်းမှာ ငါးပိ၊ ငါးခြောက်ဆိုင်တွေ၊ ပဲဆီ၊ နှမ်းဆီဆိုင်တွေကို မတွေ့ရသေးခင် စက်ချုပ်ဆိုင်တန်းရဲ့အနီးမှာ အဝတ်အထည်ဆိုင်တွေကို တွေ့မြင်လိုက်ရတာကြောင့် အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူသွားဖို့ လက်သုတ်ပဝါတွေ ရှိ၊ မရှိမေးမြန်းလိုက်ရတယ်။ မိတ္ထီလာ၊ မြင်းခြံ၊ ရေစကြို၊ ပခုက္ကူ၊ ပြည်၊ မကွေး စတဲ့ဈေးတွေမှာ အိမ်သုံးလက်သုတ်ပဝါတွေကို ဝယ်ယူလို့ ကောင်းသလို ဈေးနှုန်းတွေကလဲ သင့်တင့်လှပါတယ်။ ဒီလက်သုတ်ပဝါလေးတွေက တန်ဖိုးနည်းပေမဲ့ လက်ဆောင်ပေးလို့ ကောင်းတယ်။ အိမ်တစ်အိမ်ကို နှစ်ထည်၊ သုံးထည် ပေးလိုက်တာနဲ့ အိမ်ရှင်တွေကလဲ သဘောကျ နှစ်သက်လေ့ရှိနေတယ်။

အိမ်ပြန်လက်ဆောင်အဖြစ် လက်သုတ်ပဝါတွေကို ဝယ်ယူပြီးတာနဲ့ ငါးပိ၊ ငါးခြောက်တွေကို ဝယ်ယူချင်သေးတာကြောင့် အထည်ဆိုင်ပိုင်ရှင်ကို မေးမြန်းကြည့်တဲ့အခါ ဒီဆိုင်တွေက မြို့မဈေးကြီးမှာသာ ဆိုင်ကြီးတွေအနေနဲ့ များများစားစားရှိနေကြကြောင်းနဲ့ အခုဈေးအတွင်းမှာ ဆိုင်သေးလေးတွေသာ အနည်းငယ်ရှိနေကြောင်း သိလိုက်ရလို့ ငါးပိ၊ ငါးခြောက် ဝယ်ယူဖို့အစီအစဉ်ကို ဖျက်သိမ်းလိုက်ရတယ်။ ဒါပြင် အလွန်ပူပြင်းတဲ့ဒဏ်ကို မခံမရပ်နိုင်အောင် ခံစားနေရတာကြောင့် မိတ္ထီလာမြို့တွင်းကနေ မြန်မြန်ကားမောင်းပြီး ထွက်သွားချင်တာလဲ ပါဝင်နေပါတယ်။ ကားရှိရာကို ပြန်ရောက်ခဲ့ပြီး လူစုံတာနဲ့ အိမ်ပြန်ခရီးကို စတင်တော့မဲ့အချိန်မှာ သူငယ်ချင်း မိသားစုက လမ်းမှာရှိတဲ့ အရိပ်ကောင်းတဲ့နေရာ တစ်ခုခုမှာ ဝင်ရောက်နားကြရအောင်ဆိုလို့ အရိပ်ကောင်းပြီး နားလို့ရနိုင်မဲ့ နေရာတစ်ခုခုကို စဉ်းစားရွေးချယ်ရတော့တယ်။ မိတ္ထီလာ – မန္တလေး လမ်းဟောင်းမှာ ကူမဲမြို့အနီးပတ်ဝန်းကျင်ကို ရောက်မှ ချောင်းတွေ၊ မြောင်းတွေ၊ ရေတွေ၊ အရိပ်တွေ ရှိနိုင်၊ တွေ့နိုင်တယ်ဆိုတာကိုလဲ တွေးတောမိလိုက်တယ်။

ဒီလိုတွေးတောနေရင်းနဲ့ လမ်းပေါ်က အရိပ်ကောင်းကောင်းနေရာတစ်ခုမှာ ထိုင်ပြီး အနားယူတာထက် ကူမဲမြို့အနီး ရွာခိုင်ကြီးကျေးရွာမှာရှိနေတဲ့ ငယ်သူငယ်ချင်းအိမ်ကို ဝင်ရောက်လည်ပတ်ရင်း ပန်းလောင်မြစ်ထဲမှာ အပန်းဖြေ ရေချိုး၊ ရေကစား ကြဖို့ ထပ်မံစိတ်ကူးစဉ်းစားလိုက်မိတယ်။ မရောက်တာကြာပြီဖြစ်တဲ့ သူငယ်ချင်းရှိရာကိုလဲ ရောက်၊ အပန်းလဲပြေနိုင်တာကြောင့် ဒီအစီအစဉ်ကို အကောင်အထည်ဖော်ဖို့အတွက် သူငယ်ချင်းဖြစ်သူကို ဖုန်းဆက်အကြောင်းကြားထားလိုက်ရတယ်။ မိတ္ထီလာမြို့ကနေ စတင်ထွက်ခွာလာတဲ့အချိန်က မွန်းလွဲ ၂ နာရီရှိနေပါပြီ။ ရွာခိုင်ကြီးက သူငယ်ချင်းအိမ်ကို ရောက်တဲ့ထိ ၁ နာရီ မိနစ် ၃၀ လောက်ပဲ မောင်းရတော့မှာပါ။ ညနေ ၃ နာရီ မိနစ် ၃၀ ဝန်းကျင်မှာ ရောက်ရှိသွားနိုင်ပါတယ်။ ဒီလိုရောက်သွားရင် နာရီဝက်လောက် ခဏနား၊ စကားစမြည် ပြောကြအပြီး ပန်းလောင်မြစ်ထဲမှာ ရေချိုး၊ ရေကစား ညနေ ၅ နာရီမှာ ပြန်လည်ထွက်ခွာလာကြဖို့ စီစဉ်ထားလိုက်တယ်။

ခန့်မှန်းထားတဲ့အတိုင်း ရွာခိုင်ကြီးက သူငယ်ချင်းအိမ်ကို ညနေ ၃ နာရီ မခွဲခင် မိနစ်ပိုင်းအလိုမှာ ရောက်လာခဲ့ကြတယ်။ ခရီးရောက်ရောက်ချင်း သူငယ်ချင်းမိသားစုက ကြိုတင်စီစဉ်ထားတဲ့ ရေနွေးကြမ်း၊ အကြော်စုံ ပူပူနွေးနွေးတွေနဲ့ ဧည့်ခံကျွေးမွေးရင်း စကားတွေပြောကြရတယ်။ ရေနွေးကြမ်းကကောင်း၊ အကြော်တွေက စားလို့ကောင်းနဲ့ ပန်းလောင်မြစ်ထဲမှာ အပန်းမဖြေရသေးခင် တစ်ခဏတာအတွင်းမှာ အပန်းပြေသွားကြရတယ်။ မှတ်မှတ်ရရအဖြစ် အကြော်စုံတွေထဲမှာ ဘူးသီးကြော်နဲ့ ကြက်သွန်နီကြော်တွေက အလွန်အရသာရှိနေတယ်။ သူငယ်ချင်းရဲ့ရွာကို ဝင်ရောက်ရတဲ့ အကြောင်းရင်းက ပန်းလောင်မြစ်ထဲမှာ ရေချိုးကြဖို့က အဓိကဖြစ်နေတာကြောင့် စားသောက်ပြီးကြတာနဲ့ ပန်းလောင်မြစ်ထဲ ဆင်းကြဖို့ ပြင်ဆင်ကြရတယ်။ အချိန်က ညနေ ၄ နာရီ မထိုးသေးပါဘူး။ ပန်းလောင်မြစ်ရေတွေကလဲ အလှမ်းမဝေးတဲ့ အနီးအနားမှာ တသွင်သွင်စီးဆင်းနေတာပါ။

ရေချိုး၊ ရေကစားကြဖို့ မြစ်ထဲကို စတင်ဆင်းတဲ့အခါမှ ညနေ ၄ နာရီသာ ရှိနေပါသေးတယ်။ မြစ်ရေတွေက ကြည်လင်သန့်ရှင်းနေပြီး ဒူးဆစ်အောက်လောက်မှာသာ စီးဆင်းနေတဲ့ရေတွေအတွင်းမှာ ရေချိုး၊ ရေကစားကြရတာ ဘာအန္တရာယ်မှ ရှိမနေပါဘူး။ ဒါ့ပြင် ရေကူးကျွမ်းကျင်တဲ့ နယ်ခံ၊ ရွာခံသူငယ်ချင်းဖြစ်သူက ကမ်းအနီးကနေ မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုတွေရိုက်ပေးရင်း အနီးကပ်စောင့်ရှောက်နေတာကြောင့်လဲ မပူမပင်၊ မကြောက်မလန့်နဲ့ အေးအေးဆေးဆေးလွတ်လွတ်လပ်လပ်၊ ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြရတယ်။ တကယ်တော့ မြစ်အတွင်းမှာ ရေကစားနေကြတဲ့ မိမိအပါအဝင် ခရီးဖော် မိသားစုဝင်တွေအားလုံး ပျော်ပျော်ရွှင်ရွှင်ရှိနေကြတယ်။ မြစ်ရေတွေကလဲ ကြည်လင်အေးမြနေလို့ ပိုပြီး အရသာရှိနေတယ်။ ရေချိုး၊ ရေကစားနေကြရင်းနဲ့ မြစ်ကြမ်းပြင်မှာရှိနေတဲ့ ကျောက်တုံး၊ ကျောက်ခဲလေးတွေ၊ ခရုခွံလေးတွေကို မြင်တွေ့နေကြရတယ်။ မြစ်ရေတွေက အထက်ကင်းတားဆည်ကြီးကနေ ထိန်းပြီး လွှတ်ပေးနေတာပါ။

ပန်းလောင်မြစ်အတွင်းမှာ ရေချိုး၊ ရေကစား နေကြရတာ ဘယ်လောက်ထိ ပျော်ရွှင်နေကြသလဲ ဆိုရင် ညနေ ၅ နာရီထိုးတဲ့ထိ ရေထဲကနေ မတက်ချင်ကြသေးပါဘူး။ ဒါကြောင့် မိမိက နောက်ထပ် ၁၅ မိနစ်လောက်နေရင် တက်ကြရအောင်ဆိုပြီး သတိပေးရတော့တယ်။

ပန်းလောင်မြစ်တွင်းကနေ ပြန်တက်လာခဲ့ကြပြီး အိမ်ပြန်ကြဖို့ အဆင်သင့်ဖြစ်နေချိန်မှာညနေ ၅နာရီ မိနစ် ၃၀ ကျော်နေပါပြီ။ အိမ်ရှင် သူငယ်ချင်းနဲ့ မိသားစုဝင်တွေက ညနေစာ ထမင်းစားသောက်ကြပြီးမှ ပြန်ကြဖို့ တိုက်တွန်းပြောဆိုနေကြပေမဲ့ ပြန်ချိန် နောက်ကျနေမှာ စိုးရိမ်တာနဲ့ သူတို့ ပေးလိုက်တဲ့ ဒေသထွက်လက်ဆောင်တွေကို ယူပြီး အပြန်ခရီးကို ဆက်ခဲ့ကြတယ်။ ဒီခရီးစဉ်က မိတ္ထီလာမြို့ရှိရာကို ရုတ်တရက်ထွက်ခွာသွားလာခဲ့ကြရပေမဲ့ ပန်းလောင်မြစ်အတွင်းမှာ ရေချိုး၊ ရေကစားခဲ့ကြရတာကြောင့် တစ်နေ့တာပင်ပန်းခဲ့ရသမျှ အပန်းပြေသွားခဲ့ရပါတယ်။ ပြန်လည်ထွက်ခွာ မိတ္ထီလာ၊ အပန်းဖြေပြီး ဤခရီးလို့ ပြောရတော့မှာပါ။

စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ နယူးကာဆယ်အသင်း၊ ဘိုလော့နာအသင်း၊ ရေဆင်းအသင်းတို့ကိုရွေးရမှာပါ

M L



စနေနေ့ညကစားမဲ့အမှတ်ပေးပြိုင်ပွဲမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေနည်းပါပေမဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိမှာသေချာပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ် စနေနေ့ညပရီးမီးယားလိဂ်မှာ မန်စီးတီးအသင်းက ဘရိုက်တန်ကိုရှုံးခဲ့သလို ဆန်းဒါးလန်းအသင်းကလဲ ကိုဗင်ထရီအသင်းကို ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ လာလီဂါမှာတော့ ဆဲလ်တာဗီဂိုအသင်းက ဗယ်လ်ကာနိုကိုရှုံးခဲ့ပြီး ကျန်အသင်းကြီးတွေကတော့ ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ လာမဲ့စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာတော့ ခြေရည်တူအသင်းတွေထဲက အသင်းလိုက်ကစားအားကောင်းပြီး နိုင်ပွဲရှာဖွေဖို့လိုအပ်နေတဲ့ နယူးကာဆယ်အသင်း၊ ဘိုလော့နာအသင်း၊ ရေဆင်းအသင်းတို့ကို ရွေးချယ်သွားမှာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းကို ရွေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၁၀) မှာ အကြိုက်တွေ့တာကတော့ ဖူလ်ဟမ်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အေဗီလာအသင်းနဲ့ကစားခဲ့ရပေမဲ့ အပြန်အလှန်ဖိအားပေးမှုတွေ ကစားနိုင်ခဲ့တာကြောင့် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ပရီးမီးယားလိဂ်ကိုးပွဲအပြီးမှာ နိုင်ပွဲနှစ်ပွဲသာ ရခဲ့တာကြောင့် ရမှတ်ကိုးမှတ်နဲ့အဆင့် (၁၅) မှာရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲတွေကိုကြည့်ရင် အိမ်ကွင်းထက် အဝေးကွင်းကစားပုံကပိုကောင်းနေပြီး အဝေးကွင်းမှာဆို ရမှတ်ပိုစုဆောင်းနိုင်တာကိုသတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းငါးပွဲမှာလဲ အစ်ဝှစ်တစ်သင်းထဲကိုသာရှုံးခဲ့ပြီး နောက်ဆုံး အိမ်ကွင်းငါးပွဲမှာတော့ ဟူးလ်စီးတီးတစ်သင်းကိုသာနိုင်ပွဲရခဲ့ပြီး ကျန်ပွဲတွေမှာတော့ ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာလဲ နယူးကာဆယ်လိုတိုက်စစ်ကောင်းတဲ့အသင်းကို တောင်ပံအားပြုကစားရင်တော့ ဂိုးပေးရဖို့များပြီး ရှုံးပွဲကြုံသွားနိုင်ပါတယ်။

နယူးကာဆယ်အသင်းကတော့ အမှတ်ပေးပွဲကိုးပွဲမှာ ရမှတ် ၁၁ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် (၁၃) မှာရပ်တည်နေတာကို တွေ့ရမှာပါ။ နယူးကာဆယ်ရဲ့ကစားပုံဟာ အိမ်ကွင်းထက်အဝေးကွင်းကစားပုံပိုကောင်းနေပြီး ပရီးမီးယားလိဂ်ကိုးပွဲမှာ သုံးပွဲအနိုင်ရခဲ့ရာမှာ အဝေးကွင်းနှစ်ပွဲထိ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာ နည်းပြအနေနဲ့ ထိပ်တန်းအဆင့်ကစားသမားတွေကိုပွဲထုတ်ပြီး တိုက်စစ်မြှင့်တင်နိုင်မယ်ဆိုရင်တော့ ခံစစ်ကစားပုံအားနည်းချက်ရှိနေတဲ့ ဖူလ်ဟမ်ကို ဖိအားပေးနိုင်မှာသေချာပါတယ်။ ဒါကြောင့် အခုပွဲကို နိုင်ပွဲရဖို့ ကြိုးပမ်းပြီး ဖိအားအောက်က ရုန်းထွက်ဖို့ပြင်ဆင်လာမဲ့နယူးကာဆယ်အသင်းကိုပဲရွေးရမှာပါ။

ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အစ်ဝှစ်	၂	-	၁ ဖူလ်ဟမ်
ဖူလ်ဟမ်	၁	-	၀ ဟူးလ်စီးတီး
ကိုဗင်ထရီ	၀	-	၁ ဖူလ်ဟမ်
ဖူလ်ဟမ်	၀	-	၁ ပဲလေ့စ်
အေဗီလာ	၁	-	၁ ဖူလ်ဟမ်

နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ကိုဗင်ထရီ	၄	-	၁ နယူးကာဆယ်
နယူးကာဆယ်	၀	-	၁ အေဗီလာ
ပဲလေ့စ်	၀	-	၂ နယူးကာဆယ်
အဲဗာတန်	၃	-	၁ နယူးကာဆယ်
နယူးကာဆယ်	၀	-	၁ အဲဗာတန်

ဘိုလော့နာအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညကစားမဲ့ အီတလီစီးရီးအေပွဲစဉ် (၁၁)မှာအကြိုက်တွေ့မိတာကတော့ ပါးမားအသင်းနဲ့ ဘိုလော့နာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပါးမားအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အတ္တလန်တာလိုခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းကို တန်ပြန်တိုက်စစ်နဲ့ တုံ့ပြန်ကစားနိုင်ခဲ့ပြီး သုံးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဲဒီပွဲစဉ်မှာ ပြိုင်ဘက်အသင်းဘက်ကို ထိရောက်တဲ့ခြိမ်းခြောက်မှုသုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး သုံးကြိမ်စလုံးဂိုးရခဲ့တာကို သတိပြုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ စီးရီးအေ ၁၀ ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ကြောင့် အမှတ်ပေးဇယားအဆင့် (၁၅) မှာသာရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းရဲ့ တိုက်စစ်ကစားပုံကလဲ အမှတ်ပေးပြိုင်ပွဲမှာ ရှစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာ လေးဂိုးသာရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ပါးမားအသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသေးတာကိုတွေ့ရပြီး ဘိုလော့နာလိုကစားပုံမာကျောတဲ့အသင်းကိုတော့ အတ္တလန်တာအသင်းနဲ့ပွဲက လိုမျိုးပုံစံနဲ့ကစားရင်တောင် ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ခက်မှာပါ။

ဘိုလော့နာအသင်းဟာ နည်းပြပါလာဒီနိုလက်ထက်မှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတာကြောင့် စီးရီးအေပြိုင်ပွဲမှာ ရမှတ် ၁၄ မှတ်နဲ့ အဆင့် (၉) ထိရောက်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီအစအမှတ်ပေးပြိုင်ပွဲငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီးနောက် ပိုင်းနည်းပြအနေနဲ့ ကစားကွက်ပိုင်းပြောင်းလဲခဲ့တာကြောင့် ရမှတ်တွေပြန်လည်ရှာဖွေနိုင်ခဲ့တာကို သတိပြုရမှာပါ။ လက်ရှိသူတို့အသင်းရဲ့ တိုက်စစ်ဟာ ပြိုင်ဘက်မရွေးဂိုးသွင်းယူနိုင်တဲ့ခြေစွမ်းမျိုးရရှိနေပြီး ပါးမားလို ခံစစ်ပိုင်းအားနည်းတဲ့အသင်းကိုတော့ ဂိုးသွင်းနိုင်မှာသေချာပါတယ်။ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာဆိုရင် အသင်းရဲ့တိုက်စစ်က ပြိုင်ဘက်ခံစစ်ကြောင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ပြီး ပင်နယ်တီနှစ်ကြိမ်ထိရခဲ့တာကြောင့် ပါးမားအနေနဲ့ ဘိုလော့နာအသင်းကို ခပ်ကြမ်းကြမ်းကစားမယ်ဆိုရင်တော့ ပင်နယ်တီခွင့်ပြုရဖို့များပါတယ်။ ဒါပြင် တိုက်စစ်မှူးဘာနာဒက်ချီကလဲ သုံးပွဲစလုံးဂိုးသွင်းနိုင်ခဲ့ပြီး ခြေစွမ်းထက်မြက်နေတာကြောင့် ပါးမားအသင်းအနေနဲ့ ဘာနာဒက်ချီကိုမထိန်းနိုင်ရင်တော့ ပေးဂိုးများသွားနိုင်လို့ ဘိုလော့နာအသင်းနဲ့ပဲလက်တွဲရမှာပါ။

ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အင်တာမီလန်	၃	-	၀ ပါးမား
ပါးမား	၀	-	၃ တိုရီနို
လာဇီယို	၂	-	၁ ပါးမား
ပါးမား	၀	-	၀ အူဒီးနီးစ်
အတ္တလန်တာ	၀	-	၃ ပါးမား

ဘိုလော့နာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

လက်ချီ	၁	-	၂ ဘိုလော့နာ
ဘိုလော့နာ	၁	-	၃ အင်တာမီလန်
ကက်ဂလီယာရီ	၀	-	၂ ဘိုလော့နာ
အေစီမီလန်	၂	-	၄ ဘိုလော့နာ
ဘိုလော့နာ	၂	-	၁ မွန်ဇာ

ရေဆင်းအသင်း ရလဒ်ကောင်းမှာပါ

စပိန်လာလီဂါပွဲစဉ် (၁၂) မှာနောက်ထပ်အကြိုက်တွေ့တာကတော့ မာလာဂါအသင်းနဲ့ ရေဆင်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၂၄ ခုနှစ် လာလီဂါ-၂ ပြိုင်ပွဲမှာဖြစ်ပြီး ရေဆင်းအသင်းက နှစ်ကျော့စလုံးရှုံးပွဲမရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ မာလာဂါအသင်းဟာ တန်းတက်အသင်းဖြစ်တာကြောင့် ကစားသမားစုဖွဲ့မှုနဲ့ ကစားကွက်ပိုင်းက လာလီဂါပြိုင်ပွဲက အသင်းတွေကိုယှဉ်ပြိုင်ဖို့အခက်တွေ့နေလို့ အခုပြိုင်ပွဲမှာ နိုင်ပွဲမရသေးတာဖြစ်ပါတယ်။ သူတို့အသင်းဟာ လာလီဂါပြိုင်ပွဲ ၁၁ ပွဲအပြီးမှာ ငါးပွဲသရေ၊ ခြောက်ပွဲရှုံးနဲ့ ရမှတ်ငါးမှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာရောက်ရှိနေတာကိုသတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲငါးပွဲဆက်မှာလဲ ခံစစ်ပိုင်းက ပေးဂိုး ၁၈ ဂိုးထိပေးခဲ့ရပြီး တိုက်စစ်ကတော့ သွင်းဂိုးငါးဂိုးသာ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မာလာဂါရဲ့ ခံစစ်နဲ့တိုက်စစ်ဟာ အခုပွဲမှာ ရေဆင်းအသင်းလို အသင်းလိုက်ကစားပုံကောင်းနေတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ရင်ဆိုင်ဖို့တော့ အခက်တွေ့မှာ သေချာပါတယ်။

ရေဆင်းအသင်းကလဲ အခုနှစ်မှ တန်းတက်လာတဲ့အသင်းဖြစ်ပေမဲ့ အမှတ်ပေးပွဲ ၁၁ ပွဲမှာ သုံးပွဲနိုင်၊နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးနဲ့ ရမှတ် ၁၁ မှတ်စုဆောင်းနိုင်ခဲ့တာကြောင့် တန်းတက်အသင်းတွေထဲမှာ ရလဒ်ပိုင်းအကောင်းဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာတော့ နှစ်ပွဲနိုင်၊တစ်ပွဲသရေနှစ်ပွဲရှုံးရလဒ်ရရှိခဲ့ပြီး ပြီးခဲ့တဲ့ ရီးရဲလ်မက်ဒရစ်အသင်းနဲ့ပွဲမှာဆိုလဲ ရီးရဲလ်မက်ဒရစ်ကို အပြန်အလှန်ဖိအားပေးကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ရေဆင်းအသင်းအနေနဲ့ ပြီးခဲ့တဲ့ ရီးရဲလ်မက်ဒရစ်အသင်းနဲ့ပွဲကအတိုင်း ကစားနိုင်မယ်ဆိုရင်တော့ မာလာဂါလို ခြေစွမ်းပိုင်းဆိုးရွားနေတဲ့အသင်းကို နိုင်ပွဲရှာနိုင်မှာဖြစ်ပါတယ်။ လက်ရှိခြေစွမ်းပိုင်းနဲ့ တိုက်စစ်ကစားပုံက ရေဆင်းအသင်းကပိုသာနေတာကြောင့် အခုပွဲမှာ ရေဆင်းအသင်းပဲရလဒ်ကောင်းမှာပါ။

မာလာဂါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

မာလာဂါ	၁	-	၁ အက်စ်ပန်ညို
မာလာဂါ	၂	-	၅ ဆိုစီဒက်
အလာဗက်	၁	-	၁ မာလာဂါ
အလာဇာ	၀	-	၃ မာလာဂါ
ဘက်တစ်	၂	-	၁ မာလာဂါ

ရေဆင်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်


ရေဆင်း	၂	-	၂ ဗလင်စီယာ
အိုဆာဆူနာ	၂	-	၀ ရေဆင်း
ရေဆင်း	၂	-	၁ အက်စ်ပန်ညို
ရီဘာဒက်ဆဲလာ	၀	-	၂ ရေဆင်း
ရေဆင်း	၀	-	၃ ရီးရဲလ်မက်ဒရစ်

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်















သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆ ဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ် စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်

INNWA BANK LIMITED



လူကြီးမင်း၏ ငွေကြေးဆိုင်ရာကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်
ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၅၉၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွားသွားပြီးထွက်ခွာပါ။ (ကြမ်းပြင်ပေါ်တွားသွားခြင်းဖြင့် အောက်စီဂျင်ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှူမြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ

၁။ မီးလောင်လွယ်သည့် ပစ္စည်းများကို အိမ်တွင်း နှင့် အနီးတစ်ဝိုက်တွင် သိုလှောင်ထားခြင်းမပြုရ။






၂။ ကလေးများ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ၊ အိုမင်း မစွမ်းသူများကို မီးခြစ်၊ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှု ဖြစ်ပေါ် စေနိုင်သော ပစ္စည်းများ အသုံးမပြုစေရ။

၃။ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို အောက်ခံခွက် (အပူခံခွက်) မပါဘဲ အသုံးမပြုရ။



၄။ ဖယောင်းတိုင်၊မီးခွက်တို့ကို အိပ်ရာ ၊ ခြင်ထောင်၊ နံရံစသည့် မီးလောင်လွယ်သည့်နေရာများနှင့် နီးကပ်စွာ မထွန်းရ။





၅။ နေ့လယ်ခင်း အပူချိန်မြင့်တက်ချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထည့်ခြင်း၊ ဖလှယ်ခြင်း မပြုရ။

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၅

ဘိလိယက်နှင့် စနူကာအားကစား အဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မား လာစေရေးနှင့် မျိုးဆက်သစ်အားကစား သမားများ ပေါ်ထွက်လာစေရေးတို့ အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူး၍ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

တရားဝင်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေကြေးများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူခြင်း၊ ရောင်းချခြင်း မပြုပါက ထိရောက်စွာ အရေးယူမည်

အသိပေးကြေညာချက်

နေ့စဉ် နိုင်ငံတော်အတွက် လိုအပ်သော ကုန်စည်များအတွက် အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်၊ ထိုင်းဘတ်၊ အိန္ဒိယရူပီးတို့ကို FX Online Trading Platform တွင် AD လိုင်စင်ရ ဘဏ်များမှတစ်ဆင့် သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးလျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website နှင့် နေ့စဉ်နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ် ဧပြီလမှ ယနေ့ထိ FX Online Trading Platform နှင့် AD လိုင်စင်ရဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၂၁၁ ဒသမ ၂ သန်း၊ တရုတ်ယွမ် ၁၉၀၇ ဒသမ ၁ သန်း၊ ထိုင်းဘတ် ၆၇၁၂ ဒသမ ၈ သန်း၊ အိန္ဒိယရူပီး ၇၄ ဒသမ ၅ သန်းခန့်တို့ကို သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များတင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ ၁၇၀၃ သန်းခန့်ကို ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

ကြာနှာပုံ ယနေ့ ဇတ်စရာ

ကျန်းမာရေးနှင့် ညီညွတ်သော ဆီထုတ်လုပ်နိုင်ရေး ပဲပုပ်အထွက်တိုးနည်း သုံးစွဲပေး(အပိုင်း-၂)

ဆောင်းပါး

စာမျက်နှာ - ၁၀

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊အမျိုးသမီးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ စတင်ကျင်းပသည်။

ယနေ့ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပညာရေးဝန်ကြီးဌာနအသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့်

စာမျက်နှာ ၂၅ ကော်လံ ၄ ◆

> ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ကိုးလုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများကို

စာမျက်နှာ ၂၆ ကော်လံ ၁ ●

မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊လျှပ်စီးလက်ခြင်း၊မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/၈လ)